# ENGLISH FOR EVERYONE

တစဉ်-၃



နိုင်ငံရေး

# ပြောကြမယ်

နိုင်သစ်

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာအုပ် ၆၃

# နိုင်ငံရေးပြောကြမယ်

နိုင်သစ်

ကျော်မွေး
အမှတ်-၁၂ ဘီ၊ ဒုတိယအလွှာ၊ စက်တွင်းလမ်း၊
ဆင်ခင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၀ ၅၇၇၉၁

<u>စာမူခွင့်ပြုချက်အမှတ်</u> ၃၁၀၁၂၃၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၁၀၁၃၀၁၁၁၀
ပုံနှိပ်ခြင်း – ပထမကြိမ်၊၂၀၁၀၊ဒီဇင်ဘာ 'ကျော်မွေး'
အုပ်ရေ – ၅၀၀
ကွန်ပြူတာစာစီ – **NIGE**
မျက်နှာဖုံး – ပုပု
အတွင်းဖလင် – 'ပုံရိပ်ရှင်' အောင်ဇော်
ထုတ်ဝေသူ – ဒေါ်သင်းသင်းမွန်၊သင်းစာပေ
အမှတ်(၁၀)ရတနာမြိုင်လမ်း၊၁၂ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်– မုံရွေး၊
၈၀/ခသံလွင်လမ်းဗဟန်းမြို့နယ်ရန်ကုန်မြို့။
စာအုပ်ချုပ် – ကိုမြင့်
တန်ဖိုး – ၁၀၀၀ကျပ်

နိုင်သစ် ၃၂၀
နိုင်ငံရေး ပြောကြမယ် / နိုင်သစ် ရန်ကုန်။
သင်းစာပေ၊ ၂၀၁၀။
၁၂၀–စာ၊၁၀×၁၆ စင်တီ။
(၁) နိုင်ငံရေး ပြောကြမယ်

## စာရေးသူ၏ အမှာ

နိုင်ငံရေးဝေါဟာရအများစုမှာ အင်္ဂလိပ်ဝေါဟာရ ဖြစ်သည်။ ဥပမာ Democracy - ဒီမိုကရေစီ၊ boycott - ဘွိုင်ကော့၊ watergate - ဝေါ်တားဂိတ်၊ Asean - အာဆီယံ စသည်တို့ပင်ဖြစ်သည်။ နိုင်ငံရေး ဝါသနာအိုးများသည် ထို ဝေါဟာရများနှင့် ရင်းနှီးကောင်း ရင်းနှီးမည်ဖြစ်သော်လည်း သာမန်လူတစ်ယောက်အနေဖြင့် ထိုစကားလုံးများကို သိမီရန် မလွယ်ပါ။ အထူးသဖြင့် ထိုစကားလုံးတိုင်းတွင် နောက်ခံ သမိုင်းကြောင်းရှိပြီး ထိုသမိုင်းကြောင်း အနေအထားအရ လက်ရှိကဏ္ဍတွင် သုံးစွဲသည်ဖြစ်ရာ 'This is another Watergate' 'ဒါက နောက်ထပ်ဝေါ်တားဂိတ် တစ်ခုပဲ'ဟု သတင်းစာခေါင်းကြီး ကဆိုသောအခါအရ watergate တစ်နည်း မူလ ဝေါ်တားဂိတ်က ဘာလဲဆိုသည်ကို သိရှိထားရန်လိုအပ်သည်။

ဤအချက်ကို ရည်ရွယ်လျက် ဤစာစုတွင် လက်လှမ်းမီရာ နိုင်ငံရေးစကားလုံးများကို ရှင်းလင်းဖော်ပြထားပါသည်။ တတ်နိုင်သမျှ နိုင်ငံရေးဝေါဟာရများ သက်သက်ကို ရွေးနှုတ်တင်ပြရန် ကြိုးစားပါ သော်လည်း နိုင်ငံရေးပညာရပ်၏ သဘာဝအတိုင်းပင် အသုံးအနှုန်း ဝေါဟာရများသည် စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးစကားလုံးများနှင့် ထွေးရောယှက်၍ ဖြစ်နေသည်ကို တွေ့ရပါမည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးကို ဇောင်းပေးထားပါသောကြောင့် ဤစာစုများကို နိုင်ငံရေး စာစုများဟု အမည်သညာပြု၍ နိုင်ငံရေးအသိပညာ တိုးပွားစေရန် ရည်သန်ပြုစုလိုက်ရပါသည်။

*စာ ပေ စေ တ နာ ဖြင့်*
*နိုင် သစ်*

## ABDICATE

Abdicate ဆိုတာ ထီးနန်းစွန့်တာပဲ။ သမိုင်းမှာ ပြန်ကြည့်ရင် စိတ်လိုလက်ရ ထီးနန်းစွန့်တဲ့ဘုရင် ရှားပါတယ်။ ခေတ်ပေါ်သမိုင်းနဲ့ ကြည့်ရင် ၁၉၅၀-ခု စောစောပိုင်းကာကလ ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့မင်းသားရှိခဲ့တယ်။ သူ့ဖခင်သေတော့ သူက ဆဋ္ဌမမြောက် ဂျော့ခ်ဘုရင်အနေနဲ့ နန်းတက်ဖို့ပဲ။ ဒါပေမယ့် သူက အချစ်ကိုဦးစားပေးသူ လုပ်သွားခဲ့တယ်။ ထီးနန်းစွန့်ခါမှ သူ့ချစ်သူ အမေရိကန်သူ တစ်ခုလပ်မနဲ့ လက်ထပ်ခွင့်ရမယ်ဆိုတာနဲ့ ထီးနန်းစွန့်သွားခဲ့တယ်။ သူ့ညီမက ဗြိတိန်နိုင်ငံရဲ့ ဒုတိယမြောက် အဲလစ်ဇဘက်ဘုရင်မ ဖြစ်သွားခဲ့တယ်။ အခုခေတ် သမ္မတတွေ ဝန်ကြီးချုပ်တွေနဲ့ ပတ်သက်ရင်တော့ resigned နုတ်ထွက်သည်လို့ပဲ သုံးလေ့ရှိတယ်။ အရပ်စကားအနေနဲ့ step down ဆင်းပေးသည်။ quit နုတ်ထွက်သည်လို့လည်း သုံးလေ့ရှိတယ်။

## ABOLISH

Abolish ဆိုတာ ပယ်ဖျက်ခြင်းပဲ။ အမိန့်အာဏာပြဋ္ဌာန်းချက် တစ်ခုကို ဖျက်သိမ်းလိုက်တာလည်း abolish ပဲ။ နေရာဌာန အဆောက်အအုံတစ်ခုကို အကြွင်းမဲ့ဖျက်သိမ်းပစ်လိုက်တာကလည်း abolish ပါပဲ။

## ABSOLUTISM

Absolute ဆိုတာ အကြွင်းမဲ့။ Absolutism ဆိုတာကျတော့ အကြွင်းမဲ့အာဏာရှင်ဝါဒလို့ ဆိုရလိမ့်မယ်။ တစ်နည်း

ပြောရရင် absolute menarchy သက်ဦးစံပိုင်ဘုရင် ဝါဒပါပဲ။ ကမ္ဘာ့သမိုင်းမှာတော့ ဥရောပ ၁၆-ရာစုနှစ်ကနေ ၁၇-ရာစုနှစ်ကုန်အထိ နှစ်ပေါင်း ၂၀၀ ကာလကို သက်ဦးစံပိုင် ဘုရင်စနစ်ရဲ့ အထွဋ်အထိပ်ကာလလို့ သတ်မှတ်ပြီး ပြင်သစ်နိုင်ငံရဲ့ ဆယ့်လေးဆက်မြောက် လူးဝီဘုရင်ကို အပြင်းဆုံး သာဓကအဖြစ် သတ်မှတ်ကြတယ်။ သက်ဦးစံပိုင်ဘုရင်စနစ်ကို အကောင်းမြင်ခဲ့ဆုံးပုဂ္ဂိုလ်ကတော့ ဒဿနပညာရှင်ကြီး သောမတ်စ်ဟော့ဗ် Thomas Hobbes ပဲ။ လူဟာ အတ္တကြီးတယ်၊ ရန်လိုတယ်၊ ဒါ့ကြောင့် လူကို လူ့အန္တရာယ်ကနေ ကာကွယ်ဖို့ အကြွင်းမဲ့အာဏာရှင် လိုအပ်တယ်လို့ သူက ဆိုခဲ့တယ်။ သက်ဦးစံပိုင်စနစ်ဟာ ဗြိတိန်နိုင်ငံမှာ ၁၆၈၈-ခုနှစ်၊ ဥရောပတိုက်မှာ ၁၉-ရာစုနှစ် စောစောပိုင်းကာလက ပျက်သုန်းသွားတယ်။ ဂျာမဏီ၊ အီတလီနယ်စားပယ်စားဒေသတွေနှင့် ရုရှားနိုင်ငံမှာ ၁၉-ရာစုနှစ်ကုန်ခါနီးအထိ တည်မြဲနေခဲ့တယ်။

## ABSTAIN

Abstain ဆိုတာ ကင်းပစွာနေခြင်းပဲ။ သာမန်အနေနဲ့ပြောရင် မသောက်မစားနေသည်၊ ရှောင်ရှားသည်၊ ဥပုသ်သီလစောင့်တည်သလို ရှောင်ရှားသည်က abstain ပဲ။ နိုင်ငံရေးအရပြောရင်တော့ မဲဆန္ဒမထည့်ဘဲနေတာ။ ကိစ္စရပ်တစ်ခုမှာ ပါဝင်ပတ်သက်ခြင်း မရှိတာဘဲ။ ဒါပေမယ့် ကြားနေတဲ့သဘောမျိုး ကင်းကွာတာမဟုတ်ဘူး။ မနှစ်လိုလို့ မပါဝင်မပတ်သက်ကင်းကွာတဲ့သဘောပိုရှိတယ်။

## ACCESSION

ရာထူးဌာနတစ်ခုကို တက်လာတာ ရယူတာကို accession လို့ သုံးလေ့ရှိတယ်။ ဒါပေမယ့် တကယ်တမ်းဆိုရင် ဒီစကားလုံးက နန်းတက်တာနဲ့ပဲ ဆိုင်သင့်တယ်။ ဘာလို့ဆိုတော့ တရားဝင်ရပိုင်ခွင့်ရှိတာကို ရယူတာလို့ အနက်အဓိပ္ပာယ်ရှိတယ်။ တခြားသူတစ်ယောက်က ရာထူးရယူလာတာကို advent လို့ သုံးတာများတယ်။ ဒါပေမယ့် အဲဒီ advent ကိုပဲ အက္ခရာစာလုံးကြီးနဲ့ Advent လို့ရေးရင် ခရစ်စမတ်ကာလ မတိုင်ခင် ရက်သတ္တပတ်လေးပတ်ကို ရည်ညွှန်းတဲ့ ဘာသာရေး စကားလုံး ဖြစ်သွားတယ်။

## ADMINISTRATION

Administration ကို ယေဘုယျပြန်ဆိုရင် အုပ်ချုပ်ရေး အဖွဲ့လို့ ဆိုရလိမ့်မယ်။ ဒါပေမယ့် မျက်မှောက် စာနယ်ဇင်း တွေမှာ အစိုးရအဖွဲ့ကို ရည်ညွှန်းရင် administration လို့ သုံးလေ့ရှိတယ်။ အထူးသဖြင့် အမေရိကန်အစိုးရအဖွဲ့ The U.S. administration လို့ သုံးလေ့ရှိတယ်။

## ADOPT

Adopt ဆိုတာကတော့ ဥပဒေတစ်ခု ပြဋ္ဌာန်းသည်၊ သတ်မှတ် သည်၊ ခံယူသည်ပဲ။ The congress will adopt a resolution to abolish the Hallmain's act... ကွန်ကရက်သည် ဟောလ်မိန်း၏ အက်ဥပဒေ ကို ဖျက်သိမ်းရန် အမိန့်တစ်ခု ပြဋ္ဌာန်းမည်လို့ သုံးစွဲလေ့ရှိတယ်။ လူတွေ သိပ်ရင်းနှီးတဲ့ adopt

ကတော့ မွေးစားသည်ပဲ။ ကလေးမွေးစားတာကို adoption လို့ခေါ်တယ်။

## AFFAIR

Affair ကို ယေဘုယျအားဖြင့် ရေးရာလို့ ဘာသာပြန်ရလိမ့်မယ်ထင်တယ်။ Public Affairs ဆိုရင် ပြည်သူ့ရေးရာ Foreign Affairs နိုင်ငံခြားရေးရာဆိုပဲ၊ ဒါပေမယ့် affairs မှာ ပွေရှုပ်တဲ့သဘောလည်း ရှိတယ်။ ဒါကြောင့် She's having an affair ဆိုရင် ကောင်မရှုပ်နေတယ်ဆိုတဲ့ အနက်အဓိပ္ပာယ်သက်ရောက်တယ်။

## AMBASSADOR

Ambassador ဆိုတာ သံအမတ်ပဲ။ ဒါပေမယ့် ဒီသံအမတ်က သံတမန် diplomat အကြီးအကဲအဆင့်လောက်ရှိတယ်။ Plenipotentiary လို့ဆိုရင်တော့ သူကိုယ်စားပြုတဲ့တိုင်းပြည်ရဲ့ ခေါင်းဆောင်လို လုပ်ပိုင်ခွင့် အာဏာအပြည့်အဝရှိတဲ့ သူဖြစ်တယ်။ Diplomat ကတော့ သံအရာရှိ မှန်သမျှကိုခေါ်ဆိုတဲ့ ဂုဏ်ဒြပ်အမည်ပါပဲ။ သံတမန်မှန်သမျှမှာ သံတမန်အခွင့်အရေးရှိတယ်။ လွတ်လပ်စွာ လုပ်ပိုင်ခွင့်တွေရှိတယ်။ ဒါ့ကြောင့် coldwar စစ် အေးကာလလို့ခေါ်တဲ့ ဒုတိယကမ္ဘာရဲ့ နောက်ပိုင်းကာလကနေ ကွန်မြူနစ်နိုင်ငံတွေ ပြိုပျက်တဲ့ ၁၉၉၀-ခုနှစ်ကာလလောက်အထိ သံတမန်အခွင့်အရေးကို အသုံးပြုပြီး အင်အားကြီးနိုင်ငံတွေ အပြန်အလှန် သူလျှိုလုပ်ခဲ့တာတွေများတယ်။ ရှေးခေတ်ကာလကတော့ သံတမန်တွေရဲ့

ဘဝက မျက်ခုံးခပ်လှုပ်လှုပ် ဖြစ်ခဲ့ရတယ်။ သူတို့သွားတွေ့ရတဲ့ မင်းက ဘဝင်မကျရင် ခေါင်းဖြတ်သတ်ခံရလေ့ရှိခဲ့တယ်။

## APOLITICAL

Political ဆိုတာကတော့ နိုင်ငံရေးနှင့်သက်ဆိုင်သော လို့ အဓိပ္ပာယ်ရပြီး apolitical ကတော့ နိုင်ငံရေးနှင့် မသက်ဆိုင်သော မပတ်သက်သော မပါဝင်သောလို့ အဓိပ္ပာယ်ဆောင်တယ်။ မြန်မာစကား မင်္ဂလာကို အမင်္ဂလာလုပ်ရင် ဆန့်ကျင်ဘက်အဓိပ္ပာယ် ရှိသွားသလိုပါပဲ။ ခေါမဒဿနပညာရှင်ကြီး အရစ်တိုတယ် Aristotle က Man is a political animal လူသည် နိုင်ငံရေးသတ္တဝါပင်ဖြစ်သည်လို့ ဆိုပေမယ့် လက်မခံတဲ့သူကတော့ Man is an apolitical animal လို့ ကိုယ့်ဆောင်ပုဒ်သစ် လွယ်လွယ်ဖန်တီးနိုင်အောင် အဆင်ပြေတဲ့ စာလုံးပေါင်းပါပဲ။

## APPEASEMENT

Appeasement က လွယ်လွယ်ပြောရရင် ချေပြည်အေးဝါဒပါပဲ။ ရန်သူကို အချိုကျွေး၊ အလျှော့ပေး၊ အလိုလိုက်နဲ့ ပြေလည်အောင် ကြိုးစားမှုပါပဲ။ ဒုတိယကမ္ဘာစစ် မတိုင်ခင်ကာလမှာ ဟစ်တလာကို လိုက်လျောခဲ့ရပုံပေါ့။ ပထမကမ္ဘာစစ်က ဆုံးရှုံးထားတဲ့ နယ်ပယ်တွေကို ပြန်သိမ်းဖို့ တိတ်တဆိတ်အင်အား တည်ဆောက်ထားခဲ့တဲ့ ဟစ်တလာကို ခုခံတိုက်ခိုက်ဖို့ အင်အားမရှိတဲ့ ဗြိတိန်နိုင်ငံ ပြင်သစ်နိုင်ငံတို့ဟာ ဟစ်တလာ၊ ဩစတြီးယားကို ပြန်သိမ်းပိုက်တာ ချက်ကိုစလိုဗက် နိုင်ငံက ဆူဒီတန်လန်ဒေသကို ပြန်သိမ်းပိုက်တာတွေကို စာချုပ်စာတမ်း

လက်မှတ်ရေးထိုးပြီး တစ်ဘက်လှည့်မသိ ကျိုးကျွံပြုခဲ့ရတယ်။ အဲဒီလို လိုက်လျောပေးဆပ်မှုကို appeasement လို့ခေါ်တယ်။ အနောက်တိုင်း နိုင်ငံရေးသမိုင်းဝင် ဒီ appeasement ကို ၁၉၃၈-ခုနှစ် Munich Pact မြူးနစ်စာချုပ်လို့ခေါ်တယ်။ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့ မြူးနစ်မြို့မှာ တွေ့ဆုံဆွေးနွေးပြီး ချက်ကိုစလိုဗက်နိုင်ငံမှာရှိတဲ့ ဆူဒီတန်လန် ဒေသကို ဂျာမဏီနိုင်ငံက သိမ်းပိုက်ပြီး သိမ်းပိုက်ဒေသကို ဂျာမနီပိုင်အဖြစ် တရားဝင် အသိအမှတ်ပြုဖို့ ဟစ်တလာရယ်၊ မူဆိုလိုနီရယ်၊ ပြင်သစ်ဝန်ကြီးချုပ် ဒါလာဒီအာနှင့် ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြတယ်။ အဲဒီ နယ်မြေပေးအပ်ပွဲလေးမှာ နယ်မြေပိုင်ရှင် ချက်ကိုစလိုဗက်နိုင်ငံ မပါဝင်ခဲ့ဘူး။ ဒါပေမယ့် နိုင်ငံကြီးတွေက နိုင်ငံလေးတွေကို သူတို့သဘောကျ ခွဲဝေပိုင်းခြားယူကြတဲ့အဖြစ်တွေက လူ့သမိုင်းစဉ် တစ်လျှောက်မှာ အများကြီးပါပဲ။

## ARISTOCRACY

Aristocracy ကတော့ ပဒေသရာဇ်စနစ်ပါပဲ။ ဘုရင် မြို့စားစသည်တို့က ကုန်ထုတ်အရင်းအနှီးများကို ပုဂ္ဂလိကပစ္စည်း အဖြစ် ပိုင်ဆိုင်ခြယ်လှယ်သော လူနေမှုစနစ်ကို ပဒေသရာဇ် စနစ်ဟု ခေါ်သည်လို့ မြန်မာအဘိဓာန်ကဆိုထားတယ်။

Aristocracy ဟာ လူနည်းစုအုပ်ချုပ်ရေးစနစ်လို့ ဆိုညွှန်းတဲ့ oligarchy စနစ်နှင့် နည်းနည်းပဲခြားတယ်။ လက် တစ်ဆုပ်စာ လူနည်းစုက ဩဇာအာဏာမှန်သမျှ စီးပွားရေး

လုပ်ငန်းမှန်သမျှကို လက်ဝါးကြီးအုပ် ခြယ်လှယ်ခြင်းပါပဲ။ ရှေးခေတ်ကာလကတော့ ဂရိမြို့ပြနိုင်ငံတွေဖြစ်တဲ့ သီဘိစ် Thebies နှင့် ကိုရင်းန် Corinth တို့ကို သာဓကအဖြစ်ပြကြတယ်။ ဂေါမတွေကတော့ aristocracy နှင့် oligarchy ကို သီးသီးခြားခြားခွဲခြားတယ်။ Oligarchy ကို သူကြွယ်များကိုယ်ကျိုးရှာမသမာအုပ်ချုပ်သောစနစ်လို့ ဆိုညွှန်းပြီး aristocarcy ကိုတော့ ပြည်သူများအကျိုးအတွက် အတော်ဆုံးလူတို့ အုပ်ချုပ်သောစနစ်ကိုဆိုညွှန်းတယ်။

## ASSASSINATION

နိုင်ငံရေး ဒါမှမဟုတ် ဘာသာရေးအကြောင်းတရားကြောင့် သတ်ဖြတ်ခြင်း၊ နိုင်ငံရေး၊ ဘာသာရေးခေါင်းဆောင်ကို သတ်ဖြတ်ခြင်းကို assassination လုပ်ကြံသတ်ဖြတ်ခြင်းလို့ ရည်ညွှန်းလေ့ရှိတယ်။ မျက်မှောက်ကာလမှာ လုပ်ကြံသတ်ဖြတ်ရေးသမားအသွင် အမျိုးမျိုးရှိတယ်။ ခံယူချက်ကြောင့်ဖြစ်စေ ဝါဒမှိုင်းကြောင့်ဖြစ်စေ၊ မူးယစ်ဆေးဝါးတိုက်ပြီး စေခိုင်းခံရတာမျိုးဖြစ်စေရှိတယ်။

တကယ်တမ်းဆို assassin လုပ်ကြံသတ်ဖြတ်ရေးသမားဆိုတဲ့ အင်္ဂလိပ်စကားလုံးဟာ အာရဘီစကားလုံး အဆင်းဆက်လာပြီး အနက်အဓိပ္ပာယ်ကတော့ 'ဆေးခြောက်မှီဝဲသူ'ဖြစ်တယ်။ ဒီ assassins ဟာ အေဒီ ၁၀၉၀-ခုနှစ်မှာ 'တောင်တန်းပေါ်မှ အဖိုးအို'လို့ ရည်ညွှန်းခံရတဲ့ ဟာဆန်အစ်ဆာဘာ Hasani-Sabah ဆို သူထူထောင်ခဲ့တဲ့ မွတ်စလင် လျှို့ဝှက်ဂိုဏ်း

တစ်ဂိုဏ်းမှာ အခြေခံတယ်။ ဆာဘာဟာ သူလိုလားတာ အထမြောက်အောင် လုပ်ကြံသတ်ဖြတ်မှုတွေ စနစ်တကျစီစဉ်လေ့ရှိခဲ့ပြီး သူလိုအပ်တာ ပြီးမြောက်အောင် စွမ်းဆောင်နိုင်တဲ့ တပည့်တပန်းတွေကို ဥစ္စာဓနအလျှံပယ်ချီးမြှင့်ခဲ့တယ်။ ၁၂-ရာစုနှစ်မှာ ဒီဂိုဏ်းဟာ ဆီးရီးယားနိုင်ငံအထိ ထိုးဖောက်ဝင်ရောက် ဩဇာခြံ့ထွင်လာခဲ့တယ်။ ၁၂၅၆-ခုနှစ်မှာ ဟူလာဂူခန်း Hulagu Khan ဟာ ပါးရှားလုပ်ကြံသတ်ဖြတ်ရေးသမားတွေကို ခြေမှုန်းနိုင်ခဲ့ပြီး ဆီးရီးယားဂိုဏ်းကိုတော့ အီဂျစ်ခါလစ်ဘုရင်ကိုယ်ရံတော်တပ်ဖွဲ့တွေက အပြီးအပြတ် သုတ်သင်ရှင်းလင်းလိုက်တယ်။

## ARAB LEAGUE

Arab League ဟာ ၁၉၄၅-ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ ကိုယ့်မင်းကိုယ်ချင်းအရပ်နိုင်ငံပေါင်းစု အဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်။ အဖွဲ့စည်းရဲ့ ယေဘုယျ ရည်ရွယ်ချက်ကတော့ အာရပ်နိုင်ငံအချင်းချင်း ပို၍စည်းရုံးရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဖြစ်ခဲ့တယ်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ ရုံးစိုက်ခဲ့တယ်။ မူလ အဖွဲ့ဝင်တွေကတော့ အီဂျစ်၊ အာရပ်၊ ဂျော်ဒန်၊ လစ်ဘာနွန်၊ ဆော်ဒီအာရေးဘီယား၊ ဆီးရီးယားနှင့် ရီမန်းတို့ ဖြစ်ခဲ့တယ်။ နောက်ပိုင်းမှာ လစ်ဘျား၊ မော်ရိုကို၊ ဆူဒန်နှင့် တူနီရှားတို့ ပါဝင်ခဲ့တယ်။ Arab League က အစ္စရေးလ်နိုင်ငံကို စီးပွားရေး ပိတ်ဆို့မှုပြုခဲ့တယ်။ အစ္စရေးနိုင်ငံနှင့် ကုန်သွယ်မှုပြုတဲ့နိုင်ငံတွေနဲ့ ကုန်သွယ်မှုမပြုရေးပါ

ပါဝင်ခဲ့တယ်။ ဒါပေမယ့် အဖွဲ့အစည်းဆောင်ရွက်ချက် အထ မမြောက်ခဲ့သလို အချင်းချင်း ပဋိပက္ခကြောင့် အဖွဲ့အစည်း ပျက်ခဲ့ရတယ်။

**ARABS**

Arab အာရပ်တွေဟာ အာရေဘီးရား Arabia အရပ်ဒေသဇာတိ ဆီမိုက်စကားပြော လူမျိုးတွေဖြစ်တယ်။ အာရေဗီးရားဒေသကနေ မကြာမကြာထွက်လာပြီး အနီးအပါးရှိ မြေထဲပင်လယ်ဒေသကို သိမ်းပိုက်လေ့ရှိခဲ့တယ်။ မူလက ခြေသလုံးအိမ်တိုင် ဘီဒိုအင် Bedouin လူမျိုးများ ဖြစ်ခဲ့ပြီး ယခုတိုင်အောင် အဲဒီလိုလှည့်လည်နေထိုင်သူတွေရှိသည်။ ဒါပေမယ့် မက္ကာနှင့် မီဒီနာနှင့် ရီမန်းနိုင်ငံနှင့် ဟာစ်ရာမွဒ် ဒေသတွေမှာ မြို့ပြယဉ်ကျေးမှုတစ်ခု ပေါ်ထွက်လာခဲ့တယ်။ အာရေဘီးယားကျွန်းဆွယ်ကို ပါရှင်းတွေရော၊ ရောမတွေပါ အပြည့်အဝ သိမ်းပိုက်နိုင်ခြင်း မရှိခဲ့ဘူး။ အာရပ်တို့က ရှေးခေတ်ကာလကတည်းက ကျွမ်းကျင်တဲ့ပင်လယ်ကူး သင်္ဘောသားများ ဖြစ်ခဲ့ကြပြီး အိန္ဒိယနှင့် အာဖရိကနှင့် ကုန်သွယ်ခဲ့ပြီး လူနေမှု အသိုက်အမြုံတွေ အသစ်တွေတည်ခဲ့ကြတယ်။ အစ္စလမ် ဘာသာ ထွန်းကားလာတဲ့အခါမှာ အာရပ်တို့ဟာ အိန္ဒိယကနေ အတ္တလန္တိတ်သမုဒ္ဒရာအထိ ကြီးမားကျယ်ပြန့်တဲ့ နိုင်ငံတော်ကြီး တည်ခဲ့တယ်။ အဲဒီနိုင်ငံကြီးဟာ အေဒီ ၆၅၀-ကနေ ၈၅၀-ထိ တည်တံ့ခဲ့တယ်။

**ATHENS**

နိုင်ငံရေးစကား ဒီမိုကရေစီစကားပြောရင် မပါမဖြစ်တဲ့ စကားလုံးကတော့ Athens အေသင်ပါပဲ။ Athens နိုင်ငံဟာ ရှေးခေါမခေတ်က မြို့ပြနိုင်ငံတွေမှာ အရေးပါဆုံးနိုင်ငံဖြစ်ခဲ့တယ်။ ဘီစီငါးရာခုနှစ် ခေါမပုံစံ ဒီမိုကရေစီစနစ်ဟာ အဲဒီနိုင်ငံမှာ စတင်ဖွံ့ဖြိုးလာခဲ့တယ်။ ဘီစီ ၅၀၀-၄၄၉ ခုနှစ်မှာ ဖြစ်ပွားတဲ့ မာရသွန်စစ်ပွဲမှာ ပါရှားတို့ရဲ့ ကျူးကျော်မှုကို တိုက်ခိုက်တွန်းလှန်ရာမှာ အေသင်နိုင်ငံက ဦးဆောင်ဦးဝါ ပါဝင်ခဲ့တယ်။ ပရီကလီရဲ့ခေတ်နှင့် ပရီကလီရဲ့ နောက်ပိုင်းရာစုနှစ်မှာ အေသင်ဟာ နိုင်ငံရေး၊ ပညာရေး၊ အနုပညာရေးရာတို့မှာ နိုးကြားတက်ကြွဆုံးဖြစ်ခဲ့တယ်။ ဖီလိုပွန်နီရှံ စစ်ပွဲကာလမှာ အေသင်နိုင်ငံကို စပါတာနိုင်ငံက သိမ်းပိုက်လိုက်တော့ ဒီရွှေခေတ်ဟာ နိဂုံးချုပ်သွားခဲ့တယ်။ နောက်ပိုင်း အေသင်နိုင်ငံဟာ မက်ဆီဒိုနားဘုရင် ဖီလစ်နှင့် သူ့သားတော် မဟာအာလက်စန္ဒြားလက်ထဲ ကျရောက်ခဲ့တယ်။ ဒါပေမယ့် နိုင်ငံရေးအရ မှေးမှိန်သွားချိန်မှာလည်း အေသင်ဟာ အရစ်တိုတယ်၊ ပလေတိုနှင့် အာရစ်တိုပိန်းတို့လို ဒဿနပညာရှင်တွေကြောင့် ထင်ရှားနေခဲ့ပြီး အနောက်နိုင်ငံရဲ့ ပညာနှင့် ယဉ်ကျေးမှုရဲ့ ပြိုင်ဖက်ကင်းတဲ့ အခြေခံပဌာန်အဖြစ် ဂုဏ်ပြောင်စဲဖြစ်တယ်။

**AUTONOMY**

Autonomy ကို ကိုယ်ပိုင်အစိုးရ ဒါမှမဟုတ် ကိုယ့်မင်းကိုယ့်ချင်း အစိုးရလို့ ဆိုနိုင်တယ်။ ဒါပေမယ့် လက်တွေ့အနေမှာတော့ နိုင်ငံရေးအရ အကြွင်းမဲ့ လွတ်လပ်တဲ့ အနေရှိချင်မှ

ရှိမယ်။ ဥပမာ ဆိုဗီယက်ပြည်ထောင်စုရှိစဉ် ကာလက သူ့လက်အောက်မှာရှိခဲ့တဲ့ တာတာကိုယ့်မင်းကိုယ့်ချင်း နိုင်ငံက အမည်လှလှ တပ်ထားချက်သက်သက်ပဲ ဖြစ်ခဲ့တယ်။ တကယ်တမ်း ကိုယ့်မင်းကိုယ့်ချင်း ပီစေတဲ့နိုင်ငံဟာ ကိုယ့်ဥပဒေ ကိုယ့်အုပ်ချုပ်ရေးအဖွဲ့နဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိတဲ့နိုင်ငံဖြစ်တယ်။ သူ့သဘောနဲ့ ကိုယ်အုပ်ချုပ်မှုမဟုတ်ဘူး။

## AUTARCHY, AUTOCRACY

Autarchy က သက်ဦးစံပိုင်အုပ်ချုပ်ရေးဖြစ်ပြီး autocracy ကျတော့ တစ်ဦး၏သက်ဦးစံပိုင်အုပ်ချုပ်ရေးဖြစ်တယ်။ ဒီမှာ ဘုရင်အုပ်ချုပ်ရေး သီးသန့်ကို ဆိုလိုတာမဟုတ်ဘူး။ မျက်မှောက်ကာလ အာဏာရှင်တွေရဲ့ အုပ်ချုပ်ရေးကိုလည်း ဒီလိုရည်ညွှန်းလို့ရတယ်။

## BA'ATH

Ba'ath ဘတ်ဟာ ပြန်လည်ထွက်ပေါ်မှုလို့ အဓိပ္ပာယ်ရတဲ့ အာရာဗီစကားဖြစ်တယ်။ ၁၉၄၀-ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ အာရပ်ဆိုရှယ်လစ်ပါတီဖြစ်တယ်။ အာရပ်တို့ သွေးစည်းညီညွတ်ရေးကို အဓိကထားပြီး ဆိုရှယ်လစ်စနစ်ဘက်ကို ခပ်တိမ်းတိမ်းရှိခဲ့တယ်။ ဒီမိုကရေစီ လမ်းစဉ်ကိုလိုက်တယ်။ ၁၉၆၀-ခုနှစ်ကာလ အီဂျစ်နိုင်ငံခေါင်းဆောင် နာဆာကို အာဏာရှင်ဆန်လွန်းတယ်လို့ သတ်မှတ်ဆန့်ကျင်ခဲ့တယ်။ အခါအားလျော်စွာ ဆီးရီးယားနှင့် အီရတ်မှာ အာဏာရခဲ့တယ်။ ဆာဒမ်ဟူစိန်ရဲ့ ပါတီဖြစ်ခဲ့တယ်။

## BALANCE OF POWER

Balance of Power ကို ယေဘုယျအားဖြင့် အာဏာဟန်ချက်လို့ ဆိုနိုင်တယ်။ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံကို လွှမ်းမိုးလို့မရအောင် သူ့လူကိုယ့်လူ အင်အားစုခြင်းမျိုးဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ပြီး စစ်အေးတိုက်ပွဲကာလမှာ ဆိုဗီယက်က တပည့်မွေး အင်အားစုသလို အမေရိကန်က တပည့်မွေး အင်အားစုတာဟာ အပြန်အလှန် အာဏာဟန်ချက်ညီမှု တစ်နည်း သူမသာကိုယ်မသာဖြစ်အောင် ကြိုးပမ်းမှုတစ်ရပ် ဖြစ်တယ်။

## BASTILLE

Bastille ဘားစ်တီလ်လို့ဆိုလိုက်ရင် နိုင်ငံရေးအကျိုးဆောင်မှန်း သမိုင်းလေ့လာသူတိုင်း သိကြတယ်။ Bastille ဟာ တကယ်တော့ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိုးဟောင်းထဲမှာရှိတဲ့ ခံတပ်တစ်ခုဖြစ်တယ်။ Bourbons ဘောဘွန်မင်းဆက်လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ချုပ်နှောင်ထားတဲ့နေရာ ဖြစ်လာပြီး တော်ဝင်တွေရဲ့ ဖိနှိပ်အုပ်ချုပ်မှုကို ဆန့်ကျင်အာခံမှု နိမိတ်ဆောင်လာတယ်။ ၁၇၈၉-ခုနှစ်၊ ဇူလိုင်လ၊ ၁၄-ရက်နေ့မှာ ပါရီမြို့လူအုပ်ကြီးက အဲဒီအကျဉ်းထောင်ကို ရွေးချယ်စီးနင်းတိုက်ခိုက်သိမ်းပိုက်ပြီး သုံးရောင်ခြယ်တော်လှန်ရေးအလံကို အဆောက်အဦထက်မှာ လွှင့်ထူခဲ့ကြတယ်။ နောက်ပိုင်းတော့ အဲဒီ ဇူလိုင်လ၊ ၁၄-ရက်နေ့ကို ပြင်သစ်အမျိုးသားနေ့လို့ သတ်မှတ်ခဲ့တယ်။

**BANDWAGON**

Bandwagon ဆိုတာကို တိုက်ရိုက်ဘာသာပြန်ရင် တီးဝိုင်းလှည်းလို့ ပြန်ဆိုရလိမ့်မယ်။ ဒါပေမယ့် climb the bandwagon ဒါမှမဟုတ် jump on the bandwagon ဆိုရင် လူကြိုက်များ ဒါမှမဟုတ် အောင်မြင်နေတဲ့ အရေးကိစ္စတစ်ခုမှာ ခါတော်မီပါဝင်ပတ်သက်တာလို့ အဓိပ္ပာယ်ရတယ်။ သာဓက အနေနဲ့ပြောရရင် ဥပမာ Green Peace လို့ ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုမှာ ဘုမသိဘမသိနဲ့ ပါဝင်တာမျိုးကို ဆိုလိုတယ်။

**BALLOT**

ဆန္ဒမဲပြားကတော့ ballot ပဲ။ ဒီစက္ကူမဲပြားလေးဟာ ဘာမှမဟုတ်ဘူးလို့ ထင်ရလောက်အောင် သေးမွှားပေမယ့် အင်မတန်ဩဇာရှိတယ်။ ရွေးကောက်ပွဲတစ်ခုမှာ မဲအရေအတွက် တစ်ခုသာတာနဲ့ပဲ အဲဒီသာတဲ့သူဟာ အရွေးကောက်ခံရတယ်။ ဒါကြောင့် မဲဆန္ဒပေးခွင့်ရှိသူတွေအားလုံး မဲပေးကြဖို့ အတိုက်အခံအဖွဲ့အစည်းအားလုံးက နည်းအဖုံဖုံနဲ့ ဆွယ်လေ့ရှိတယ်။ နောက် နိုင်လိုဇောနဲ့ မဲပြားလိမ်တာတွေ အစဖျောက်တာတွေ ဖောင်းပွပြတာတွေကလည်း နိုင်ငံရေးလောကမှာ ရှုပ်ထွေးနေကျ ကိစ္စရပ်ပဲ။ Ballot နှင့် ဒွန်တွဲကြုံတွေ့ရတဲ့အရာတွေကတော့ ballot box ဆိုတဲ့ ဆန္ဒမဲပုံးရယ်၊ ballot papers လို့ခေါ်တဲ့ ဆန္ဒမဲဆိုင်ရာ စာရွက်စာတမ်းတွေပဲ။

## BOLSHEVIHS

Bolshevihs ဘော်ရှီဗစ်ဟာ ရုရှားစကား bolshinstvo က ဆင်းသက်လာတယ်။ အနက်အဓိပ္ပာယ်ကတော့ အများစုပဲ လီနင်ဦးဆောင်တဲ့ လက်ဝဲအများစု ဘော်ရှီဗစ်တွေဟာ ၁၉၀၃-ခုနှစ်၊ လန်ဒန်မြို့မှာ ကျင်းပတဲ့ ရုရှားဆိုရှယ်ဒီမိုကရေတစ်ပါတီ ကွန်ကရက်မှာ နှစ်ဖွဲ့ကွဲသွားခဲ့တယ်။ အကြမ်းဖက်တော်လှန်ရေးကို လိုလားတဲ့ ဘော်ရှီဗစ်နှင့် အပျော့ဆွဲတော်လှန်ရေးဘက် အားသန်တဲ့ မင်ရှီဘစ်တို့ လို့ဖြစ်သွားခဲ့တယ်။ ၁၉၁၇-ခုနှစ်၊ အောက်တိုဘာလမှာ အလုပ်သမားတွေနှင့် စစ်သည်တွေကို ဆိုဗီယက်(ကောင်စီ)တွေက ဦးဆောင်ပြီး မင်ရှီဗစ်ဒေသန္တရ အစိုးရကို တွန်းလှန်ခဲ့တယ်။ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုကို တည်ထောင်လိုက်တယ်။ ဘော်ရှီဗစ်ဝါဒဟာ နောက်တော့ ကွန်မြူနစ်ဝါဒပဲ ဖြစ်လာခဲ့တယ်။

## BOSTON TEA PARTY 1773

၁၇၇၃-ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ Boston Tea Party ဟာ တိုက်ရိုက်ဘာသာပြန်ဆိုလိုက်ရင်တော့ ဘော့စတွန်လက်ဘက်ရည်ပါတီပေါ့။ ဒါပေမယ့် လက်ဘက်ရည်ပါတီမဟုတ်သလို အမေရိကန်နိုင်ငံသမိုင်းမှာ အရေးပါတဲ့ ဖြစ်ရပ်တစ်ခုပဲ။ ၁၇၆၇-ခုနှစ်မှာ ဗြိတိသျှပါလီမန်က အမေရိကန်ကိုလိုနီတွေကို တင်ပို့တဲ့ သွင်းကုန်ပစ္စည်းမျိုးစုံကို အခွန်စည်းကြပ်ဖို့ ဥပဒေပြဋ္ဌာန်းလိုက်တယ်။ ဒါပေမယ့် အမေရိကားတိုက်မှာ အခြေဆိုက်နေထိုင်နေတဲ့သူတွေက လက်မခံချင်ခဲ့ဘူး။ သူတို့ရဲ့ ကိုယ်စားလှယ်မပါရှိဘဲ ဗြိတိန်တွေသဘောအရ စည်း

ကြပ်တာကို လက်မခံဘူးလို့ ငြင်းဆန်ခဲ့ကြတယ်။ ဒါပေမယ့် ဘာမှမတတ်နိုင်ခဲ့ဘူး။ ၁၇၇၀-ခုနှစ်မှာကျတော့ ပြည်သူမလို လားတဲ့ အဲဒီဥပဒေကို ဖျက်သိမ်းလိုက်တယ်။ အရှေ့အိန္ဒိယ ကုမ္ပဏီရဲ့ အကျိုးအတွက်တော့ လက်ဘက်ခြောက် အခွန် ကောက်ခံမှုတော့ ဆက်ပြုခဲ့တယ်။ သူတို့ သဘောတူညီချက် မပါရှိဘဲ သူတို့ကို စည်းကြပ်တဲ့ ဘယ်အခွန်ကောက်မှုကိုမှ လက်မခံနိုင်ကြောင်း ပြသတဲ့အနေနဲ့ အမေရိကန် ကိုလိုနီသား တွေက ဘော့စတွန်မြို့ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ ဗြိတိသျှ သင်္ဘောတွေပေါ် တက်ပြီး သူတို့တွေသယ်ဆောင်လာတဲ့ လက်ဘက်ခြောက်တွေကို ရေထဲပစ်ချခဲ့တယ်။ ဒါဟာ အမေရိကန် တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲရဲ့ အစပျိုးဖြစ်ရပ်တစ်ခုပဲ။

## BOXER REBELLION 1899-1900

၁၈၉၉-၁၉၀၀ ခုနှစ်ကာလမှာ ဖြစ်ပွားခဲ့တဲ့ Boxer Rebellion ဘောက်ဆာသူပုန်တော်လှန်ရေးကလည်း တရုတ် နိုင်ငံရေးသမိုင်းမှာ အတော်ထင်ရှားတဲ့ ဖြစ်ရပ်တစ်ခုပဲ။ တရုတ် နိုင်ငံကနေ နိုင်ငံခြားသားအားလုံး မောင်းထုတ်ဖို့ ဆွဲဆော်ဦး ကြိုးပမ်းချက်တစ်ရပ်ဖြစ်တယ်။ ဘောက်ဆာက တရုတ်အမည် တစ်ခုကို အကြမ်းဖျင်းဘာသာပြန်ထားချက်ပဲ။ လျှို့ဝှက်အဖွဲ့အစည်း တစ်ရပ်ရဲ့ နာမည်ဖြစ်တယ်။ သူတို့က ဘိန်းစစ်ပွဲပြီးနောက်မှာ နန်းစောင့်မိဖုရားခေါင်းကြီးနှင့် မျက်နှာဖြူတွေ ချုပ်ဆိုခဲ့တဲ့ သဘောတူချက်ကို မကျေနပ်လို့ ပီကင်းမှာနေနိုင်တဲ့ နိုင်ငံခြားသား တွေကို တိုက်ခိုက်သတ်ဖြတ်ခဲ့ကြတယ်။ ပီကင်းနေ နိုင်ငံခြားသား

တွေလည်း သံရုံးဝင်းထဲမှာ ခိုလှုံခဲ့ရပြီး နိုင်ငံတကာ တပ်ပေါင်းစု တစ်ဖွဲ့က လာရောက်ကယ်တင်ခါမှာ သံရုံးဝင်းထဲ ဝိုင်းဝန်း ပိတ်ဆို့ခံထားရတဲ့အနေက လွတ်မြောက်ခဲ့တယ်။ အဲဒီကိစ္စ အတွက် တရုတ်ပြည်ဟာ လျော်ကြေးငွေ အတော်ပေးလိုက်ရပြီး နိုင်ငံခြားတိုင်းပြည်တွေကို လုပ်ပိုင်ခွင့်တွေ ပေးလိုက်ရတယ်။

**BOYCOTT**

Boycott ဘွိုင်ကော့ဆိုတဲ့ စကားလုံးကတော့ မြန်မာတွေ အတော်ရင်းနှီးတဲ့ စကားလုံးပါ။ လွတ်လပ်ရေးတိုက်ပွဲဝင်တဲ့ကာလက မြန်မာနိုင်ငံရေးသမားတွေ ကျင့်သုံးခဲ့ကြတဲ့ နည်းနိဿယတစ်ရပ်ပါပဲ။ Boycott ကို တိုက်ရိုက်ပြန်ဆိုရင်တော့ သပိတ်လို့ပဲ ပြန်ရလိမ့်မယ်။ Boycott လုပ်တယ်ဆိုရင် သပိတ်မှောက်တယ်ပေါ့။ လုပ်ရပ်ကတော့ ကိုယ့်လိုလားချက်ပြည့်အောင် လူတစ်ဦး ဒါမှမဟုတ် လုပ်ငန်းတစ်ခု ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံရဲ့ ဝန်ဆောင်မှုကို မပြုဖို့ စနစ်တကျ ရပ်ဆိုင်းခြင်းပါပဲ။ ဒီအသုံးအနှုန်းဟာ အိုင်ယာလန်နိုင်ငံမှာ အစပြုခဲ့တယ်။ မြေယာငှားခ မတန်တဆတောင်းဆိုကြတဲ့ မြေရှင်ယာရှင်တွေကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာ စတင်ဖြစ်ပေါ်လာရတဲ့ အသုံးအနှုန်းပဲ။ ဒီဆန့်ကျင်ရေးသမားတွေဟာ မြေရှင်ယာရှင်ဘက်က ရပ်တည်တဲ့ ဥပဒေဘက်တော်သား ဗိုလ်ကြီးဘွိုင်ကော့ဆိုတဲ့ သူကို ဗွေဆော်ဦးတိုက်ပွဲမှာ နိုင်ခဲ့ကြတာကို အစွဲပြုပြီး ဘွိုင်ကော့ ဖြစ်လာတာပဲ။

တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် စီးပွားရေးပိတ်ဆို့မှုပြုတဲ့ Economic Sanctions တွေကလည်း နိုင်ငံတကာဘွိုင်ကော့

ပုံစံတစ်မျိုးပဲ။ ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှုဆိုတာက အစကနဦးကတည်းက ထိရောက်မှုမရှိခဲ့ဘူး။ ၁၉၃၅-၆ ခုနှစ်မှာ အီသိုးပီးယားနိုင်ငံကို အီတလီနိုင်ငံက ဝင်ရောက်တိုက်ခိုက်တော့ အီတလီကို စီးပွားရေးပိတ်ဆို့မှုပြုပေမယ့် မအောင်မြင်ခဲ့ဘူး။

စီးပွားရေးပိတ်ဆို့မှုဟာ အဲဒီကနဦးမှာ မအောင်မြင်သလို နောင်လည်း မအောင်မြင်ခဲ့ဘူး။ ရှေ့ကဘယ်လိုပဲ ပိတ်ဆို့ထားထား စီးပွားရေးသမားတွေက နောက်ဖေးလမ်းကြောင်းတွေကြံဖန်ရှာပြီး ကုန်သွယ်မြဲကုန်သွယ်ကြတယ်။ ဒါ့ကြောင့် နိုင်ငံချင်း စီးပွားပိတ်ဆို့ရင်း ကြားနိုင်ငံ ဒါမှမဟုတ် ကြားပွဲစားတွေ အဆစ် အကျိုးအမြတ် ပေါ်တာပဲရှိတယ်။

## BRAIN-WASHING

Brain-washing ကို တိုက်ရိုက်ပြန်ဆိုရင် ဦးနှောက်ဆေးကြောခြင်းလို့ အဓိပ္ပာယ်ရတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံရေးအမြင် ပြောင်းလွဲအောင် ဒါမှမဟုတ် သူတို့မကျူးလွန်ခဲ့တဲ့ အပြစ်ကို ကျူးလွန်တယ်လို့ ပြောလာအောင် ပြုမိတယ်လို့ ထင်လာအောင် စိတ်ဓာတ်ရေးရာပိုင်း ညှင်းပန်းနှိပ်စက်တာဖြစ်တယ်။ စစ်အာဏာရှင်အစိုးရတွေလက်အောက်မှာ ကျင့်သုံးခဲ့တဲ့နည်းလည်းဖြစ်တယ်။ ဦးနှောက်ဆေးကြောမှုရဲ့ ပုံမှန်အခန်းကဏ္ဍကတော့ သဘောတရားရေးရာ ပြုပြင်ပညာပေးခြင်းနဲ့ဆိုင်တယ်။ အဲဒီလိုလုပ်တဲ့အခါမှာ လူတွေနဲ့ အဆက်အသွယ်ကင်းမဲ့ သီးသီးကင်းကင်းဖြစ်အောင် တိုက်ပိတ်တာ နေ့မှန်းညမှန်း၊ အဖြူမှန်းအနီမှန်း ကိုယ်ဘယ်သူမှန်းမသိတော့

အောင် လုပ်တာတွေရှိတယ်။ အဲဒီလို 'စိတ်ပျက်'နေတဲ့အချိန်မှာ ရေရှည်စစ်ဆေးမေးမြန်းခြိမ်းခြောက်မှုတွေပြုတယ်။ နောက်တော့ တိုးတက်လာမှုအတွက် ဆုလာဘ်ချီးမြှင့်တယ်။ တကယ်တမ်းတော့ ဒါတွေက ပုလိပ်လုပ်ထုံးတွေဖြစ်ပြီး ဒါကိုပိုပြီး အရှိန်အဟုန်မြှင့် နိုင်ငံရေးအရ အသုံးပြုတာဖြစ်တယ်။ ဒါပေမယ့် ဘယ်လိုပဲ ဦးနှောက်ဆေးကြော၊ ဆေးကြောခံရတဲ့သူက နီးရာ ဓားကြောက်တဲ့ပုံစံ သူ့လက်ခုပ်ထဲက ရေဖြစ်နေတုန်းတော့ ခံယူချက်ရှိတဲ့ဟန်ရှိပေမယ့် ပုံမှန်အသိုင်းအဝိုင်းထဲ ပြန်ရောက်သွားရင်ပဲ အရင်အတိုင်းဖြစ်တတ်တယ်။ တစ်ခါတရံတော့ ညှင်းပန်းနှိပ်စက်မှုဒဏ်ကြောင့် ပိုပြီးခံယူချက်တွေ တင်းမာလာတာမျိုးရှိတတ်တယ်။

## BRITISH COMMONWEALTH OF NATIONS

ဗြိတိသျှနေ သဟာယနိုင်ငံများအဖွဲ့ဟာ ၁၈၄၀-ခုနှစ် ကနေဒါနိုင်ငံကို ကိုယ့်မင်းကိုယ့်ချင်းအစိုးရ တည်ခွင့်ပေးပြီးနောက် တဖြည်းဖြည်း လွတ်လပ်ခွင့်ပေးခဲ့တဲ့ ကိုလိုနီနိုင်ငံဟောင်းတွေ စုပေါင်းဖွဲ့စည်းထားချက်ဖြစ်တယ်။ ကနဦးမှာတော့ ဥရောပသားတွေပဲ ပါဝင်ခဲ့တယ်။ (ကနေဒါ၊ ဩစတေးလျ၊ နယူးဇီလန်၊ တောင်အာဖရိက)ကိုယ်ပိုင်အစိုးရနဲ့ ရပ်တန့်ပေမယ့် ဗြိတိသျှဘုရင်မ ဦးသျှောင်အဖြစ် သတ်မှတ်ပေးတဲ့ နိုင်ငံတွေဖြစ်တယ်။

## BOURGEOIS

ဘူဇွာလူတန်းစားက ပဒေသရာဇ်လူတန်းစားကို

အစားထိုးလာတဲ့ ခေနရှင်လူတန်းစားဖြစ်တယ်။ ကျောမွဲအလုပ်သမား လူတန်းစားကို အမြတ်ထုတ်ဖိမ်ခံတဲ့ လူတန်းစားအဖြစ် ပြင်သစ်တော်လှန်ရေးမှာ စတင်နှိပ်ကွပ်ခံခဲ့ရတယ်။ နှစ်ဆယ်ရာစုနှစ်ရဲ့ ကွန်မြူနစ်နိုင်ငံတွေမှာ နှိပ်ကွပ်ခံခဲ့ရတယ်။

## BUFFER STATE

BUFFER STATE ဆိုတာကတော့ ကြားခံနိုင်ငံလေးပဲ အင်အားကြီးနိုင်ငံနှစ်ခုကြား ၊ဒါမှမဟုတ် ရန်သူနိုင်ငံနှစ်ခုကြားခံနေတဲ့နိုင်ငံပဲ။ ကြားခံတဲ့နိုင်ငံတွေရဲ့ အကျိုးကတော့ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေဇာပင်လိုပါပဲ။ ခံစရာရှိ ကိုယ်က ခံရတာ။ ကိုယ့်နိုင်ငံစစ် တလင်းဖြစ်တာကြုံရတာမျိုး ဖြစ်တယ်။ အချို့နိုင်ငံကြီးတွေကျတော့ တမင်တာ ဒီလိုကြားခံ နယ်မြေမွေးထားတယ်။

## BUREAUCRACY

ဗြူရိုကရေစီနှင့် ဗြူရိုကရက် (Bureaucrat) ကတော့ မြန်မာတိုင်း ရင်းနှီးနိုင်တဲ့ စကားပါ။ ဗြူရိုကရေစီဆိုတာကတော့ အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားဖြစ်ပြီး ဗြူရိုကရက်ကတော့ အဲဒီယန္တရားကို အသုံးပြုပြီး ပြည်သူလူထုကို ထုံးတွေမှုတွေနဲ့ ဘောင်ခတ်ပုံစံသွင်းမောင်းတဲ့အရာရှိပါပဲ။ ဗြူရိုကရေစီနှင့်

ဖြူရှိကရက်ကြောင့် လုပ်ငန်းဆောင်တာတွေ မြန်မြန်သွက်သွက် မဖြစ်ထွန်းတာက ထုံးစံပါပဲ။ ဒါပေမယ့် စာရင်းမှတ်တမ်း သေချာထားရလို့ ကြန့်ကြာရတာဖြစ်လို့ သူတို့ကို အပြစ်မဆိုသာ ပြန်ဘူး၊ လူတွေ မူတွေရှိနေသမျှ ဗျူရိုကရေစီစနစ်က ရှိနေမှာပါပဲ။

**BRAIN STORMING**

ဘရိန်းစတွန်းမင်း-BRAIN STORMING ကို ကြီးကြီး ကျယ်ကျယ် ဦးဏှောက်မုန်တိုင်းဆင်တယ်တို့၊ အတွေးအခေါ် များ စုပေါင်းထုတ်လုပ်ခြင်းတို့ ဘာတွေလို့ အနက်ဖွင့်ကြပေမယ့် တကယ်တမ်းပြောရရင် တစ်ယောက်တည်း ကြံရာမရတော့ ခေါင်းချင်းဆိုင် အကြံထုတ်ကြတာပဲ။ အင်္ဂလိပ်မှာ ဆိုရိုးစကား တစ်ခုရှိတယ်လေ။ TWO HEADS ARE BETTER THAN ONE ခေါင်းတစ်လုံးထက် ခေါင်းနှစ်လုံး ပိုကောင်းသည်ဆိုတာ။ သူတစ်ယောက် ငါတစ်မျိုး လူပေါင်းအစုံက အကြံတွေပေးကြ တော့ အဆင်ပြေဆုံး ထွက်ပေါက် ဒါမှမဟုတ် လုပ်သင့်တဲ့ စိတ်ကူးတွေရကြတဲ့ သဘောပါပဲ။ ခုခေတ်မှာ နိုင်ငံတော်အစိုးရ အဖွဲ့ဝင်တွေ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ခေါင်းချင်းဆိုင် အကြံထုတ်ကြတာပဲ၊ ကိုယ့်အိမ်မှာ ကိုယ့်မိသားစု ခေါင်းချင်း ဆိုင် အကြံထုတ်ကြတာကို BRAIN STORMING လို့ ခေါင်းစီးကြီး တပ်ချင်လည်းရပါတယ်။

**BRAINTRUST**

ဘရိန်းထရပ်စ်ကတော့ ယေဘုယျပြောရရင် အကြံ ဉာဏ်ဘဏ်လို့ပဲ ဆိုရမယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး

အရေးတစ်ခုရှိတယ်ဆိုရင် အဲဒီအရေးကို ကျွမ်းကျင်တဲ့သူတွေ စုစည်းပြီး အဲဒီကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းတာတွေကို ဖြေကြားတယ်။ အများစုကတော့ လက်တန်းဖြေကြားတာဖြစ်တယ်။

**BRAIN CHILD**

ဘရိန်းချိုင်းလ်ကတော့ အရပ်စကားပါ။ တစ်စုံတစ်ယောက်ရဲ့ အကြံဉာဏ်စိတ်ကူးပါပဲ။ ဒီဖြစ်ရပ်ကို စာဖွဲ့ဆောင်းပါးတစ်ပုဒ်ရေးတယ် ဆိုတာမျိုးကနေ နံရံပေါ်မှာ စာတစ်ကြောင်း တောင်ခြစ်မြောက်ခြစ် ရေးတာရော ခေါင်းထဲက ထွက် ဖြစ်ထွန်းတဲ့ အကြံမှန်သမျှဟာ BRAIN CHILD ပါပဲ။

**BRAIN DRAIN**

ဘရိန်းဒရိန်းကတော့ ပီပြင်တဲ့ နိုင်ငံရေးအကြောင်းတရား နိုင်ငံပျက်အကြောင်းတရားတစ်ခုပဲ။ တိုင်းပြည်မှာ ဖြစ်ထွန်းဖို့ အလားအလာမရှိရင် အစိုးရမူဝါဒကြောင့် အခြေအနေမပေးရင် ပညာတတ်တွေက ရေကြည်ရာ မြက်နုရာ တခြားနိုင်ငံတွေကို ပြောင်းရွှေ့ပြေးသွားတာကတော့ BRAIN DRAIN ဆိုတဲ့ ဦးနှောက်ယိုစီးမှုပါပဲ။ နာဇီအစိုးရလက်ထက်မှာ ဂျာမာန်ဂျူးတွေ နိုင်ငံခြားထွက်ပြေးခဲ့ကြတယ်။ တချို့က ပညာရှင်တွေ လုပ်ငန်းရှင် ငွေရှင်တွေဖြစ်နေခဲ့တော့ နိုင်ငံတည်ဦးနှောက်တွေ တိုင်းတစ်ပါးရောက်ကုန်တာပေါ့။ အဲဒီပုဂ္ဂိုလ်တွေထဲမှာ အထင်ရှားဆုံးကတော့ အိုင်းစတိုင်းပါပဲ။ တရုတ်ပညာတတ်တွေကတော့ ကွန်မြူနစ်အစိုးရလက်ထက်မှာ မဖြစ်ထွန်းလို့ ထွက်

ပြေးခဲ့ကြတယ်။ အိန္ဒိယနိုင်ငံကပညာတတ်တွေကျတော့ မွဲနေတဲ့ သူတို့နိုင်ငံအခြေအနေကြောင့် ပြည်ပပြောင်းရွှေ့ သူဌေးဖြစ်ကြံခဲ့ကြတယ်။ ပညာတတ်တွေက တိုင်းပြည်ရဲ့ အဓိက အင်အားဖြစ်လို့ အစိုးရတွေကလည်း ကိုယ့်ပညာတတ်တွေ ပြင်ပ မထွက်နိုင်အောင် အမျိုးမျိုး အဟန့်အတား လုပ်လေ့ရှိကြတယ်။

**BREAK UP**

ရိုက်ခ်ျအပ်ဖ်က ရိုးရိုးပြောရင်တော့ ကွဲကြေသွားခြင်းပဲ။ ဒါပေမယ့် သူက ရိုးရိုးဘရိတ်ခ်မဟုတ်ဘူး။ အစိတ်စိတ်အမွှာမွှာ အစဖြစ်အောင် ခွဲခြေတာဖြစ်တယ်။ ဒါ့ကြောင့် လူထုဆန္ဒပြပွဲကို ရဲတွေက BREAK UP လုပ်တယ်ဆိုရင် အုပ်စုကြီး အရပ်ရှစ်မျက်နှာ ပြန့်နှံ့ပြေးအောင် ဖြိုခွဲလိုက်တာဖြစ်တယ်။ တစ်ယောက်နှစ်ယောက်သုံးယောက် အစုလေးတွေဖြစ်အောင် လူစုလူဝေးကြီးကို ဖြိုခွဲလိုက်တာကို ပြောတာပဲ။ တစ်ခုတော့ သတိထားပါ။ BREAK UP ကိုပူးပြီး BREAKUP လို့ ရေးရင်တော့ တစ်စုံတရာ အပိုင်းပိုင်းအစိတ်စိတ် ပြိုပျက်သွားတာဖြစ်တယ်။

**BUBBLE**

ဘတ်ဘလ်က လတ်တလော သိပ်ခေတ်စားနေတဲ့ စီးပွားရေးစကားပဲ။ ဒီ ၂၀-ရာစုနှစ်ကုန်ခါနီးကစပြီး ကြုံတဲ့ စီးပွားပျက်ကပ်ကြီးဟာ အိမ်ယာမြေဈေးကွက် မတရားဖောင်းပွသွားပြီး ရုတ်တရက် ပြိုပျက် BUST ဖြစ်သွားတော့ ကျန်တဲ့စီးပွားရေးလုပ်ငန်းတွေပါ ထိပါးသွားတဲ့ဖြစ်ရပ်ပါပဲ။ တစ်နည်းပြောရရင်

မခိုင်မာဘဲ ခေါ်ဈေးသက်သက်နဲ့ ဈေးမတရားတက်သွားပြီး ဈေးပျက်သွားတော့ ဖြစ်တဲ့ကိစ္စပါပဲ။

**BABY BOOMERS**

ဘေဘီဘွန်းမာတွေက ၁၉၅၀-ခုနှစ်ကနေ ၆၀-လောက်အထိ ကာလအတွင်း မွေးတဲ့သူတွေကို ရည်ညွှန်းတာဖြစ်တယ်။ ဒုတိယကမ္ဘာ၏ ကာလတစ်လျှောက်လုံးမှာ အမျိုးသားတွေက ရှေ့တန်းစစ်မျက်နှာ ထွက်နေခဲ့ကြတယ်။ ယောကျ်ားတွေက ရှေ့တန်းရောက်နေတော့ မိန်းမတွေက သားမမွေးနိုင်ဘဲ စားသွေးနေခဲ့ရတယ်။ တစ်နည်းပြောရရင် နောက်တန်းကနေ စစ်သုံးပစ္စည်းထုတ်လုပ် ပို့ပေးခဲ့ရတယ်။ အဲ. . . စစ်ပြီးလို့ ယောကျ်ားတွေပြန်ရောက်တော့. . . အဲဒါ ၁၉၄၅ ခုနှစ် နောက်ပိုင်းကာလပေါ့။ မိန်းမတွေ သားမွေးမှုပြုနိုင်တော့ နိုင်ငံတိုင်းလောက်မှာ ကလေးတွေအများကြီး မွေးလာကြတယ်။ အဲဒီကာလကလေးတွေကို BABY BOOMERS တွေလို့ခေါ်တယ်။ အဲဒီ များပြားတဲ့ ကလေး နောက် လူကြီးတွေက စီးပွားရေးဈေးကွက်ကြီးတစ်ခု ဖြစ်လာသလို နှစ်ဆယ်ရာစုနှစ် နှောင်းပိုင်းကာလရဲ့ နိုင်ငံရေး စီးပွားရေး လူမှုရေး အင်အားစုတစ်ခု ဖြစ်လာခဲ့တယ်။

**BOOM TOWN**

ဘွန်းတောင်းဆိုတာကျတော့ စီးပွားရေးလုပ်ငန်းတစ်ခုခုကြောင့် ရုတ်တရက် နေ့ချင်းညချင်း ကြီးပွားချမ်းသာစည်ပင်လာတဲ့မြို့ကို ရည်ညွှန်းတာဖြစ်တယ်။ ဥပမာ ကျောက်စိမ်း

ထွက်တဲ့ မော်ဒေသမှာ ဖားကန့်ကို မြို့အပြိုင်းအရိုင်း မြို့ကြီးပြကြီး ပုံပေါက်လာတာမျိုး၊ အဲဒီမြို့ကို BOOM TOWN လို့ခေါ်တယ်။ BOOM TOWN နဲ့ ဆန့်ကျင်ဘက်ကတော့ GHOST TOWN ပဲ။ စီးပွားရေး အချက်အချာ မကျတော့တဲ့အတွက် ဒေသတစ်ခုလုံး ကျီးနဲ့ဖုတ်ဖုတ်ဖြစ်တာမျိုးပေါ့။ နိုင်ငံရေးအရတော့ BOOM TOWN ရော GHOST TOWN ရော လွှတ်တော်ကိုယ်စားလှယ်ရှိကြရတယ်။ BOOM TOWN ကိုယ်စားလှယ်ကတော့ မျက်နှာရတာပေါ့။ GHOST TOWN ကိုယ်စားလှယ်ကျတော့ ကိုယ့်ဒေသ ပြန်စည်ပင်လာအောင် အကြံမျိုး စုံထုတ်လွှတ်တော်ကို တင်ရတာမျိုးရှိတယ်။

**BONANZA**

ဘိုနန်ဇာက မမျှော်လင့်ဘဲ ရုတ်တရက် မြိုးမြိုးမြက်မြက် အကျိုးရှိတာကို ရည်ညွှန်းတာဖြစ်တယ်။ He hit a bonanza ဆိုရင် စီးပွားရေးအရ အလုပ်မဖြစ်ဘူးထင်ရာကနေ အကျိုးအမြတ်တွေ ရလိုက်တာမျိုးကို ဆိုလိုတာဖြစ်သလို မဲမရဘူးလို့ထင်ရာကနေ ရုတ်တရက် မဲအရေအတွက် အများကြီး ရလိုက်တာကိုလည်း ရည်ညွှန်းနိုင်တဲ့ စကားလုံးဖြစ်တယ်။

**BONA FIDE**

ဘိုနာဘစ်ရဲ့ အဓိပ္ပာယ်ကတော့ စိတ်ကောင်းစေတနာကောင်းနဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါပေမယ့် လုပ်လိုက်တာ တလွဲဖြစ်သွားတဲ့အခါ ကြားရတဲ့စကားဖြစ်တယ်။ ဥပမာ ပြည်သူတွေရဲ့ ထောက်ခံမှုရအောင် ရည်ရွယ်ပြီး လုပ်လိုက်ပြောလိုက်

ပေမယ့် ခုတ်ရာတခြား ရှရာတခြား ဖြစ်သွားတာမျိုးနဲ့ ပတ်သက်ပြီး သုံးလေ့ရှိတယ်။ စိတ်ကောင်းစေတနာကောင်းနဲ့ သူလုပ်ခဲ့တာ။ ဒါပေမယ့်. . . ပေါ့။

**BOOT STRAP**

ဘွတ်ဒ်ထစရက်ဖ်က ဘွတ်ဖိနပ်ချည်တဲ့ ကြိုးပဲ။ ဘာမှ မဆန်းဘူး။ ဒါပေမယ့် pull oneself up by one's bootstraps ကိုယ့်ကိုကိုယ် ဘွတ်ဖိနပ်ကြိုးကနေ ဆွဲတင်ခြင်း ဆိုရင်တော့ တခြားသူ အကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုး ဖြစ်ထွန်းအောင်ကြိုးပမ်းလာခြင်းဖြစ်တယ်။ လင်ကွန်းလို နိုင်ငံရေးပုဂ္ဂိုလ်တွေကို ဒီလို ကိုယ့်ဒူးကိုယ့်ချွန် ပုဂ္ဂိုလ်လို့ ဆိုရမှာဖြစ်တယ်။

**CABINET**

ကက်ဘိနက်ကတော့ နိုင်ငံတော်အုပ်ချုပ်တဲ့ အစိုးရအဖွဲ့အစည်း၊ တစ်နည်း ဝန်ကြီးများအဖွဲ့ဖြစ်တယ်။ ဒီအစိုးရအဖွဲ့ ဖွဲ့စည်းရာမှ ပြည်သူလူထု ရွေးကောက်တင်မြှောက်ခံထားရတဲ့ သမ္မတက သူ့စိတ်ကြိုက် လူတွေကို ခေါ်ပြီး ခန့်နိုင်တယ်။ ဒါပေမယ့် ပြည်သူတွေ သိပ်မလိုလားတဲ့သူတွေ ဖြစ်နေရင် ပြည်သူတွေရဲ့အလိုလိုက်ပြီး သမ္မတက လူပြောင်းပေးရိုးရှိတယ်။ အဓိကကတော့ သမ္မတအနေနဲ့ လက်ရည်တူ အပေးအယူမျှမယ်လို့ ယူဆတဲ့သူတွေနဲ့ ဖွဲ့စည်းလေ့ရှိတယ်။

**CADRE**

ကေဒါကတော့ အထူးသဖြင့် ကွန်မြူနစ်နိုင်ငံတွေ

မှာ အမာခံအုပ်စုလေးလို့ ခေါ်ဆိုကြတာဖြစ်တယ်။ နိုင်ငံရေးလှုပ်ရှားမှု ဒါမှမဟုတ် အစိုးရအဖွဲ့အစည်းအတွက် လှုပ်ရှားဆောင်ရွက်တဲ့ အခြေခံအဖွဲ့အစည်းတပ်ဖွဲ့ဝင်ကို ရည်ညွှန်းတဲ့ အသုံးနှုန်းဖြစ်တယ်။

**CAMPAIGN**

ကမ်ပိန်းဆိုတဲ့ စကားကတော့ အသွင်အမျိုးမျိုးရှိတယ်။ စစ်ရေးနှင့်ပတ်သက်လာရင် စစ်ဆင်ရေးလို့ အသုံးပြုသလို ရွေးကောက်ပွဲနှင့် ပတ်သက်ရင်တော့ မဲဆွယ်ပွဲလို့ သုံးလေ့ရှိတယ်။ သာမန်ပြောရရင်တော့ လူသိရှင်ကြားဖြစ်အောင် စုစည်းဆောင်ရွက်မှုပြုခြင်းလို့ အဓိပ္ပာယ်ရတယ်။ campaigner ဆိုတာကတော့ မဲဆွယ်ပွဲ ဒါမှမဟုတ် စစ်ဆင်ရေးတစ်ခု ဒါမှမဟုတ် လုပ်ရပ်တစ်ခုမှာ ပါဝင်သူဖြစ်တယ်။ ကမ္ဘာမြေစိမ်းစိုရေး Green Planet အတွက် စည်းရုံးသိမ်းသွင်းနေတာတွေကလည်း campaigning ပဲ။

**CANDIDATE**

ကမ်ဒီဒက်ကတော့ ယေဘုယျပြောရင် အလောင်းအလျာပေါ့။ သမ္မတလောင်း၊ အမတ်လောင်းဖြစ်တယ်။ ဒါပေမယ့် စာမေးပွဲတစ်ခုကို ဝင်ဖြေတဲ့သူ တစ်နည်းပြောရရင် တက္ကသိုလ်ကျောင်းသားဖြစ်ဖို့ ဆယ်တန်းဖြေတယ်ဆိုရင်လည်း အဲဒီလူဟာ တက္ကသိုလ်ကျောင်းသားလောင်းပေါ့။

**CAPITALISM**

ကက်ပါတစ်လစ်ဇင်းကတော့ အများတကာ ရင်းနှီး

နေပြီးဖြစ်တဲ့ အရင်းရှင်စနစ်ပါပဲ။ နှစ်ဆယ့်ရာစု နိုင်ငံရေးပဋိပက္ခတွေမှာ အကြီးရဆုံး ကွန်မြူတွေက အရှုတ်ချဆုံး စနစ်နှင့် ပုဂ္ဂိုလ် (CAPITALIST) အရင်းရှင်ပါပဲ။ CAPITALISM နှင့် ဆယ်နွယ်တဲ့ capitalize ကတော့ ကိုယ်ကျိုးရှာ အမြတ်ထုတ်မှု ဖြစ်တယ်။ ဒီစကားအဆက်စပ်ကြောင့် အရင်းရှင်ကို ကိုယ်ကျိုးရှာ အမြတ်ထုတ်သူရယ်လို့ တန်းကနဲ သိမြင်သတ်မှတ်တာ မဆန်းဘူးလို့ ဆိုရမယ်။

## CARTE BLANCHE

ကတ်ဘလန့်ချ်ကတော့ အင်္ဂလိပ်စကား၊ အဆင့်ကို ဝင်ရောက်နေတဲ့ ပြင်သစ်နိုင်ငံရေး စကားလုံးဖြစ်တယ်။ အနက်အဓိပ္ပာယ်ကတော့ အကြွင်းမဲ့အာဏာကုန်ဖြစ်တယ်။ အထူးသံတမာန်တွေကို နိုင်ငံကိုယ်စားလုပ်ပိုင်ခွင့် အပြည့်နဲ့ စေလွှတ်တဲ့အခါမှာ အဲဒီ CARTE BLANCHE ပေးလိုက်တယ်လို့ ဆိုရိုးပြုကြတယ်။

## CATCHWORD

ကက်ချ်ဝေါ့ဆိုတာကတော့ လူတွေသတိပြုမိ အာရုံစိုက်မိစေအောင် သေချာရွေးချယ် အသုံးပြုထားတဲ့ စကားလုံးဖြစ်တယ်။ ထိထိမိမိ စကားလုံးပေါ့။ CATCHPHRASE - ထိထိမိမိစကားစုနှင့် ဆက်စပ်နေတဲ့ စကားလုံးပဲ။ နိုင်ငံရေးပါတီတွေက ဒီလိုစကားလုံးတွေနဲ့ ဆောင်ပုဒ်လေးတွေဖွဲ့ပြီး လူထု နားဝင်အောင် ထပ်ကာထပ်ကာ ရေရွတ်အသုံးပြုလေ့ရှိတယ်။ ဒါမျိုး စကားလုံးတွေကို စီးပွားရေးကြော်ငြာတွေမှာလည်း အများကြီး တွေ့ရပါတယ်။

**CAUCUS (-ES)**

ကောကပ်ဟာ အမေရိကန်နိုင်ငံရေးသုံး စကားလုံး ဖြစ်တယ်။ ပါတီမူဝါဒ ချမှတ်ဖို့ ပါတီဝင်တွေ တွေ့ဆုံဆွေးနွေးပွဲကို ရည်ညွှန်းတာဖြစ်တယ်။ ဒါပေမယ့် အဲဒီစကားမှာပဲ အဖွဲ့စည်းကြီးကနေ သင်းကွဲအဖွဲ့ငယ်တွေ စုစည်းဆွေးနွေးတဲ့ အရိပ်လည်းရှိတယ်။

**CAUSE CÉLÈBRE (CAUSES CÉLÈBRES)**

ကော့စ်ဆီလက်ဗ်ကတော့ ပြင်သစ်စကားလုံးဖြစ်တယ်။ လူတွေ အင်မတန်စိတ်ဝင်စားတဲ့ တရားရုံးအမှုတွေကို ရည်ညွှန်းတာဖြစ်တယ်။ ဥပမာ ကလင်တွန်ရဲ့ မ,ကိစ္စအမှုအခင်းတွေပေါ့။ အမှုကတော့ CAUSE CELEBRE ပဲလို့ဆိုလိုက်ရင် လူတွေ အရမ်းစိတ်ဝင်စားတဲ့ အမှုပဲလို့ သဘောပေါက်ကြတယ်။

**CENSURE**

ဆင်ဆာကတော့ မြန်မာတွေရင်းနှီးတဲ့ အင်္ဂလိပ်စကားလုံးပါပဲ။ အနက်အဓိပ္ပာယ်ကတော့ စိစစ်ဖြတ်တောက်ခြင်းဖြစ်တယ်။ ဆင်ဆာစနစ်ဟာ နိုင်ငံတိုင်းမှာရှိတယ်။ ဥပမာ ပြောရေးဆိုခွင့် လွတ်လပ်လှပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာတောင် မဖွယ်မရာ မသင့်တော်လို့ သတ်မှတ်တဲ့အဆင့်ရှိတယ်။ အဲဒီအဆင့်ကိုရောက်တဲ့ ရေးသား၊ ရိုက်ကူးရေးဆွဲမှု မှန်သမျှကို ဆင်ဆာက ပိတ်ပင်တားဆီး တပ်ဆင်ရေးတားဆီးရန် သူ့ထံပေါက်ကြားမှာစိုးခဲ့တဲ့ စစ်ကာလ ဒါမှမဟုတ် စစ်ပြုနိုင်ငံတွေမှာတော့ ပုဂ္ဂလိကစာတွေကိုတောင် စိစစ်မှုရှိတယ်။ ပြောရရင်တော့ နိုင်ငံကျင့်သုံးနေတဲ့ ဥပဒေစည်းဘောင်အရ ဆင်ဆာ

စနစ်က တင်းကျပ်ရင် တင်းကျပ်မယ်၊ လျော့ရင် လျော့မယ် ဒါပဲ ကွာတယ်။

## CENSUS

ဆင်ဆာနှင့် ခပ်ဆင်ဆင်ဖြစ်တဲ့ ဆင်ဆပ်စ်ကတော့ လူဦးရေစစ်တမ်း ကောက်ခြင်းပဲဖြစ်တယ်။ ရွေးကောက်ပွဲနီးလာရင် ဒီလူဦးရေစစ်တမ်း ကောက်ယူလုပ်လေ့ရှိကြတယ်။ ဒါကလည်း မဲအရေအတွက် မှန်ကန်အောင် မဲပေးသူအရေအတွက် သိအောင်ပဲဖြစ်တယ်။ မဟုတ်ရင် မဲအရေအတွက်က ဖောင်းပွပြီး မဲထည့်နိုင်သူက လူဦးရေ ဆယ်သန်းပဲဖြစ်ပြီး သမ္မတဖြစ်တဲ့သူက မဲဆန္ဒဆယ့်ငါးသန်းနဲ့ သမ္မတဖြစ်သွားတာမျိုး ရှိနိုင်တယ်။

## CENTRALIZE

စင်ထရက်လိုက်ဇ်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကတော့ ဗဟိုဦးစီးစနစ်ပြုလုပ်ခြင်းဖြစ်တယ်။ ဒါက ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တွေရဲ့ လုပ်ထုံးပါပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမှန်သမျှကို ဗဟိုဦးစီးအစိုးရကပဲ ကိုင်တွယ်အမိန့်ချသတ်မှတ်ဆောင်ရွက်တာမျိုး ဖြစ်တယ်။

## CENTRIST

လက်ဝဲမရောက် လက်ယာမရောက် အလယ်အလတ်အမြင်ရှိ အလယ်အလတ်လမ်းစဉ်လိုက်သူကို ဆိုလေ့ရှိတယ်။ အလယ်အလတ်ဖြစ်လို့ မဖြိုမ အလယ်အလတ် လမ်းစဉ်သမားကိုတော့ နိုင်ငံရေးမှ ထောပနာပြုလေ့မရှိလှဘူး။ ဟိုမရောက် ဒီမရောက်လို့ နှိပ်ကွပ်ဝေဖန်လေ့ ရှိကြတယ်။

**CHARGE D'AFFAIRES (CHARGES D'AFFAIRES)**

သံအမတ်ကြီးရဲ့ လက်ထောက်ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံချင်းဆက်ဆံမှု အဆင့်လျှော့ချတာဖြစ်စေ၊ တစ်ဘက်နိုင်ငံကို နိုင်ငံငယ်လို့ သတ်မှတ်ရင်ဖြစ်စေ AMBASSADOR ဆိုတဲ့ သံအမတ်ကြီး မစေလွှတ်ဘဲ အဲဒီ 'သံမှူး'ကိုပဲ စေလွှတ်လေ့ရှိတယ်။

**CHAUVINISM**

ချောဗစ်နစ်ဆင်ကတော့ ပုံကြီးချဲ့ ဒါမှမဟုတ် အကြမ်းဖက် မျိုးချစ်စိတ်ဓာတ်ဖြစ်တယ်။ တစ်နည်းပြောရရင် ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုး၊ တစ်ယူသန် တစ်ဘက်သတ် သစ္စာစောင့်သိတဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်တယ်။ အဲဒါမျိုးစိတ်ဓာတ်က နိရှေးဆိုညွှန်းခဲ့တဲ့ အာရိယန်လူမျိုးသာ မြတ်သောလူ သဘောတရားနှင့် ဟစ်တလာရဲ့ ဂျာမန်လူမျိုး ပမာနာအရေးမျိုးတွေ ပေါ်ပေါက်စေတတ်တယ်။

**CLASS**

ကလပ်စ် လူတန်းစားဟာ လူသမိုင်းစဉ်တစ်လျှောက်လုံး လူတွေကို ဒုက္ခပေးလာတဲ့ အမျိုးအစား ခွဲခြားမှုပဲ။ တစ်နည်းပြောရရင် လူ့သမိုင်းစဉ်တစ်ခုလုံးဟာ လူတန်းစားတိုက်ပွဲပဲဖြစ်တယ်။ မနေရှင်၊ အလုပ်သမား၊ အထက်တန်းစား၊ အောက်တန်းစားတွေ မရှိတော့တဲ့တစ်နေ့မှာလည်း အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံလူတန်းစားက အစဉ်ဆက်မပြတ် ပဋိပက္ခ ဖြစ်နေမှာပါပဲ။

## COALITION

နိုင်ငံရေးပါတီတွေ ယာယီပေါင်းစည်း မဟာမိတ်ပြု နေတာကို ခေါ်တာဖြစ်တယ်။ မြန်မာလို အဆင်ပြေပြေ ပြန်ဆိုရင် ညွန့်ပေါင်းပါတီလို့ ဆိုရမယ်။ ညွန့်ပေါင်းပါတီတင် မကဘူး။ နိုင်ငံအာဏာရ ပါတီက မဲ,လက်မတင်လေးနဲ့ ကပ်ပြီးနိုင်ရင် အတိုက်အခံ မခံရအောင် ဒါမှမဟုတ် အုပ်ချုပ်ဖြစ်နေအောင် ပါတီတွေပေါင်းစည်းပြီး ညွန့်ပေါင်းအစိုးရ ဖွဲ့ရတာမျိုးလည်းရှိ တယ်။ မကြာသေးခင်ကာလက အရှေ့ဥရောပနိုင်ငံအချို့မှာ လုပ်သွားတဲ့ ပုံစံမျိုးပေါ့။ ဒါပေမယ့် အဲဒါမျိုး အစိုးရ ကြာကြာ ခံလေ့မရှိပါဘူး။

## COEXISTENCE

ကိုအိပ်စ်အမ်စတင့်ကတော့ အမျိုးမတူပေမယ့် ရန်သူ ဖြစ်ပေမယ့် သည်းခံပြီး ယှဉ်တွဲနေထိုင်ခြင်းဖြစ်တယ်။ ဥပမာ ဟိန္ဒူလူမျိုးတွေနဲ့ မွတ်စလင်လူမျိုးတွေ တစ်နိုင်ငံတည်း အတူ ဘက္ကွ ရှင်သန်နေထိုင်နေကြတာမျိုးပေါ့။ ဒါမျိုး သည်းခံ သက်တွဲမနေနိုင်တော့တဲ့အခါမှာ လူမျိုးပြုန်းအောင် တုံးအောင် သတ်ဖြတ်သုတ်သင်တာမျိုးတွေ ပေါ်လာတတ်တယ်။

## COLD WAR

COLD WAR ကို စစ်အေးတိုက်ပွဲလို့ ဘာသာပြန်လေ့ ရှိတယ်။ ဘယ်နိုင်ငံမဆို တစ်ဘက်ကိုတစ်ဘက် ရန်စောင်ယုံ ရန်စောင်နေပြီး ပွင့်ပွင့်လင်းလင်း ပစ်ဟယ်ခတ်ရယ်နဲ့ မတိုက်ခိုက် သမျှ COLD WAR စစ်အေးဖြစ်တယ်။ ဒါပေမယ့် လူအများစုက

စစ်အေးဆိုရင် ရုရှားနှင့် အမေရိကန်နိုင်ငံတွေ နှစ်ဆယ်ရာစု နှောင်းပိုင်းကာလမှာ တစ်ဘက်နဲ့တစ်ဘက် ရန်စောင်လက်နက် ကြီးငယ်ဆင် လျှို့ဝှက်ထောက်လှမ်းရေးတွေ လုပ်ခဲ့ကြတာတွေ နိုင်ငံရေးအရ တွယ်ခဲ့ကြတာတွေကိုပဲ မြင်ကြတယ်။

## COLLABORATE

ကိုလာဘိုရိတ်ဆိုတာ ပူးပေါင်းဆောင်ရွက်မှုလို့ အဓိပ္ပာယ် ရတယ်။ ဒါပေမယ့် အင်္ဂလိပ်စကားလုံး accomplice ကို ကြံရာပါ လို့ မြင်သလိုပဲ COLLABORATE ကိုလည်း နိုင်ငံရေးအရ မဟုတ်တာလုပ်ဖို့ ပူးပေါင်းမှုပြုတာလို့မြင်တယ်။ ပူးပေါင်းသူ ကတော့ COLLABORATOR ပေါ့။

## COLONIALISM

၁၆၊ ၁၇၊ ၁၈ ရာစုနှစ်ကစတင်ပြီး အင်အားကြီးနိုင်ငံ တွေ ကမ္ဘာအနှံ့ ချဲ့ထွင်ကျူးကျော် အခြေချတဲ့ မူဝါဒဖြစ်တယ်။ အဓိကကတော့ တခြားနိုင်ငံကို သိမ်းပိုက်ပြီး အဲဒီနိုင်ငံရဲ့ သယံ ဇာတအရင်းမြစ်တွေကို သိမ်းပိုက် ကိုယ်ကျိုးအမြတ်ထုတ်တာ ဖြစ်တယ်။ နှစ်ဆယ်ရာစုနှစ် အလယ်ပိုင်း ဒုတိယကမ္ဘာစစ်ပြီး နောက်မှာ ကိုလိုနီနိုင်ငံ အများစု လွတ်လပ်ရေးရခဲ့တယ်။ ဒါပေမယ့် ခုတိုင်အောင် ကိုလိုနီနိုင်ငံအဖြစ် တည်နေသေးတဲ့ ဥပမာ-မာကာအိုလိုဒေသတွေလည်း ရှိသေးတယ်။

## COMMIE

ကွန်မြူနစ်ကို နှိပ်ကွပ်ခေါ်တဲ့ စကားလုံးဖြစ်တယ်။

## COMMUNISM

ကွန်မြူနစ်ဝါဒ၊ နှစ်ဆယ်ရာစု ကမ္ဘာကြီးကို ထက်ပိုင်းကွဲစေခဲ့တဲ့ ဝါဒလို့ဆိုပေမယ့် ကွန်မြူနစ်ဝါဒ အရိပ်အယောင်တွေကို ပလေတိုရဲ့ Republic စံပြနိုင်ငံမှာလည်း တွေ့ရတယ်။ ခေတ်ပေါ် ကွန်မြူနစ်စနစ်ရဲ့ ဖခင်တွေကိုတော့ မတ်ခ်၊ လီနင်၊ နောက် မော်စီတုံးလို့ သတ်မှတ်ကြတယ်။ ဒါပေမယ့် ကွန်မြူနစ်စနစ်ဟာ နှစ်ဆယ့်တစ်ရာစုကို ကူးလာနိုင်ဟန် မရှိခဲ့ဘူး။ ကွန်မြူနစ်နိုင်ငံအားလုံးနီးပါးဟာ နှစ်ဆယ်ရာစု ကုန်ခါနီးမှာ ပြိုပျက်ခဲ့တယ်။ ကျားကုပ်ကျားခဲ ကြံ့ကြံ့ခံနေသေးတဲ့ နိုင်ငံတွေကတော့ ကျူးဘားနှင့် မြောက်ကိုရီးယားနိုင်ငံပဲဖြစ်တယ်။

## CORMADE

လုပ်ငန်းတစ်ခုတွင် အတူတကွ လက်တွဲလုပ်ကိုင်သူကို ဆိုလိုတာဖြစ်တယ်။ ဒါပေမယ့် ကွန်မြူနစ် အဓိက သုံးဖြစ်တယ်။ ရဲဘော်ရဲဘက်လို့ အနက်ဆောင်တယ်။

## CONCENTRATION CAMP

နိုင်ငံရေးအကျဉ်းသားတွေကို ချုပ်နှောင်ထားတဲ့ အကျဉ်းစခန်းဖြစ်တယ်။ ဒါပေမယ့် တကယ် အနက်အဓိပ္ပာယ်က စုစည်းထားခြင်း ဖြစ်သလိုပဲ အကျဉ်းကျသူတွေက အကျဉ်းသားတွေဖြစ်နိုင်သလို ဂျာမနီနိုင်ငံမှာလို လူသတ်ခန်းထဲ သွင်းခံရမယ့် ဂျူးတွေလည်းဖြစ်နိုင်တယ်။ ဒါ့ကြောင့် အကျဉ်းစခန်းလို့ပဲ ယေဘုယျ ဘာသာပြန်ဆိုနိုင်တဲ့ စကားလုံးဖြစ်တယ်လို့ဆိုရမယ်။

## CONGRESS

ကွန်ကရက်လွှတ်တော်မှာ အပိုင်းနှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက အောက်လွှတ်တော်ဖြစ်တယ်။ အဲဒီ အောက်လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ပြီး နောက်တစ်ပိုင်းက ဆီနိတ်လွှတ်တော်လို့ခေါ်တဲ့ အထက်လွှတ်တော်ဖြစ်တယ်။ အမေရိကန်နိုင်ငံ ကွန်ကရက်လွှတ်တော်ရဲ့ အောက်လွှတ်တော်မှာတော့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ် ၄၀၀ ကျော်ပါရှိပါတယ်။ အထက်ဆီနိတ်လွှတ်တော်မှာတော့ ပြည်နယ်တစ်ခုကို နှစ်ဦးကျကိုယ်စားပြုတဲ့ ပြည်နယ်ကိုယ်စားလှယ် အယောက် ၁၀၀ ပါရှိတယ်။

## CONSERVATIVE

အဓိကအားဖြင့် ဗြိတိန်နိုင်ငံရဲ့ ကွန်ဆာဗေးတစ်ပါတီကို ရည်ညွှန်းတဲ့စကားလုံးဖြစ်တယ်။ တိုင်းသူပြည်သား တို့ရဲ့ လုပ်ငန်းဆောင်တာ အရပ်ရပ်မှ အစိုးရက တတ်နိုင်သမျှ မပါဝင်ခြင်းက အကောင်းဆုံးဖြစ်တယ်လို့ ခံယူတဲ့ အယူဝါဒ ဖြစ်တယ်။

## CONSTITUENCY

ကွန်စတီတျူအန်စီကတော့ အမတ် ဒါမှမဟုတ် သမ္မတရွေးကောက်တင်မြှောက်ရာမှာ မဲပေးမယ့် မဲဆန္ဒရှင်နယ်မြေ ဒါမှမဟုတ် အုပ်စုလို့ဆိုရလိမ့်မယ်။ သူတို့ရွေးကောက် တင်မြှောက်လိုက်တဲ့အမတ်က သူတို့ရဲ့ ကိုယ်စားလှယ်ဖြစ်သွားတယ်။

## CONSTITUTION

ကွန်စတီတျူရှင်းကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပဲ။ တိုင်းပြည်တစ်ပြည်ကို လက်တန်းအုပ်ချုပ်လို့ မရလို့ ဒီလိုဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲကြရတယ်။ တချို့နိုင်ငံတွေက ရက်အနည်းငယ် လူအနည်းငယ်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲသလို တချို့က လူများစွာအချိန်များစွာယူ ရေးဆွဲကြတယ်။ ဘယ်လိုပဲဖြစ်စေ အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံထဲက ဥပဒေတစ်ခုခုဟာ ခေတ်ကာလနဲ့ အံမဝင်တော့ရင် လွှတ်တော်မှာ အသစ်ရေးဆွဲပြုပြင် ပြဋ္ဌာန်းရလေ့ရှိတယ်။

## COUNTER PART

အဆင့်တူ ရာထူးတူကို ရည်ညွှန်းတယ်။ မိမိနိုင်ငံက သမ္မတနဲ့ တစ်ဘက်နိုင်ငံက သမ္မတ တွေ့ဆုံတာမျိုးကို သူရဲ့ ကောင့်တာပတ်နှင့် တွေ့ဆုံတာလို့ ဆိုညွှန်းတယ်။

## COUNTER-REVOLOTION

တစ်ယောက်က တော်လှန်ရေး REVOLUTION ပြုတယ်။ ဒါကို တန်ပြန်တိုက်ခိုက် ဖြိုဖျက်တာက COUNTER-REVOLUTION ပါပဲ။ ၁၉၆၀၊ ၇၀၊ ၈၀-ခုနှစ်တွေမှာ တော်လှန်ရေးတွေ တန်ပြန်တော်လှန်ရေးတွေ၊ တန်ပြန်-တန်ပြန်တော်လှန်ရေးတွေကို အာဖရိကနှင့် ဥရောပအရှေ့ပိုင်းတွေမှာ အတော်တွေ့ခဲ့ရပါတယ်။

## COUP D'ETAT

ကုပ်ရဲ့ အဓိပ္ပာယ်ကတော့ အပိုင် အပြီး ပွဲသိမ်းလှုပ်ရှား

မှုဖြစ်တယ်။ အထူးသဖြင့် အာဏာသိမ်းမှုနဲ့ပတ်သက်ပြီး အသုံးပြုတယ်။ အပြည့်စုံကတော့ Coup d'etat ဖြစ်တယ်။ ပြင်သစ်စကားလုံးဖြစ်ပြီး လက်နက်အားကိုးဖြင့် အစိုးရကို ရုတ်တရက်ဖြုတ်ချတယ်လို့ အနက်အဓိပ္ပာယ်ဆောင်တယ်။

**COUP de qrace**

ဒီပြင်သစ်စကားလုံးကို Coup d'etat နှင့် ပူးတွဲကြားရ တတ်လေ့ရှိတယ်။ ဥပမာ အာဏာသိမ်းအဖွဲ့က သမ္မတကို ချက်ချင်းရှင်းလိုက်တယ်ဆိုရင် Coup-degrace ပွဲသိမ်းပေးလိုက် တယ်လို့ ဆိုနိုင်တယ်။

**CRUSADE**

အရေးတစ်ခုအတွက် ပြင်းထန်စွာ ဘဝပုံအပ်နှံ ဆောင်ရွက်လှုပ်ရှားနေတာကို ကရူးဆိတ်ပြုတယ်လို့ခေါ်တယ်။ ဒီစကားလုံးဟာ အလယ်ခေတ် ခရစ်ယာန်စစ်ဝါဒီတွေ၊ အရှေ့ အလယ်ပိုင်း ဒေသယေရှုခရစ်ပွင့်ရာဒေသကို ပြန်လည်သိမ်း ပိုက်ဖို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုကနေ ဆင်းသက်လာတဲ့ စကားဖြစ်တယ်။

**CURFEW**

မြို့သူမြို့သားတို့ အပြင်မထွက်ရဟုသတ်မှတ် သို့ မဟုတ် အချက်ပေးမှု စတင်တဲ့အချိန်ကို ဆိုလိုတာဖြစ်တယ်။ နိုင်ငံရေးရှုပ်ထွေးနေတဲ့ ကာလမျိုးတွေမှာ ဒီအမိန့်မျိုးတွေကို အစိုးရတွေက ထုတ်ပြန်တတ်ပြီး စည်းဖောက်သူကို မမေးမစမ်း ပစ်သတ်မှုပြုတဲ့အထိ ပြင်းထန်စွာ အရေးယူတတ်တယ်။

## CAPITULATE

ကက်ပီတူလေ့က SURRENDER လက်နက်ချ အရှုံးပေးခြင်းဆိုတဲ့ စကားလုံးနှင့် ယေဘုယျတူတယ်။ လူ ပုဂ္ဂိုလ် ၁စ်တပ်တွေက SURRENDER လက်နက်ချလို့ ဖြစ်ပေမယ့် နိုင်ငံတွေကတော့ CAPITULATE လုပ်တယ်လို့ ဆိုကြတယ်။ ဒါ့ကြောင့် နိုင်ငံရေးစကားလုံး ပီပီပြင်ပြင်ပဲလို့ ဆိုရလိမ့်မယ်။ လက်အောက်ခံခြင်းလို့ပြောရင် ပိုမှန်မယ်။

## CARPET-BAGGERS

အနောက်တိုင်း စာပေဖတ်ရှုသူတွေကတော့ ကာပစ်ဘက်ခ်ဂါစ်ဆိုရင် နာမည်ကြီးစာရေးဆရာကြီး ဟယ်ရိုးရော်ဘင်ရဲ့ ဝတ္ထု၊ အဲဒီဝတ္ထုပေါ် အခြေခံ၍ ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို မြင်လိမ့်မယ်ထင်တယ်။ CARPET BAG ဆိုတာ ကော်ဇောလုပ်တဲ့ ဖျင်စမျိုးနဲ့ပြုလုပ်ထားတဲ့ ခရီးဆောင်အိတ်ဖြစ်တယ်။ CARPET BAGGER ကျတော့ ကိုယ့်ရပ်ကိုယ့်ဒေသမဟုတ်တဲ့ နယ်မြေရဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားတယ်။

ဒီစကားလုံး မူလရင်းခံက နိုင်ငံရေးစကားလုံး မဟုတ်ဘူး။ အမေရိကန်ပြည်တွင်း စစ်ကာလနောက်ပိုင်းမှာ အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသမှာ မြေယာဝယ်ခြမ်း ငွေကြေးရင်းနှီးမြှုပ်နှံ စီးပွားရေးကစားတဲ့ မြောက်ပိုင်းသားတွေကို ရည်ညွှန်းတာဖြစ်တယ်။ အများစုက carpetbag ခရီးဆောင်အိတ်လောက်ပဲ ဆွဲလာကြတဲ့ အကြံအဖန် စီးပွားရေးသမားတွေ ဖြစ်ခဲ့ကြတယ်။ နောက်ပိုင်းကျတော့ နီဂရိုးအသားမည်းလူမျိုးတွေရဲ့ မဲဆန္ဒတွေကို မြှူဆွယ်အာဏာရယူတဲ့ မြောက်ပိုင်းသား နိုင်ငံရေးသမား

တွေကို ရည်ညွှန်းတဲ့စကားလုံးဖြစ်လာတယ်။ လက်ရှိအနေ ပြောရရင်တော့ အကြံအဖန် နိုင်ငံရေးသမားလို့ပဲ ဆိုရမယ် ထင်တယ်။

**CHIEF**

ချိဖ်ကတော့ အကြီးအကဲပါပဲ။ ခေါင်းဆောင်အုပ်ချုပ်သူ လူမျိုးစုအကြီးအကဲ၊ ဌာနအကြီးအကဲတွေကို CHIEF လို့ ခေါ်တယ်။ ရာထူးအဆင့်၊ အရေးပါမှု၊ ဒါမှမဟုတ် သြဇာရှိမယ့် အနေနဲ့တွက်ရင် ပထမလူဆိုတဲ့ အနက်အဓိပ္ပာယ်ရှိတဲ့ ထင်ရှားသော ဦးဆောင်သော ပုဂ္ဂိုလ်ဖြစ်တယ်။ နိုင်ငံတော်အကြီးအကဲ၊ သမ္မတကအစ ကိုယ့်အသိုင်းအဝိုင်း အုပ်စုလေး အကြီးအကဲ အထိ အားလုံးကို CHIEF လို့ ရည်ညွှန်းနိုင်တယ်။

**CLANDESTINE**

ကလန်ဒက်ဖ်တိုင်းက လျှို့ဝှက်လုပ်ဆောင်သော လက်လျှိုလုပ်သောလို့ အနက်အဓိပ္ပာယ်ရှိတယ်။ လျှို့ဝှက် SECRET အဖွဲ့အစည်းတစ်ရပ်ဟာ လုပ်ရပ်ကလိမ်ကကျစ် ကျချင်မှကျမယ်။ CLANDESTINE အဖွဲ့အစည်းကျတော့ လုပ်ရပ်ကအစ မဟုတ်တရုတ်ပုံစံတွေရှိတယ်။

**COMMANDEER**

ကွန်မင်းဒီအာဆိုတဲ့ စကားက မြန်မာတွေရင်းနှီးတဲ့ ပေါ်တာ PORTER ဆိုတဲ့ စကားလုံးနဲ့ ဆက်စပ်နေတယ်။ ဂျပန်ခေတ်က ချွေးတပ်ဆွဲတယ်၊ နောက်ပေါ်တာဆွဲတယ်၊ ချောဆွဲတယ်ဆိုတဲ့စကားလုံး PORTER ဆိုတာ ကုန်ထမ်းလူကိုပဲ

ချောဆွဲတာဖြစ်တယ်။ COMMANDEER ချောဆွဲတာကျတော့ ဝန်ထုပ်ဝန်ပိုးတို့ကို ပို့ဆောင်ပေးဖို့ လူ၊ လှည်း၊ မော်တော်ကား စတာတွေကို ခေတ္တယူသုံးတာဖြစ်ပြီး စစ်တပ်တစ်ခုတည်း လုပ်တာမဟုတ်ဘူး။ အာဏာပိုင်အဖွဲ့အစည်း မှန်သမျှ လုပ်နိုင်တဲ့ ကိစ္စလို့ဆိုတယ်။

## DECLARATION

ကြေညာစာတမ်းဖြစ်တယ်။ ပါတီအဖွဲ့အစည်းတွေက သူတို့လုပ်ထုံး၊ ခံယူချက်၊ သဘောထားတွေကို အများသိစေအောင် ထုတ်ပြန်ကြေညာချက်ဖြစ်တယ်။ နှစ်ဆယ်ရာစုနှစ်အစမှာ အာဏာအပြင်းဆုံး ကြေညာစာတမ်းကတော့ ကွန်မြူနစ် ကြေညာစာတမ်းပဲ။

## DECLASSIFY

ဒီကလပ်စီဖိုင်းဆိုတာ လျှို့ဝှက်ချက်လို့ သတ်မှတ်ထားတဲ့ သတင်းအချက်အလက်တွေကို လျှို့ဝှက်စာရင်းက ပယ်ဖျက်ပြီး အများပြည်သူ ကြည့်ခွင့်ပေးလာတာကို ဆိုလိုတာဖြစ်တယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ လျှို့ဝှက်ချက်လေးတွေရှိတယ်။ နိုင်ငံခေါင်းဆောင်ရဲ့ အပြင်လုပ်ရပ်ကတစ်မျိုး၊ အတွင်းကလုပ်နေခဲ့တာ တစ်မျိုးပေါ့။ ဒါပေမယ့် ဒါတွေက တိုင်းပြည်အတွက် ကိစ္စဖြစ်တော့ တရားဝင်ပါပဲ။ လူမသိစေသင့်တဲ့ တရားဝင်ပေါ့။ ဒါတွေကို လျှို့ဝှက်ထားရလေ့ရှိတယ်။ တချို့နိုင်ငံတော် လျှို့ဝှက်ချက်အဆင့်က ချလိုက်တော့မှ ဟိုတိုင်းပြည်ခေါင်းဆောင်တွေ လုပ်ရပ်အကြောင်း အခုမှသိရတယ်တို့၊ သူတို့ခေါင်းဆောင်ချင်း ဒီလိုစည်းဝါးရိုက်ထားတာကိုး ဆိုတာတွေ ပေါ်လာရတယ်။

## DE FACTO

အင်္ဂလိပ်စကားမှာသုံးတဲ့ နိုင်ငံရေးစကား အများစုလို ပါပဲ ဒီစကားလုံးကလည်း ပြင်သစ်စကားက လာတာပါ။ အဓိပ္ပာယ်ကတော့ "တရားမှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ လက်တွေ့တည်ရှိနေသော။ ဖြစ်တယ်။ ဆိုပါတော့ ဒီအစိုးရက ပြည်သူရွေးကောက်တာ မဟုတ်ဘူးဆိုပေမယ့် လက်ရှိ အစိုးရ အဖြစ် ရပ်တည်နေတာဆိုရင် De Facto အစိုးရဖြစ်သွားတယ်။

## DEFEATISM

Defeatism ဆိုတာကတော့ အရှုံးပေးစိတ်ပဲ။ ဥပမာ အီရတ်မှာ အမေရိကန်တွေ အကျဆုံးများတာနဲ့ တပ်တွေ ပြန်ရုတ်ဖို့ပြောတဲ့သူကို defeatist အရှုံးဝါဒီလို့ ဆိုတာမျိုးပဲပေါ့။

## DELEGATE

ဒဲလီဂိတ်ကတော့ ညီလာခံတွေ အစည်းအဝေးတွေ ကို ကိုယ့်ရဲ့ကိုယ်စားလှယ်အဖြစ် စေလွှတ်လိုက်တဲ့သူဖြစ်တယ်။ DELEGATION ဆိုရင် အဖွဲ့ပေါ့။ နိုင်ငံရေး အသုံးအနှုန်းဖြစ်တယ်။

## DEMAGOGUE

ဒီမာဂေါ့ကတော့ အပြောအဟောကောင်းကောင်းနဲ့ လူထုကို သွေးထိုးသွေးဆွ ပြောကြားနိုင်တဲ့သူဖြစ်တယ်။ ဟစ်တလာကို အင်မတန်အပြောကောင်းတဲ့ DEMAGOGUE လို့ သတ်မှတ်ကြသလို လီနင်ကိုလည်း အဲဒီလို သတ်မှတ်ခဲ့ တယ်။ ဒါကြောင့် ဟစ်တလာက ကြီးကျယ်တဲ့တော်လှန်ရေးတွေ ဟာ ပုံနှိပ်စာကြောင့် ဖြစ်လာတာမဟုတ်ပါဘူး။ အပြောအဟော စကားလုံးကြောင့် ဖြစ်လာတာလို့ ဟစ်ကြွေးနိုင်ခဲ့တယ်။

## DEMOCRACY

ယေဘုယျအားဖြင့် ဒီမိုကရေစီကို လူထုအုပ်ချုပ်သော အစိုးရ တစ်နည်း ကိုယ်စားလှယ်တွေ ရွေးကောက်တင်မြှောက်ပြီး အုပ်ချုပ်တဲ့အစိုးရနိုင်ငံဖြစ်တယ်လို့ ဆိုရမယ်။

ဒီမိုကရေစီဆိုတဲ့ စကားလုံးဟာ ဓါမစကားက ဆင်းသက်လာတာဖြစ်ပြီး လူထုအတွက် လူထုအစိုးရလို့ဆိုတယ်။ ခေါမမြို့ပြနိုင်ငံတွေမှာတော့ ဒီမိုကရေစီစနစ်နှင့် အုပ်ချုပ်ရတာ အထိုက်အလျောက် လွယ်ကူခဲ့တယ်။ ဒီမိုကရေစီနှင့် ဆက်စပ်နေတဲ့အရာကတော့ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ နိုင်ငံရေးအဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်ခွင့်နှင့် တရားဥပဒေ စိုးမိုးရေးပါပဲ။

## DEMONSTRATION

ဒီမိုစထရေးရှင်းကတော့ လူထုအစည်းအဝေး ကျင်းပခြင်း၊ လူထုသဘောထား ဆန္ဒပြခြင်းတွေ ဖြစ်တယ်။ DEMONSTRATION ဆန္ဒပြမှုမှာ အကြမ်းဖက်မှု မပါဘူး။ ဒါပေမယ့် အေးအေးဆေးဆေး ဆန္ဒပြနေတာကို RIOT အထိကရုန်းဖြစ်အောင် တစ်နည်း ရုန်းရင်းဆန်ခတ်ဖြစ်အောင်လုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်တာကများပါတယ်။

## DENATIONLIZE

DENATIONALIZE ကတော့ ပြည်သူပိုင်သိမ်းထားတဲ့ လုပ်ငန်းတွေ အဆောက်အဦတွေကို ပုဂ္ဂလိကလက်ထဲ လွှဲပြောင်းပေးခြင်းပဲ။ လတ်တလော မြန်မာပြည်မှာ ကြုံတွေ့နေရတဲ့ ကိစ္စရပ်တွေပေါ့။

**DESPOTISM**

သက်ဦးဆံပိုင်အာဏာရှင်အုပ်ချုပ်မှု၊ အာဏာရှင်မျိုးပေါင်းများစွာထဲက အာဏာရှင်တစ်မျိုးဖြစ်တဲ့ DESPOT ရဲ့ လက်ကိုင်ဝါဒပါပဲ။

**DESTABILIZE**

နိုင်ငံရေးအခြေအနေ မတည်ငြိမ်အောင် ဆောင်ရွက်သည်လို့ အဓိပ္ပာယ်ဆောင်တယ်။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးကို ကသောင်းကနင်းဖြစ်အောင် လုပ်တာဖြစ်တယ်။

**DETAINEE**

နိုင်ငံရေးအရ ထိန်းသိမ်းထားသူကို ဒီတိန်းနီလို့ခေါ်တယ်။ တကယ်တမ်းကတော့ နိုင်ငံရေးသမားကိုပဲ ဒီလိုသတ်မှတ်လို့ရတယ်။

**DETENTE**

တိုင်းပြည်တွေကြား ဆက်ဆံရေးတင်းမာနေတာ ပြေလျော့သွားတာကို ဒီတက်ဖ်လို့ခေါ် တယ်။ တရုတ်၊ ရုရှား၊ အမေရိကန်ကြားမှာ ခဏခဏ DETENTE ဖြစ်လိုက် တင်းမာလိုက် ကာလတွေ လွန်ခဲ့တဲ့ရာစုနှစ်က အတော်များခဲ့တယ်။

**DIALECTICAL MATERRIALISM**

ဒါ မြန်မာနိုင်ငံရေးသမားတွေ ရင်းနှီးတဲ့ အနုပဋိလောမ ရုပ်ဝါဒပါပဲ။ ဒါက မတ်ခ် Marx ရဲ့ သဘောတရားပါ။ သမိုင်းဝင်ဖြစ်ရပ်တေဟ္မာ ပဋိပက္ခကျတဲ့ စီးပွားရေး (ဒါ့ကြောင့်

လူမှုရေး)အခြေအနေတွေက ပေါ်ပေါက်လေ့ရှိတယ်ဆိုတဲ့ သဘောတရားဖြစ်တယ်။

**DICTATOR**

ပုံမှန်အရတော့ ဒါက မရွေးကောက်မတင်မြှောက်ခံရတဲ့နောက် အာဏာရှင်စရိုက်ဝင်သွားတဲ့ သူမျိုးကိုဖြစ်တယ်။ ကမ္ဘာမှာ ထင်ရှားခဲ့ဆုံး DICTATOR အာဏာရှင်ကတော့ ဟစ်တလာပဲ။

**DIGNITARY**

ရာထူးအဆင့်မြင့်သူတွေကို ရည်ညွှန်းတဲ့စကားလုံးဖြစ်တယ်။ သံတမန်အုပ်စုတွေ အလည်အပတ်လာရောက်တဲ့ သမ္မတနဲ့အဖွဲ့မှာပါဝင်တဲ့ သူတွေကို DIGNITARIES လို့ ရည်ညွှန်းလေ့ရှိတယ်။

**DIPLOMACY**

သံတမန်ရေးရာဖြစ်တယ်။ နိုင်ငံတကာဆက်ဆံရေးကို စီမံခန့်ခွဲခြင်း၊ ပါးနပ်လိမ္မာစွာ ဆောင်ရွက်ခြင်းဆိုတဲ့ သဘောတွေပါတယ်။ တစ်နည်းပြောရရင် အတော်ဘဝင်မကျစရာအခြေအနေတွေကို ပျားလည်းဆွဲသာ ရှဥ့်လည်းလျှောက်သာအောင် လုပ်ရတဲ့ပညာပဲ။

**DIPLOMATIC IMMUNITY**

သံတမန်ကင်းလွတ်ခွင့်ကတော့ တိုင်းတစ်ပါးမှာ သံတမန် ဖမ်းဆီးမခံရအောင် ကုန်ပစ္စည်းသွင်းကုန် ထုတ်ကုန် အခွန်မဆောင်ရအောင်စတဲ့ အခွင့်အရေးတွေပေးတဲ့ ကင်းလွတ်

ခွင့်ပဲဖြစ်တယ်။ စစ်အေးကာလက ကွန်မြူနစ်နိုင်ငံ သူလျှိုတွေဟာ သံတမန်အရေးခြုံပြီး လှုပ်ရှားခဲ့ကြတယ်။ ဖမ်းမိရင် သံတမန်ကင်းလွတ်ခွင့်နှင့် ရုန်းထွက်လေ့ရှိခဲ့ကြတယ်။

**DISSIDENT**

ဒစ်ဆီဒန့်ကို ခွဲထွက်ရေးသမားလို့ပဲ ဆိုရမယ်ထင်တယ်။ သူကတော့ အတည်တကျအစိုးရနဲ့ အမြင်ခြင်းခြားနားပြီး ခွဲထွက်သူဖြစ်တယ်။ ပုန်ကန်ခြားနားတဲ့ အထိလောက်လည်း မဟုတ်ဘူး။

**DOCTRINE**

နိုင်ငံရေး၊ ဘာသာရေးသဘောတရားကို DOCTRINE လို့ ခေါ်တယ်။ သဘောတရားတစ်ခုရဲ့ အခြေခံယုံကြည်မှု ဒါမှမဟုတ် အခြေခံသဘောတရားလို့ဆိုရင် ပိုမှန်မယ်လို့ထင်တယ်။

**DOMINO THEORY**

၁၉၆၀-ခုနှစ်ပိုင်းတွေမှာ အလွန်ခေတ်စားတဲ့ သဘောတရားဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံက ကွန်မြူနစ်တွေလက်ထဲ ကျရောက်ရင် အနီးကပ်နိုင်ငံတွေပါ တစ်နိုင်ငံပြီး တစ်နိုင်ငံ ကျမယ်လို့ ယူဆချက်ဖြစ်တယ်။ အရှေ့တောင်အာရှ နိုင်ငံတွေကို ရည်ညွှန်းခဲ့တာဖြစ်တယ်။

**DEPRESSION**

ဒီပရက်ရှင်းက စီးပွားရေးဖြစ်ရပ် ဒါပေမယ့် နိုင်ငံရေးဂယက်ကောင်းကောင်းခတ်စေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ DEPRESSION ဆိုတာ ပြင်းထန်စွာ ဒါမှမဟုတ် ကာလကြာမြင့်စွာ

ဈေးနှုန်းနှင့် ကုန်သွယ်မှုကျဆင်းခြင်းကို ဆိုလိုတာဖြစ်တယ်။ DEPRESSION စီးပွားရေး ထိုင်းခြင်းဟာ RECESSION စီးပွားရေးထိုင်းပုံထက် ပိုပြီးပြင်းထန်တယ်။ ၂၀-ရာစုနှစ်ကာလက ဥရောပနှင့် အမေရိကန်နိုင်ငံမှာ ဘဏ်တွေ ဒေဝါလီခံကြိန်းဆိုက်ပြီး ၁၉၂၉-ခုနှစ်မှာ ဝေါလ်စထရီဒ်စီးပွားရေး ဈေးကွက်ပြိုတဲ့ကာလကို THE GREAT DEPRESSION လို့ ဆိုညွှန်းကြတယ်။ အဲဒီ စီးပွားပျက်ဖြစ်စဉ်ကြောင့် အမေရိကန်အပြင် ဥရောပမှာ အလုပ်လက်မဲ့တွေ များပြားပြီး အဲဒါကို ဆေးမြီးတိုနဲ့ပဲ ကုလိုက်ကြတာ ၁၉၃၉-ခုနှစ်၊ ဒုတိယကမ္ဘာစစ် ဖြစ်ပွားကိန်းဆိုက်တဲ့ အချိန်အထိပဲ။

## EGALITARIAN

သာတူညီမျှ သဘောတရားကို ခံယူထားတဲ့သူ သာတူညီမျှရေးအတွက် ဆော်ဩနေတဲ့သူကို ရည်ညွှန်းတဲ့ စကားဖြစ်တယ်။

## ELECTION

အလက်ရှင်းကတော့ ခုတလော လူအတော်ရင်းနှီးတဲ့ စကားဖြစ်ပါလိမ့်မယ်။ ရွေးကောက်ပွဲဖြစ်တယ်။ ဒီ ELECTION က သမ္မတရွေးကောက်ပွဲနဲ့ပဲ ပတ်သက်တာမဟုတ်ဘူး။ ရပ်ကွက်လူကြီးကို တင်မြှောက်တဲ့ကိစ္စမျိုးလည်း ELECTION ပဲဖြစ်တယ်။ မဲဆန္ဒရှင်ကတော့ ELECTOR ဖြစ်တယ်။ ရွေးကောက်တင်မြှောက်သူပေါ့။

**EN MASSE**

ဒါကလည်း ပြင်သစ်စကားပါပဲ။ အားလုံး အတူတကွ လို့ အနက်အဓိပ္ပာယ်ရှိတယ်။ တစ်လုံးတစ်စည်းဆိုရင် ပိုမှန်တယ်။ အားလုံး အကြားအလပ်မရှိ သဘောတူတယ်ဆိုရင် en masse လို့ သုံးလေ့ရှိတယ်။

**ENTENTE**

နိုင်ငံများကြား ခင်မင်စွာနားလည်မှုရှိခြင်းလို့ အနက်အဓိပ္ပာယ်ရှိတယ်။ ENTENTÈ CORDIALE ဆိုရင် ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံကြား ၁၉၀၄-ခုနှစ်ကတည်းက ရှိနေခဲ့တယ်။ အိမ်နီးချင်းကောင်း ဆက်ဆံရေးကို ဆိုလိုတာဖြစ်တယ်။

**ENTOURAGE**

ENTOURAGE ကတော့ အရေးပါတဲ့ပုဂ္ဂိုလ်နောက်က ပါတဲ့ အခြွေအရံအသင်းအပင်းတွေဖြစ်တယ်။ သမ္မတကြီးနဲ့ သူ့ရဲ့ ENTOURAGE ဆိုရင် ဝန်ကြီးတွေ၊ အကြံပေးတွေ၊ အရာရှိတွေအားလုံး ပါဝင်တယ်။

**EPOCH-MARKING**

သမိုင်းဝင် အထင်ကရဖြစ်တဲ့ကိစ္စ၊ ခေတ်ပြောင်း စနစ်ပြောင်း ကြီးကျယ်တဲ့ကိစ္စလို့ အနက်အဓိပ္ပာယ်ဆောင်တယ်။ ခေတ်ပြောင်းတော်လှန်ရေးဆိုရင် EPOCH-MARKING ဖြစ်ရပ်အဖြစ် ရည်ညွှန်းတယ်။

**(THE) ESTABLISHMENT**

ပြောင်းလဲမှုကို ဆန့်ကျင်တဲ့အခြေကျဩဇာရှိနေတဲ့

အုပ်စုကို ရည်ညွှန်းတဲ့စကားလုံးဖြစ်တယ်။ ဒီမှာ ESTABLISH-MENT က လက်ဝဲအင်အားစုဖြစ်ရင်ဖြစ်မယ်၊ လက်ယာအင်အားစုဖြစ်ရင်ဖြစ်မယ်။ အဓိကကတော့ အခြေခိုင်နေတဲ့အုပ်စုအစိုးရကို ဆိုလိုတာဖြစ်တယ်။

## ETHNIC CLEANSING

နေရာဒေသတစ်ခုမှာ နေထိုင်တဲ့ ဘာသာရေး ဒါမှမဟုတ် နိုင်ငံရေးလူမျိုးစုတစ်စုကို မောင်းထုတ်တာ ဒါမှမဟုတ် သုတ်သင်ရှင်းလင်းပစ်တာကို ရည်ညွှန်းတယ်။ ကရိုအေရှားတို့ ဆလပ်တို့မှာ ဖြစ်ပွားခဲ့တဲ့ မွတ်စလင်သုတ်သင်ရေးကိစ္စမျိုးတွေကို ဆိုလိုတာဖြစ်တယ်။

## EXPATRIATE

ဒီစကားလုံးက ပြည်ပြေးကိုလည်း ရည်ညွှန်းနိုင်တယ်။ ပြည်နှင်ဒဏ်ခံရတဲ့သူကိုလည်း ရည်ညွှန်းနိုင်တယ်။ ဒါပေမယ့် ပြည်နှင်ဒဏ်ခံကိုကျတော့ EXILED လို့ သုံးတာများတယ်။

## EXTERNAL

EXTERNAL ကတော့ ပြည်ပရေးရာနှင့် ဆိုင်တာဖြစ်တယ်။ နိုင်ငံခြားရေးဝန်ကြီးကို EXTERNAL AFFAIRS MINISTER လို့ခေါ်တဲ့ နိုင်ငံလည်းရှိတယ်။

## EXTRADITE

လူတစ်ယောက်ဟာ နိုင်ငံတစ်နိုင်ငံမှာ ပြစ်မှုကျူးလွန်ပြီးနောက် နိုင်ငံတစ်ခုကို ရှောင်ပြေးခိုလှုံရင် အဲဒီနိုင်ငံကနေ

ပြစ်မှုကျူးလွန်တဲ့ နိုင်ငံကို ပြန်ပို့ရင် EXTRADITE ပြုတယ်လို့ ဆိုတယ်။ ဒါပေမယ့် နိုင်ငံတိုင်း ဒီလိုလိုက်နာလေ့ မရှိပါဘူး။

**EXTREMISM**

အိပ်ဇ်တြီမစ်ဆင်းကတော့ တစ်ဘက်စွန်းဝါဒပဲ။ ဒီနေ့လောကမှာ ပြဿနာအများဆုံး ဖြစ်နေစေတာကတော့ အဲဒီ တစ်ဘက်စွန်းဝါဒီတွေပါပဲ။ အဆောက်အဦ ဗုံးခွဲတာတွေ လူဓားစာခံလုပ်တာတွေ၊ နိုင်ငံတော်သမ္မတ လုပ်ကြံတာမျိုးတွေက သူတို့လက်ချက်တွေပဲ။ အဲဒီလိုလုပ်တဲ့ သူတွေကို EX-TREMIST လို့ခေါ်တယ်။

**EXPULSION**

အိပ်စ်ပါလ်ရှင်းကတော့ ပါတီနိုင်ငံရေး လောကမှာ ကြားနေကျ သိပ်မထူးခြားတဲ့ စကားလုံးပါ။ ဟိုလူ ဒီလူကို ပါတီထဲက ထုတ်ပယ်ပစ်လိုက်တယ်လို့ အနက်အဓိပ္ပာယ်ရှိတဲ့ စကားလုံးဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေးမှ မဟုတ်ပါဘူး။ ကျောင်းကနေလည်း EXPELL ထုတ်ပစ်လိုက်ခြင်း ပြုလေ့ရှိပါတယ်။

**EXPURGATE**

အိပ်ခ်ပါဂိတ်ကတော့ ဆင်ဆာနိုင်ငံတွေမှာ နေထိုင်တဲ့သူတွေ ရင်းနှီးသင့်တဲ့ စကားလုံးပါပဲ။ အနက်အဓိပ္ပာယ်ကတော့ မသင့်တော်လို့ ယူဆရတဲ့ အရာတစ်ခုကို စာအုပ် ဒါမှမဟုတ် အခွေ ဒါမှမဟုတ် ကြော်ငြာ ဒါမှမဟုတ် စာတမ်းထဲက ထုတ်ပယ်ခြင်းလို့ အနက်အဓိပ္ပာယ်ရှိတယ်။ ဘယ်ဟာ သင့်တော်တယ် မသင့်တော်ဘူးဆိုတဲ့ စံပေတံကလည်း ခေတ်အခါ

အလျောက် အသွင်အမျိုးမျိုး ပြောင်းတတ်တော့ တစ်ခေတ်မှာ မသင့်တော်တာက နောက်တစ်ခေတ်မှာ 'မင်္ဂလာ'ဖြစ်နေနိုင်တာလည်း သိကြမှာပေါ့။

**EXPLOIT**

အိပ်ခ်ပလွိုက်ကတော့ ပြီးခဲ့တဲ့ ရာစုနှစ်တစ်လျှောက်လုံး သိပ်ခေတ်စားခဲ့တဲ့ စကားလုံးပဲ။ ကွန်မြူနစ်တွေ တွင်တွင်သုံးခဲ့တဲ့စကားပေါ့။ မင်းကိုသူတို့ EXPLOIT အမြတ်ထုတ်ကိုယ်ကျိုးရှာမယ်လို့ အလုပ်သမား လူတန်းစားတွေကို တွင်တွင်သတိပေးပြီးတော့ အရင်းရှင်ကို ဆော်ခဲ့တယ်။ ရာစုနှစ်တစ်စုမကုန်ရပါဘူး။ အဲဒီ အမြတ်ထုတ်ခံရတဲ့ လူတန်းစားကအမြတ်ထုတ်တဲ့ နေရာမှာ ဘယ်သူအဆိုးဆုံးဆိုတာ သဘောပေါက်ပြီး လူထုအားနဲ့ အဲဒီ ကွန်မြူနစ်ဆရာကြီးတွေအပြင်လက်ယာအာဏာရှင်တွေကိုပါ ဖြုတ်ချခဲ့တဲ့ ကိစ္စတွေက သမိုင်းဝင်ဖြစ်ရပ်တွေပါပဲ။

**ERECT**

အီရပ်ခ်က နိုင်ငံရေးစကားလုံး မဟုတ်ပါဘူး။ ဆောက်လုပ်ရေးစကားလုံးပါ တည်ခြင်း၊ ထောင်ခြင်းလို့ အနက်အဓိပ္ပာယ်ရတယ်။ နိုင်ငံရေးနှင့် ဆက်နွယ်စရာဆိုရင်တော့ ပါတီဆိုင်းဘုတ်ကြီး ထောင်တယ်ဆိုရင်တော့ ERECT လို့ သုံးနိုင်တယ်၊ သုံးကြတယ်။

**EQUAL OPPORTUNITY**

အီကဝဲလ်အောပါတျူနတီကတော့ တန်းတူအခွင့်

အရေးပါပဲ။ လူမျိုး ခွဲခြားမှုမရှိ၊ မိန်းမ ယောကျ်ားခွဲခြားမှုမရှိ၊ ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိ အရည်အချင်းတူရင် အခွင့်အရေး ခံစားခွင့်ရှိရမယ်ဆိုတဲ့ သဘောပါပဲ။ အမေရိကန်နိုင်ငံမှာ လူမည်းတွေဟာ လူဖြူတွေနဲ့တန်းတူ အခွင့်အရေးရဖို့ တော်တော်ကြာ တိုက်ပွဲဝင်ခဲ့ရပါတယ်။ အခုတော့ အသားမည်း အိုဘားမားတောင် သမ္မတဖြစ်နေတော့ သူတို့ရဲ့ တန်းတူအခွင့်အရေးတိုက်ပွဲ အတိုင်းအထက်အလွန် အောင်မြင်ခဲ့ပြီးလို့ ဆိုရမှာပဲ။

ဒါပေမယ့် EQUEL OPPORTUNITY စကားဟာ ရှိရင်းစွဲပေါ် ဂုဏ်ပိုမြင့်ဖို့ထက် ဂုဏ်ပိုမြင့်ချက်ကို လျှော့ချဖို့ ရည်ရွယ်ရာ ပေါ်ပေါက်လာတဲ့ စကားဖြစ်တယ်။ မူလရင်းမြစ်က EQUALITY OF OPPORTUNITY အခွင့်အရေး သာတူညီမျှရေး ဒါမှမဟုတ် EQUALITY BEFORE THE LAW ဥပဒေရှေ့မှောက်တွင် သဘောတူညီမျှရေးဖြစ်တယ်။ ၁၇၈၉ ခုနှစ်၊ ပြင်သစ်တော်လှန်ရေးကာလမှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ ဆောင်ပုဒ်ဖြစ်တယ်။ နိုင်ငံရေးအရ အရေးယူတဲ့အခါမှာ တော်ဝင်မင်းမျိုးမင်းနွယ်တွေ၊ ပဒေသရာဇ် လူတန်းစားတွေကို အထူးအခွင့်အရေးမပေးဘဲ သာမန်လူတွေနဲ့တန်းတူထား သတ်မှတ်စီရင်ဖို့ တောင်းဆိုရာက ပေါ်ပေါက်လာတဲ့ စကားဖြစ်တယ်။

**ERADICATE**

ဒီစကားလုံးကိုတော့ မှုးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး

ကြားရတာများပါလိမ့်မယ်။ အမြစ်က ဆွဲနှုတ် ခြေမှုန်းပစ်တယ် ဆိုတဲ့ အနက်အဓိပ္ပာယ်ရှိတဲ့ စကားလုံးဖြစ်တယ်။ ရန်သူနှင့် ပတ်သက်၍ သုံးတဲ့စကားဖြစ်လို့ စစ်ရေးနိုင်ငံရေး ဘက်စုံသုံးလို့ ရတယ်။

**FASCISM**

ဖက်ဆစ်စနစ်ဆိုရင် အထူးပြောစရာမလိုပါဘူး။ ဂျပန်ဖက်စစ်တွေဆိုပြီး အမှတ်ရတတ်တယ်။ မြန်မာအဘိဓာန်ကတော့ ဖက်ဆစ်စနစ်ကို ကြမ်းတမ်းရက်စက်စွာ ဖိနှိပ်အုပ်စိုးသော အာဏာရှင်ဝါဒလို့ ဆိုထားတယ်။ ဒါပေမယ့် ဖက်ဆစ်စနစ်ဟာ လက်ယာတစ်ဘက်စွန်း အာဏာရှင်စနစ်ဖြစ်ပြီး အီတလီနိုင်ငံ အမျိုးသားရေးလှုပ်ရှားမှု (၁၉၂၂-၄၃)ခုနှစ်မှာ အထင်ရှားဆုံး ဖြစ်ခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေကဆိုတယ်။

**FATHERLAND**

ဖားသားလန်းကို ယေဘုယျ ဘာသာပြန်ရရင် အဖေ့မြေ၊ ဒါမှမဟုတ် အဖနိုင်ငံဖြစ်တယ်။ MOTHERLAND အမိမြေက ပျော့တယ်လို့ယူဆပြီး အမျိုးသားကြီးစိုးရေးဝါဒီတွေဖြစ်တဲ့ အမာစားဖက်ဆစ်တွေ သုံးခဲ့တဲ့စကား အသုံးအနှုန်းဖြစ်တယ်။ ဒါ့ကြောင့် ဂျာမနီနိုင်ငံဆိုရင် အဖနိုင်ငံတော် အဖမြေရပ်လို့ တင်စားညွှန်းဆိုတာတွေရှိခဲ့တယ်။

**FATWA**

ဖက်တွာက မွတ်စလင်အသုံးအနှုန်းပါ။ အဓိပ္ပာယ်ကတော့အစ္စလာမ်ဘာသာရေး ခေါင်းဆောင်ရဲ့အမိန့်ပဲ။ အဲဒီ

အမိန့်ဆိုတာပေါ် မူတည်ပြီး အစ္စလမ်အကြမ်းဘက်သမားတွေက လှုပ်ရှားလေ့ရှိတယ်။ ဘာသာရေးခေါင်းဆောင်ရဲ့ အမိန့်ကို သက်အသေခံအကောင်အထည်ဖော်တာမျိုးပေါ့။

## FAUX PAS

ပြင်သစ်စကားဖြစ်တယ်။ မမှားသင့်တဲ့အမှားလို့ အနက်အဓိပ္ပာယ်ဆောင်တယ်။ ဥပမာ သတင်းစာရှင်းလင်းပွဲ တစ်ခုမှာ ကိုယ့်ကို ဒေါက်ဖြုတ်မယ့်အကြောင်းရပ်ကို ဦးတည်နေတဲ့ စကားကို မရှောင်မတိမ်းတတ် ဖြေမိခြင်းမျိုးဖြစ်တယ်။

## FAVOURITISM

ဒါကတော့ ရိုးရိုးစကားအဖြစ်လည်း တွေ့နိုင်တဲ့ စကားလုံးပါ။ မျက်နှာသာပေးခြင်းဖြစ်တယ်။ ဒါပေမယ့် အထက်ပုဂ္ဂိုလ်က မျက်နှာသာပေးလို့ လုပ်ငန်းဆောင်တာတွေမှာ အဆင်ပြေတဲ့ ပုဂ္ဂိုလ်မျိုးတွေက နိုင်ငံရေးလောကမှာ ပိုပြီး သိသာထင်ရှားတယ်မဟုတ်လား။ သူကတော့ ဆရာကြီးရဲ့ FAVOURITE ဆိုရင် ဆရာကြီးကို သူက မီးသေပြီးသားဆိုတာ လူတိုင်း သဘောပေါက်နေတယ်။

## FEDERALISM

ဖက်ဒရက်ဝါဒကတော့ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးတဲ့ ပြည်နယ်တွေ အကျိုးအရာတစ်ခုအတွက် ပေါင်းစည်းပြီး အစိုးရတစ်ဖွဲ့ထဲ လက်အောက်မှာ ရပ်တည်မှုပြုခြင်းပဲဖြစ်တယ်။

**FEUDAL SYSTEM**

ဖူဒရယ်စနစ်ကတော့ အလယ်ခေတ်က စနစ်တစ်ခုပဲ။ မြေပိုင်ရှင်နယ်စားပယ်စားတွေကို သူတို့ နယ်မြေနေလူတွေက သစ္စာစောင့်သိ အလုပ်ကျွေးပြု စစ်မှုထမ်းခဲ့ရတဲ့ ခေတ်ကာလစနစ်ဖြစ်တယ်။ သမိုင်းအကြောင်းပြောရင် ပြောစရာစနစ်တစ်ခုပဲပေါ့။ ဒါပေမယ့် အချို့အရပ်ဒေသ နိုင်ငံအချို့မှာ ဒီစနစ်ဟာ တခြားအမည်တစ်မျိုးနှင့် ရှိနေပါသေးတယ်။

**FIGUREHEAO**

ဖစ်ဂါဟက်ဒ်ဆိုတာကို ယေဘုယျအားဖြင့် ပြယုဂ်ခေါင်းဆောင် ဒါမှမဟုတ် အမည်ခံခေါင်းဆောင်လို့ ဆိုရမယ်ထင်တယ်။ တချို့ အဖွဲ့အစည်းအတွေမှာ နာယက ရယ်လို့တင်ထားပြီး အောက်ကလူတွေ လုပ်ချင်ရာလုပ် သူတို့အပေါ်အဲဒီပုဂ္ဂိုလ်ကြီးက ဩဇာမညောင်းတာမျိုးဖြစ်တယ်။

**FILIBUSTER**

ဥပဒေပြုလွှတ်တော်မှာ ဥပဒေပြဋ္ဌာန်း မဲခွဲမှု မပြုနိုင်အောင် ရမယ်ရှာပိတ်ဆို့မှု ပြုနေတာ၊ ပိတ်ဆို့နေတဲ့သူကို ဆိုလိုတာဖြစ်တယ်။ ဥပဒေပြဋ္ဌာန်းလိုက်ရင် အကျိုးအမြတ် မရှိမယ့်လူတွေရဲ့ လက်သိပ်ထိုးပေးတာကို ခံယူပြီး အဟန့်အတားလုပ်လိုက်တာမျိုးပေါ့။

**FLAG - WAVING**

တိုက်ရိုက်ပြန်ဆိုရင်တော့ အလံဝေ့ရမ်းသူဖြစ်တယ်။

ဆိုလိုတာကတော့ အရေးတစ်ခုအတွက် လှုံ့ဆော်တဲ့သူဖြစ်တယ်။ ဥပမာ အမျိုးသမီး အခွင့်အရေးအတွက် တိုက်ပွဲဝင်ဖို့ လှုပ်ရှားဖို့ ဦးဆောင်ဦးရွက်ပြု ဆော်ဩသူဖြစ်ပါတယ်။

## FUNDAMENTALIST

ဒါကတော့ ဘာသာရေး တစ်ယူသန် အယူသည်းတဲ့ လူစားပါပဲ။ အာရပ်နိုင်ငံတွေ အီရန်လိုဒေသတွေမှ ပြည်သူတွေကို ရှေးရိုးအစဉ်အလာအတိုင်း နေဖို့ထိုင်ဖို့ ကြပ်မတ်တာက ဒီ FUNDAMENTALIST တွေပါပဲ။

## FAIT ACCOMPLI

ဒီစကားကလည်း ပြင်သစ်စကားပါပဲ။ ၁၆၊ ၁၇၊ ၁၈ ရာစု နှစ်ကာလတွေတစ်လျှောက်မှာ ပြင်သစ်နိုင်ငံက ကမ္ဘာ့နိုင်ငံရေးစင်မှာ ယဉ်ကျေးမှုအရ အတော်လွှမ်းမိုးထားနိုင်တဲ့ အတွက် သူ့စကားအသုံးအနှုန်းတွေက သံတမန်ရေးရာ နိုင်ငံရေးရာမှာ အတော်အသုံးများခဲ့ရတယ်။ အရေးရာတစ်ခု စီရင်ဆုံးဖြတ်ပြီး ဖြစ်ထွန်းသွားပြီး ဘာမှထပ်မကွန့်နိုင်တော့ဆိုရင် ဖိတ်ဒ်အက်ကွန်ပလီလို့ သုံးလေ့ရှိတယ်။

## FACTSHEET

ဖက်ခ်ရှိဒ်ကို အစည်းအဝေး ခေါ်မယ့်လူတွေတော့ သိသင့်တယ်မှတ်တယ်၊ အစည်းအဝေးမှာ ဘာတွေဆွေးနွေးမယ်၊ ဆွေးနွေးမယ့်အကြောင်းတရားတွေ ရေးသားဖော်ပြထားတဲ့ စာရွက်ကတော့ FACT SHEET ပါပဲ။

## FAMILY PLANNING

ဖန်းမလီးပလင်းနင်းကို အနီးစပ်ဆုံးချုပ် ဘာသာပြန်ရင်တော့ သန္တေတားခြင်းပါပဲ။ ဒါ နိုင်ငံရေးစကား မဟုတ်ဘူးလို့ ဆိုနိုင်ပေမယ့် နိုင်ငံရေးနဲ့ အရမ်းပတ်သက်နေတယ်။ အိန္ဒိယတို့၊ တရုတ်နိုင်ငံတို့လို လူဦးရေမတရားများတဲ့ နိုင်ငံတွေမှာ သားသမီးတစ်ယောက် နှစ်ယောက်ထက် ပိုမယူကြဖို့ နိုင်ငံတော်က သတ်မှတ်စီစဉ်တာမျိုးတွေ လုပ်ရတယ်။ ဒါတောင်မှ အခုဆိုရင် ကမ္ဘာ့လူဦးရေ ငါးယောက်မှာ တစ်ယောက်က တရုတ်လူမျိုးဖြစ်နေတယ်။ ဒါက ကမ္ဘာ့နိုင်ငံရေးပေါ်မှာ ဘယ်လိုဂယက်ရိုက်နိုင်တယ်ဆိုတာ စဉ်းစားကြည့်ပေါ့။

## FAMILY TREE

ဖန်းမလီထရီးဆိုတာကတော့ မျိုးရိုးမျိုးဆက်မှတ်တမ်းပဲ။ သာမန်လူတွေကတော့ ဒါကို တခုတ်တရ အရေးမလုပ်ကြဘူး။ ဒါပေမယ့် မင်းမျိုးမင်းနွယ်တို့ နိုင်ငံရေးပုဂ္ဂိုလ်ကျော်တွေကြတော့ ဒါမျိုးမှတ်တမ်း သေချာထားတယ်။ ဂုဏ်ယူတယ်၊ ဥပမာ ဘုရှ်လိုပေါ့။ အဖေသမ္မတ၊ သားသမ္မတလို့ ပြစရာရှိတဲ့သူတွေကနေ အဘိုး၊ အဖေ၊ ဦးလေးတွေ တသီ တစ်တန်းကြီး နိုင်ငံရေးပုဂ္ဂိုလ်ကျော်တွေ ဖြစ်နေတာမျိုးတွေ၊ အရှေ့တိုင်းမှာဆိုရင် အိန္ဒိယခေါင်းဆောင် နေရူး၊ သမီး အင်ဒီရာဂန္ဓီ၊ အင်ဒီရာရဲ့သား ရာဂျစ်၊ ရာဂျစ်ရဲ့ဇနီး ဆိုနီ အဆင့်ဆင့်နိုင်ငံခေါင်းဆောင်ဖြစ်တာတွေကျတော့ မိသားစု FAMILY TREE မျိုးဆက်သစ်ပင်ကြီးပြပြီး ဂုဏ်ယူစရာပေါ့။

**FARCE**

ဖာစ်ဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ်ကတော့ ပေါက်ပေါက်ရှားရှား ယုံရခက်တဲ့ ဖြစ်ရပ်ပဲ။ ဒါက ဟာသဇာတ်အရေးအဖွဲ့နှင့် ပတ်သက်ပြီး သုံးတဲ့စကားလုံးပဲ။ ဒါပေမယ့် အထူးသဖြင့် နိုင်ငံရေးလောကမှာ ပေါက်ပေါက်ရှားရှား ဒါမှမဟုတ် မလုပ်သင့်မလုပ်ထိုက်တဲ့ကိစ္စမို့လို့ အရှက်တကွဲ အကျိုးနည်းစရာကိစ္စတွေ ပေါ်လာရင် အဲ့ဒါကို FARCE လို့ခေါ်တယ်။

**FAR-REACHING**

ဖားရီခ်ျင်ကတော့ တိုက်ရိုက်ဘာသာပြန်ဆိုရရင် အဝေးထိပေါက်ရောက်ခြင်း လွှမ်းမိုးခြင်းဖြစ်တယ်။ ဩဇာကြီးမားတဲ့ သဘော၊ လွှမ်းမိုးနိုင်မှုကို ဖော်ကျူးတဲ့ လူပုဂ္ဂိုလ်နဲ့ ပတ်သက်တယ်။ ဒါပေမယ့် မူဝါဒနဲ့ပတ်သက်တဲ့အခါကျတော့ ကာလအတော်ကြာအထိ ဂယက်ရှိမယ်။ ပြုပြင်ပြောင်းလဲမှုအတော်ဖြစ်စေနိုင်တဲ့ မူဝါဒ ဒါမှမဟုတ် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီးသုံးလေ့ရှိတယ်။

**FORCE-MAJEURE**

ဖို့စ်-မာဂျဒ်ကတော့ ဆန့်ကျင်လို့မရတဲ့ အင်အား၊ ဒါမှမဟုတ် ကြိုတင်မမြင်ရတဲ့ အခြေအနေလို့ အနက်အဓိပ္ပာယ်ဆောင်တဲ့ ပြင်သစ်စကားဖြစ်တယ်။ ဆိုလိုရင်းကတော့ မမျှော်လင့်တဲ့ အခြေအနေကြောင့် ဘယ်လိုမှ ထိန်းလို့သိမ်းလို့ မရဖြစ်သွားခြင်းပဲ။ နိုင်ငံရေး၊ စစ်ရေး ဒါမှမဟုတ် စီးပွားရေး ကိစ္စတွေမှာ မမျှော်လင့်တဲ့ ဖြစ်ရပ်ကြောင့် လူးလိမ့်သွားချင်းမျိုးပါပဲ။

သာမကပြရရင် ရုရှားနိုင်ငံခေါင်းဆောင် ဂိုဘာချက်က GLASNOST နှင့် တင်းကျပ်မှုတွေ လျှော့လိုက်တော့ တစ်တိုင်းပြည်လုံး ဝရုန်းသုန်းကား လွတ်လပ်ရေးဘက် ဦးတည်ပြီး ကသောင်းကနင်း ဖြစ်ကုန်တာမျိုးပဲ။

**FORCE-FEED**

ဖို့စ်ဖိဒ်ကတော့ အစာငတ်ရေငတ်ခံ သပိတ်တိုက်ပွဲဝင်တွေကို အတင်းကာရော အစာကျွေးတဲ့ကိစ္စပဲ။ နိုင်ငံရေးအရ ဆန္ဒပြတာမျိုးပေါ့။ ဆန္ဒပြနေတဲ့ ပုဂ္ဂိုလ်သေသွားရင် အာဇာနည်ဖြစ်ပြီး ကိစ္စက ပိုပြင်းထန်မှာမို့ အသေမခံနိုင်ဘူး။ အာဏာပိုင်တွေက အာဟာရဖြစ်မယ့် စားအစာအရည်တွေ နှာခေါင်းထဲကနေ ပိုက်နဲ့သွင်းတာမျိုးကို FORCE-FEED လို့ခေါ်တယ်။

**FORMALITY**

ဖောမလစ်တီကတော့ အခမ်းအနားတစ်ရပ်ရပ်ရဲ့ အစဉ်လာစည်းမျဉ်း ဓလေ့ထုံးစံပဲ။ အများစုက အခမ်းအနားကို ကြီးကျယ်အောင် လုပ်တဲ့ကိစ္စများတယ်။ တကယ်တမ်း အဓိပ္ပာယ်မရှိ အနှစ်သာရမဲ့တဲ့ ကိစ္စတွေဖြစ်တယ်။ ရှေးလုပ်ထုံးကို လိုက်လုပ်တာထက် မပိုတတ်ဘူး။ ဥပမာ အင်္ဂလိပ်ဘုရင်ရဲ့ မြင်းရထားကို မြင်းခြောက်ကောင် ဆွဲရတယ်ဆိုတာမျိုး၊ တခြား မြင်းရထားဆို ခြောက်ကောင်မဆွဲရဘူးပေါ့။ စကားမစပ် ပြောရရင်တော့ အဲဒီ ဓလေ့ထုံးစံကို ရှေ့နေတစ်ယောက် ဖျက်ခဲ့တဲ့အဖြစ် ရှိခဲ့တယ်။ လန်ဒန်မြို့လယ်ခေါင်ကနေ မြင်းခြောက်ကောင်ကတဲ့ မြင်းရထားနဲ့ဖြတ်မောင်းသွားတာတွေ့တော့ ရဲကလိုက်တယ်။

ဒါ ဘုရင်ပဲလုပ်ခွင့်ရှိတဲ့ကိစ္စ၊ ဒီလူ့ကို အရေးယူမယ်ပေါ့။ သေချာ ကြည့်လိုက်တော့ မြင်းကောင်တစ်ကောင်က အကောင်ထွားထွား မြည်းကောင်ဖြစ်နေခဲ့လို့ အရေးမယူနိုင်ခဲ့ဘူး။

**FORAY**

ဖောရေးက စစ်ရေးအသုံးအနှုန်းဖြစ်တယ်။ ရုတ်တရက် တိုက်ခိုက်ခြင်း စီးနင်းဝင်ရောက် တိုက်ခိုက်ခြင်းဖြစ်တယ်။ ဒါပေမယ့် သတင်းစာဆရာတွေက ဒီစကားလုံးကို အသွင်ပြောင်းသုံးကြတယ်။ ဥပမာ မူလသုံးသပ် ဆန်းစစ်နေတဲ့ အကြောင်းကနေ ရုတ်တရက် တခြားအကြောင်းတစ်ရပ်ကို ဆင့်ပွားသုံးသပ် ဆန်းစစ်တာမျိုးကိုလည်း FORAY လို့ သုံးတယ်။

**FACTORY FARMING**

ဖက်ထရီးဖာမင်းကို တိုက်ရိုက်စက်ရုံများ စိုက်ပျိုးခြင်း လို့ ဘာသာပြန်ဆိုလိုက်ရင်တော့ တက်တက်စင်မှားမှာပဲ။ စက်မှုနည်းပညာများဖြင့် ကြက်ဘဲဝက်နွားမွေးမြူရေး တိရစ္ဆာန်များ မွေးမြူခြင်းလို့ အဓိပ္ပာယ်ရတယ်။ လက်မှုနိုင်ငံ၊ စိုက်ပျိုးရေးနိုင်ငံ၊ စက်မှုနိုင်ငံစသဖြင့် ပုံစံပြောင်းလဲမှုမှာ အရေးပါတဲ့ စကားလုံးတစ်လုံးပါပဲ။

**GALLUP POLL**

ဂေါလပ်ဖ်ပိုက်ကတော့ အကြောင်းရပ်တစ်ခုခုနဲ့ ပတ်သက်ပြီး လူတွေရဲ့သဘောထား စစ်တမ်းကောက်ယူမှုပဲ။ ဒါ နိုင်ငံရေးကိစ္စမကဘူး၊ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စတွေပါ စစ်တမ်းကောက်ယူပေးတဲ့ အလုပ်ပါပဲ။

**GENERAL ELECTION**

ဒါကတော့ အထွေထွေရွေးကောက်ပွဲပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တွေ ရွေးကောက်ပွဲကို အပြည့်အစုံဆိုရင် အထွေထွေရွေးကောက်ပွဲ GENERAL ELECTION လို့ ခေါ်လေ့ရှိပါတယ်။

**GENERAL STRIKE**

အထွေထွေသပိတ်ဆိုတာကတော့ တစ်တိုင်းပြည်လုံး လုပ်ငန်းစုံက သပိတ်မှောက်တာကို ဆိုလိုတာဖြစ်တယ်။ လုပ်ငန်းတစ်ခုထဲ သပိတ်ဆိုရင် ဥပမာ TRASPORTATION STRIKE သယ်ယူပို့ဆောင်ရေးသပိတ် AIRWAY STRIKE လေကြောင်းသပိတ်လို့ သုံးလေ့ရှိတယ်။

**GENERATION**

ဂျယ်နရေးရှင်းဆိုတာကတော့ ခေတ်တစ်ခေတ်၊ မျိုးဆက်တစ်ဆက်ပါပဲ။ ယေဘုယျအားဖြင့် နှစ်ပေါင်းသုံးဆယ်ကာလကို ခေတ်တစ်ခေတ်လို့ သတ်မှတ်ထားတယ်။ လူကြီးနဲ့ လူငယ်တွေ အမြင်ချင်းမတူ ဖြစ်လာတာကို အဲဒီ GENERATION GAP ဂျယ်နရေးရှင်းဂပ်ဖ်လို့ ဆိုကြတယ်။

**GENOCIDE**

ဂျီနိုဆိုက်ကို ခုခေတ်မှာ အများကြီးတွေ့ရတယ်။ ရုရှားကနေ ခွဲထွက်တဲ့ ဥရောပနိုင်ငံငယ်တွေ ကမ္ဘောဒီးယားမှာ ပိုပေါ့ရဲ့လက်ချက်နဲ့ လူတွေအမြောက်အမြား သေကြေတာတွေပဲ၊ GENOCIDE ဆိုတာ လူမျိုးတစ်မျိုး ဒါမှမဟုတ် နိုင်ငံ

တစ်နိုင်ငံ မျိုးတုန်းအောင် အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်တာပဲ။ ဟစ်တလာနဲ့ နာဇီတွေက ဂျူးလူဦးရေ ၆-သန်းကျော်ကို သုတ်သင်သတ်ဖြတ်လိုက်တာမျိုး၊ ပိုပေါ့က ကမ္ဘောဒီးယား အလယ်လတ်လူတန်းစား ၂ သန်းကျော် သုတ်သင်တာမျိုးတွေပဲ။

**GESTAPO**

ဂက်စတာပိုကတော့ ဟစ်တလာရဲ့ နာဇီလျှို့ဝှက်ရဲတပ်ဖွဲ့ပေါ့။ လက်မနှဲ့ လူသတ်သမားတွေလို့ ဆိုညွှန်းကြတဲ့သူတွေပဲ။ ဂျပန်တွေရဲ့ ကင်ပေတိုင်တွေနဲ့ သိပ်မခြားနားခဲ့ပါဘူး။

**GHETTO**

GHETTO ရဲ့ အနက်အဓိပ္ပာယ်အမှန်ကတော့ နိုင်ငံတစ်နိုင်ငံရဲ့ လူနည်းလူမျိုးစု နေထိုင်ရာ သီးခြားဒေသပဲ။ ဒါပေမယ့် အဲဒီအရပ်ကို နှိပ်ကွပ်ထားတဲ့အတွက် တစ်ခုမှ မပြည့်စုံ၊ မီး၊ ရေ၊ သန့်ရှင်းရေးဝန်ဆောင်မှုတွေ မရှိတော့ ဆင်းရဲသားရပ်ကွက်သဘော ဖြစ်လာတယ်။ အမေရိကန်နိုင်ငံက နီဂရိုးတွေနေထိုင်တဲ့ ဆင်းရဲသားရပ်ကွက် SLMU တွေနဲ့ ထူးမခြားနားဖြစ်လာတယ်။

**GLANOST**

အရင် ဆိုရှယ်လစ်ဆိုဗီယက် ပြည်ထောင်စုမှာ ဂိုဘာချက်ခေတ်မှာ ကျင့်သုံးခဲ့တဲ့ အစိုးရပွင့်လင်းမှုပဲ။ လူအခွင့်အရေး ခံစားခွင့် အတော်အတန် ချပေးတဲ့ ခေတ်ကာလ

လို့ ဆိုရမယ်။ ကွန်မြူနစ်စနစ်တွေ အဆင့်ဆင့်ပြိုကွဲတဲ့ ခေတ်က စကားလုံးဖြစ်တယ်။

**GRAFT**

GRAFT ကို ယေဘုယျဘာသာပြန်ရရင် လာဘ်လာဘ လို့ ဆိုရမယ်။ နိုင်ငံရေး ဒါမှမဟုတ် စီးပွားရေးအရ အခွင့်အရေး လိုချင်လို့ လာဘ်ထိုးတဲ့ လာဘ်ပါပဲ။

**GRASS ROOTS**

GRASS ROOTS က တိုက်ရိုက်တော့ မြက်ပင်အမြစ်များပဲ။ အောက်ခြေလူတန်းစားလို့ ပြောတာဖြစ်တယ်။ မြေဇာမြက်တို့ နှင်းပြားတို့နဲ့ ဆက်နွယ်နေတဲ့ စကားလုံးတစ်လုံးပါပဲ။

**GINGER GROUP**

ဂျင်းဂျာဆိုတာက ဂျင်း၊ တရုတ်ဆိုတာ အုပ်စု ဒါ့ကြောင့် GINGER GROUP ကို ဂျင်းအုပ်စုလို့ ဘာသာပြန်ရင် အထိုက်အလျောက် မှန်တယ်လို့ဆိုရမယ်။ ဘာလို့ဆိုတော့ အဲဒီအစုက နိုင်ငံရေးပါတီ ဒါမှမဟုတ် လှုပ်ရှားမှုတစ်ခုမှာ လုပ်နေကိုင်နေပုံကို သဘောမတွေ့လို့ မီးထိုးလာတဲ့ အုပ်စုပဲ။ မရိုးမရွဖြစ်အောင် ဂျင်းထည့်တဲ့ အုပ်စုပဲ။ အဖွဲ့အစည်းတွေက ခွဲထွက်တဲ့ တစ်ယူသန်အုပ်စုတွေ စတည်ရာအစုလို့ ပြောရမယ်။

**GIMMICK**

ဂစ်မစ်ဆိုတာ လူစိတ်ဝင်စား ဒါမှမဟုတ် လူကို ဆွဲဆောင်တဲ့လုပ်ရပ်၊ လှည့်ကွက်၊ ကိရိယာတစ်ခုခုပဲ။ ဥပမာ ဒီပစ္စည်းကို လူစိတ်ဝင်စားအောင် ပထမ အယောက် ၂၀ ကို

မဲဖောက်အလကားပေးမယ်လို့ ကြေညာစီစဉ်တာမျိုး၊ ဒါမှ အစိုးရကို ဖက်ဆစ်ဆန်တယ်လို့ ရှုံ့ချဟောပြောမယ့် တရားပွဲမှာ ဂျပန်ကင်ပေတိုင်နှင့် ဂျာမန်ဂက်စတာပို ဝတ်စုံတွေဝတ်ထားတဲ့ အဖွဲ့နှစ်ဖွဲ့ စစ်ချီလမ်းလျှောက်တာမျိုးပေါ့။

## GROWTH INDUSTRY

ဂရို့တ် အင်ဒတ်စ်တြီးဆိုတာကတော့ တဟုန်ထိုးဖွံ့ဖြိုးတိုးတက်နေတဲ့ လုပ်ငန်းပဲ။ ဥပမာ ကွန်ပျူတာဆော့ဖ်ဝဲထုတ်လုပ်တဲ့လုပ်ငန်း တဟုန်ထိုး ဖြစ်ထွန်းနေတာမျိုးပေါ့။ အဲဒီ GROWTH INDUSTRY အခွင့်အခါပေးမှုပေါ် မူတည်ပြီး တိုင်းပြည်ဟာ နေ့ချင်းညချင်း တိုးတက်ကြီးပွားနိုင်တယ်။

## GRAFT

ဂရပ်ဖ်ကတော့ နှစ်ဆယ်ရာစု ကုန်ခါနီးကာလမှာ ဂျပန်ဝန်ကြီးချုပ်တို့ ကိုရီးယားဝန်ကြီးချုပ်ရဲ့ သားတို့ အမေရိကန်က လွှတ်တော်ကိုယ်စားလှယ်တွေ အိန္ဒိယနိုင်ငံက လွှတ်တော်ကိုယ်စားလှယ်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လုပ်ခဲ့ကြတဲ့ ကိစ္စပဲ။ တစ်နည်း ခြစားခြင်း၊ လာဘ်စားခြင်းပဲ။ GRAFT ဆိုတာ နိုင်ငံရေး ဒါမှမဟုတ် စီးပွားရေးကဏ္ဍမှာ တရားမဝင် အကျိုးအမြတ်ရယူတဲ့ ဓလေ့ကျင့်ထုံးလို့ အဘိဓာန်မှာ ပြန်ဆိုထားတယ်။ ခြစားတာ ပိုးမွှားခြကောင် မဟုတ်ဘူးဆိုတာသိတဲ့ သူတွေအတွက်တော့ ဒီစကားလုံး အထူးရှင်းပြစရာ မလိုတဲ့စကားလုံး ဖြစ်မယ်ထင်ပါတယ်။

**GRILL**

ဂရီးလ်ကတော့ ရိုးရိုးရှင်းရှင်း ပြောရရင် မီးဖုတ်တာပါပဲ။ အမဲခြောက်ဖုတ်တာ ငါးခြောက်ဖုတ်တာ GRILL ပဲ။ ဒီငါးခြောက်ဖုတ်တဲ့ စကားလုံးက နိုင်ငံရေးအပြောထဲ ဝင်ရောက်ရတဲ့ အကြောင်းကတော့ ဆိုပါတော့ ပုဂ္ဂိုလ်တစ်ယောက်က အာဏာပိုင်တွေနဲ့ ဆန့်ကျင်တဲ့အလုပ် လုပ်တယ်၊ အဲဒီလူကို ဖမ်းမိတော့ သူ့ကြံဖော်ကြံဖက်တွေသိဖို့ သူတို့အစီအစဉ်တွေကို သိဖို့ ဒီလူကို ပြင်းပြင်းညှဉ်းဆဲတာ၊ မီးမောင်းကြီးတွေနဲ့ ထိုးထားပြီး လူလှယ်ပြီး မရပ်မနား နာရီပေါင်းများစွာ စစ်ဆေးမေးမြန်းတာ GRILL ပါပဲ။

**GUERILLA**

ဂါရီးလာဆိုတာ ပြောက်ကြားစစ်သည်ပါပဲ။ စစ်နှင့်ပတ်သက်တာလို့ ဆိုပေမယ့် ပြောက်ကြားအများစုက အစိုးရအာဏာပိုင်အဖွဲ့အစည်းကို တန်းတူယှဉ်လို့မရတဲ့အတွက် အစုအဖွဲ့လေးတွေဖွဲ့ပြီး တိုက်ခိုက်တဲ့အုပ်စု တစ်နည်းပြောရရင် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ရဲ့ လက်ရုံးအင်အားစုဖြစ်လို့ နိုင်ငံရေးစကားလုံးလို့လည်း ဆိုလို့ရလိမ့်မယ်။

**HABEAS CORPUS**

ဒါက နိုင်ငံရေးနဲ့ ဆက်နွယ်ပတ်သက်တဲ့ ဥပဒေစကားလုံးဖြစ်တယ်။ လူတစ်ယောက်ကို ဖမ်းဆီးထိန်းသိမ်းထားတယ် ဆိုပါစို့။ သူ့ကို ဖမ်းဆီးချုပ်နှောင်ထားတာ ဥပဒေနှင့်ညီမညီ စစ်ဆေးဖို့ တရားသူကြီးရှေ့ကို လူကိုယ်တိုင် ထုတ်ပေးရဲ့ဆင့်တဲ့ အမိန့်ဖြစ်တယ်။

## HAND IN GLOVE

HAND IN GLOVE လက်အိတ်စွပ်ထားတဲ့ လက်အိတ်လို့ တိုက်ရိုက်အဓိပ္ပာယ်ပေါ်စေတဲ့ ဒီစကားရဲ့အဓိပ္ပာယ်ကတော့ တစ်ကြိတ်တည်းတစ်ဥာဏ်တည်းပါပဲ။ ပြောရရင် လက်အိတ်နဲ့ လက် တစ်သားတည်းပြုခြင်းကို ဆိုလိုတာဖြစ်တယ်။ တခြားနေရာတွေမှာ တွေ့ရသလို နိုင်ငံရေးလောကမှာလည်း ကြုံတတ်တဲ့ကိစ္စကို ရည်ညွှန်းတဲ့စကားပဲ။

## HIERARCHY

HIERARCHY ကတော့ ရာထူးအဆင့်ဆင့်ကို ဆိုလိုတာဖြစ်တယ်။ ဌာနမှာဖြစ်ဖြစ်၊ အဖွဲ့အစည်းမှာဖြစ်ဖြစ် အောက်လူကနေ အထက်ကို အဆင့်ဆင့်တက်သွားတဲ့ သမ္မာဆင့် အနေအထားကို ရည်ညွှန်းတာဖြစ်တယ်။

## HIGH-LEVEL

အဆင့်မြင့်လို့ အဓိပ္ပာယ်ရှိတယ်။ ဥပမာ အရေးကိစ္စတစ်ခုမှာ သမ္မတချင်း တွေ့ဆုံဆွေးနွေးတယ်ဆိုရင် အဲဒီ အဆင့်မြင့် တွေ့ဆုံဆွေးနွေးပွဲ HIGH-LEVEL ဖြစ်တယ်။

## HOLOCAUST

ဟိုလိုကော့စ်ရဲ့ အဓိပ္ပာယ်ကတော့ အကြွင်းမဲ့ မြေလှန်သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်းပဲ။ ၁၉၃၅-၄၅ ခုနှစ်မှာ ဂျူးလူမျိုးတွေရဲ့ စည်းစိမ်ဥစ္စာတွေသိမ်း၊ အိမ်ယာမီးတိုက်၊ လူတွေကို အဆိပ်ငွေ့ပေးပြီးသတ်၊ အလောင်းပြာချခဲ့တာကို THE HOLOCAUST လို့ဆိုတယ်။ ရှေ့က THE ခံပြီး အက္ခရာစာလုံးကြီးနဲ့ရေးရင် တခြားရှင်းလင်းသုတ်သင်မှု မဟုတ်ဘူး။

အဲဒီ ၁၉၃၉-၄၅ ဂျူးသုတ်သင်မှုကို ရည်ညွှန်းတယ်ဆိုတာကို သဘောပေါက်ပါ။

**HOSTAGE**

ဟို့စတိတ်ခ်ကတော့ ဓားစာခံပဲ။ အကြမ်းဖက်သမားတွေက လေယာဉ်တွေ အပိုင်စီး၊ ဒါမှမဟုတ် အဆောက်အဦကို စီးနင်း၊ လူတွေ ဓားစာခံလုပ်ဖမ်းထားပြီး သူတို့လိုချင်တဲ့ နိုင်ငံရေးသမားတွေ လွှတ်ပေးခိုင်းတာမျိုး ကြားကြမှာဖြစ်လို့ ဒီစကားလုံးနဲ့ စိမ်းမယ်မထင်ပါဘူး။

**HOTLINE**

HOTLINE ကတော့ စစ်အေးတိုက်ပွဲကာလက တစ်ဘက်ဘက်က စိတ်စောပြီး အနုမြူလက်နက်ကြီးတွေ မပစ်လွှတ်မိစေဖို့ အမေရိကန်သမ္မတနှင့် ရုရှားခေါင်းဆောင်တိုက်ရိုက်ဆက်သွယ်ထားခဲ့တဲ့ ဖုန်းလိုင်းပါပဲ။

**HOUSE-ARREST**

တိုက်ရိုက်ပြန်ဆိုရင်တော့ အိမ်မှာ ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ်တယ်။ မြန်မာအသုံးအနှုန်းကတော့ အကျယ်ချုပ်ပေါ့။

**HUMAN RIGHTS**

HUMAN RIGHTS ကတော့ အထူးပြောစရာ မလိုပါဘူး။ လူ့အခွင့်အရေးပါပဲ။ နှစ်ဆယ်ရာစုရဲ့ နောက်ဆုံးဆယ်စုနှစ်စုမှာ HUMAN RIGHTS တွေအကြောင်း တော်တော်ကြားခဲ့ကြတော့ အထူးမပြောလိုတော့ပါဘူး။

## HUNG PARLIAMENT

ဒီစကားကိုတော့ ရင်းနှီးကြမှာ မဟုတ်ဘူး။ လွှတ်တော်မှာ ဘယ်နိုင်ငံရေးပါတီမှ မဲဆန္ဒအများစု မရထားရင် HUNG PARLIAMENT လို့ခေါ်တယ်။ HUNG က တွဲလောင်းဖြစ်တော့ ဟိုမရောက်ဒီမရောက် မျောက်သစ်ကိုင်းလွတ်ပါလီမန်လို့ မြင်လိုက်ရင် ရှင်းမယ်ထင်တယ်။

## HUNGER STRIKE

HUNGER STRIKE ဏတော့ အစာငတ်ခံ ဆန္ဒပြခြင်းဖြစ်တယ်။

## HUSH - HUSH

ဟတ်ရှ်-ဟတ်ရှ်ကတော့ အရပ်စကားပဲ။ ထိပ်တန်းလျှို့ဝှက်ချက်။ ထိပ်တန်းလျှို့ဝှက် ဆောင်ရွက်နေတယ်လို့ အဓိပ္ပာယ်ရှိပါတယ်။

## HUSH-MONEY

HUSH-MONEY ရဲ့ အဓိပ္ပာယ်ကတော့ နှုတ်ပိတ်ငွေပဲ။ ကိုယ်မဟုတ်တာ လုပ်ထားရင် လူသိရှင်ကြား မဖြစ်စေအောင် နှုတ်ပိတ်ခပေးတဲ့ငွေဖြစ်တယ်။

## HEGEMOMY

ဟက်ဂီမိုနီရဲ့ အဓိပ္ပာယ်ကတော့ ခေါင်းဆောင်မှုပါပဲ။ လက်တလော အမေရိကန်အစိုးရကို ဒီလိုသာ HEGEMONY ပြနေရင် ခင်ဗျားရဲ့ ခေါင်းဆောင်မှုဟာ လူရိုသေရှင်

ရှိသေဖြစ်ပြီး ကြာကြာခံမှာမဟုတ်ဘူးလို့ ဝေဖန်တဲ့ သတင်းစာဆရာတချို့ ပြောကြားတယ်ဆိုတဲ့ အသုံးအနှုန်းမျိုးကာစကားပါ။

## (THE) HERD

သည်ဟာဒ်ကတော့ အုပ်စုပါ။ ဒါပေမယ့် လူအုပ်စုမဟုတ်ဘူး။ နွားတို့၊ သိုးတို့လို အုပ်စုမျိုးကို ဆိုတာဖြစ်တယ်။ လူနဲ့ပတ်သက်ပြီး သုံးတဲ့အခါမှာ ရှုံ့ချတဲ့သဘောပါတယ်။ ဒါ စိတ်ပညာရပ်ကလာတဲ့ စကားဖြစ်တယ်။ လောကလူစားအများစုက အဲဒီအုပ်စု သဘာဝရှိကြတယ်။ အုပ်စုဖွဲ့နေတယ်။ ရှေ့ကလူရဲ့ နောက်လိုက်လိုက်တယ်။ သင်းကွဲဖြစ်ရမှာ ကြောက်တယ်ဆိုတာတွေပေါ့။ ဒါ့ကြောင့် ဒီလူတွေကို အုပ်ထိန်းချုပ်ကိုင်ချင်ရင် ခေါင်းကို ဒါမှမဟုတ် တစ်မျိုးပြောရရင် အညာကို ကိုင်နိုင်ဖို့လိုတယ်။ အညာဘယ်သူလဲဆိုတာ သိဖို့လိုတယ်ဆိုတဲ့ သဘောတရားတွေရှိတယ်။ စိတ်ပညာကျွမ်းကျင်တဲ့သူဟာ လူအကိုင်အတွယ် ကျွမ်းကျင်တယ်လို့ ဆိုရိုးပြုတယ်။ နိုင်ငံရေးသမားကောင်းအတွက် လိုအပ်တဲ့အရည်အချင်းတစ်ရပ်ပဲ။

## HERESY

ဟာစီဟာ ဘာသာရေးစကားလုံးဖြစ်တယ်။ သမားရိုးကျ ယုံကြည်ချက်နဲ့ ဖီလာဆန့်ကျင်တဲ့ အယူအဆလို့ အနက်အဓိပ္ပာယ်ရှိတယ်။ ဒါထက် နည်းနည်းလျှော့ပြောရင် ပုံမှန်သက်ခံထားတဲ့ သဘောတရားနဲ့ ဆန့်ကျင်တဲ့အမြင်ဖြစ်တယ်။ ဘယ်အယူအဆနဲ့မဆို အကျုံးဝင်သုံးလို့ရတယ်။ သုံးတဲ့သူ သုံးဘယ်။ ဒါပေမယ့် ဘာသာရေးကို အခြားဘာနဲ့မှ နှိုင်းယှဉ်လို့

မရတဲ့ကဏ္ဍလို့ သတ်မှတ်တဲ့သူတွေကတော့ စည်းစောင့်တယ်။ ခက်တာက အခုခေတ် ဥပမာ မွတ်စလင် တစ်ဘက်စွန်းဝါဒီတွေ နိုင်ငံရေးလှုပ်ရှားတဲ့ခေတ်မှာ ဒီစကားကို နိုင်ငံရေးလောကမှာ ကြားလေ့ရှိတာပဲ။

## HERITAGE

ဟယ်ရီတေ့ချ်ဆိုတာ တိုင်းပြည်ရဲ့အမွေအနှစ် သမိုင်းဝင်ဒေသ၊ အဆောက်အဦစတဲ့ ဟာတွေပဲ။ မြန်မာပြည်ရဲ့ ပုဂံမြေ၊ ရန်ကုန်မြို့တော်ခန်းမ အဲဒါတွေမျိုးပေါ့။ နိုင်ငံတိုင်းမှာ တိုင်းပြည်ရဲ့ အမွေအနှစ်ရှိတယ်။ ဒီအမွေအနှစ်တွေကို ကုလသမဂ္ဂအဖွဲ့က သတ်မှတ်စောင့်ရှောက်ကာကွယ်တဲ့ နေရာတွေရှိတယ်။ ဒါပေမယ့် ကိုယ်ပစ္စည်းကိုယ် မြတ်နိုးထိုက်တယ်လို့ သတ်မှတ်တာ မြတ်နိုးတယ် မမြတ်နိုးတာက အဲဒီလူမျိုးရဲ့ ယဉ်ကျေးမှုစရိုက်လက္ခဏာအရေးပါပဲ။ ဘယ်သူမှ ကောင်းတယ်ဆိုးတယ် ဝင်ပြောလို့မရဘူး။

## HARANGUE

ခေါင်းဆောင်ကြီးက အတော်မကျေမနပ် ဖြစ်နေတယ်။ လက်သီးလက်မောင်းတန်း အော်ကြီးဟစ်ကျယ်နဲ့ ဘယ်နိုင်ငံကဖြင့် ဘယ်လိုလုပ်လိုက်တာ မတရားဘူး၊ ဘယ်လိုလူတန်းစားကဖြင့် တိုင်းသူပြည်သား မပီသဘူး၊ ဘယ်ပါတီကဖြင့် မိထွေးကို အမေခေါ် နေတယ်လို့ မပြီးနိုင်မစီးနိုင် ပြစ်တင်မောင်းမဲ့ ပုတ်ခတ်ပြောဆိုတာဟာ HARANGUE ပါပဲ။ ဒါမျိုးလူထုအကြိုက်ဆွပြီး ပြောတာမျိုးကို ဟစ်တလာအလွန်ပဲ ကျွမ်းကျင်ခဲ့တယ်။

**HARD LINER**

ဟက်ဒ်လိုင်းနာ့ဟာ မူဝါဒအသေကိုင်ထားသူပဲ။ လောကကြီး ဘာဖြစ်နေနေ လိုက်လျောညီထွေ ညွှတ်ပြောင်းမှု မရှိဘူး။ ဒါဆို ဒါပဲသမားတွေဖြစ်တယ်။ နိုင်ငံရေးမှာ ဒီလို အမာခံ အရိုးစွဲခံယူတဲ့သူတွေဟာ နိုင်ငံရေးညှိနှိုင်းမှုတွေကို မဖြစ်အောင် အဟန့်တားတတ်ဆုံး ပုဂ္ဂိုလ်တွေပါပဲ။

**HAVE-,HAVE-NOT**

ဟက်ဖ်၊ ဖက်ဖ်နော့ကို ယေဘုယျ ဘာသာ ပြန်ရရင် ရှိသူမရှိသူပဲ။ ဒါ့ထက် တစ်ဆင့်သွားရင် ပစ္စည်းရှိ လူတန်းစားနဲ့ မရှိလူတန်းစားပဲ။ မက်ခ်ဝါဒရဲ့ အရင်းကျမ်း သဘောတရား တွေရဲ့ လေနဲ့ပြောရရင် လောကကြီးတစ်ခုလုံးက ရှိသူနဲ့မရှိသူ တွေကြား ပဋိပက္ခပါပဲ။

**HARBINGER**

ဟာဘင်ဂါဟ္ဘာ အတိတ် ဒါမှမဟုတ် လာလတ္တံ့ ပုဂ္ဂိုလ်ရဲ့ ရှေ့ပြေးအရာ ဒါမှမဟုတ် ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒါတင် မကဘူး။ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုရဲ့ ရှေ့ပြေးအသေးစားဖြစ်ရပ် ...လည်း ဖြစ်နိုင်တယ်။ ဥပမာ အမေရိကန်နိုင်ငံက ကုန်သွယ် ...ရေး မျှော်စင်ကို အကြမ်းဖက်သမားတွေက လေယာဉ်ပျံနှင့် ...င်တိုက်တဲ့ကိစ္စ။ အဲဒီဖြစ်ရပ်မတိုင်ခင် ဆယ့်ငါးနှစ်လောက်မှာ ...မျှော်စင်ကို လေယာဉ်လေးတစ်စင်း ဝင်တိုက်ခဲ့တဲ့ဖြစ်ရပ်က ရှေ့ပြေးဖြစ်နိုင်ခြေ လုပ်နိုင်ခြေပြချက်တွေ။ ဒါတွေကို HARBINGER လို့ ဆိုနိုင်တယ်။

**HANG FIRE**

ဟန်းင်ဖိုင်းယားကို တိုက်ရိုက်ဘာသာပြန်ဆိုရင် ပစ်ခတ်မှုတန့်ထားဆိုတဲ့ စစ်သုံးဝေါဟာရဖြစ်တယ်။ ဒါပေမယ့် ဘယ်လိုကိစ္စမျိုးမဆို ခဏဟန့်တားရင် မလုပ်သေးဘဲထားရင် HANG FIRE လို့ခေါ်လို့ရတယ်။ SUSPEND ဆိုတဲ့စကားနဲ့ အတူတူပဲ။ ရာထူးက ခေတ္တချထားတယ်ဆိုတဲ့ SUSPENSION နှင့် ယှဉ်မှတ်ရင် မှတ်ရလွယ်မယ်။

**IMPEACH**

ဒီစကားလုံးက မြင့်တယ်။ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ စွပ်စွဲတာကိုပြောတာပဲ။ သေဒဏ်ထိုက်တဲ့ ကိစ္စပေါ့။

**IMPERIALISM**

ဒါကတော့ ကိုလိုနီခေတ်က အင်အားကြီးနိုင်ငံတွေ လုပ်ခဲ့တဲ့ နယ်ချဲ့စနစ် ကုန်သွယ်ရေးနဲ့ဖြစ်စေ၊ တခြားနည်းလမ်းနဲ့ဖြစ်စေ တိုင်းပြည်တွေကို ကျူးကျော်သိမ်းပိုက်တာဖြစ်တယ်။ မြန်မာပြည်လည်း ဧကရာဇ်ဘုရင်မကြီး ဗစ်တိုရီးယားအတွက် မွေးနေ့လက်ဆောင်အဖြစ် သိမ်းခံလိုက်ရတာမဟုတ်လား။

**INAUGURATE**

ရာထူးခန့်အပ်တာကို INAUGURATE လို့ သုံးတယ်။ ဒါပေမယ့် သမ္မတတို့ ဝန်ကြီးတို့ကို အဆင့်မြင့် ပုဂ္ဂိုလ်တွေကို သုံးတာဖြစ်တယ်။ အဆင့်နိမ့်ရင် APPOINTED ပဲဖြစ်တယ်။ ခန့်အပ်တယ်ပေါ့။ INAUGURATE မှာကျတော့ တင်မြှောက်တဲ့ သဘောပါတယ်။

## INCENDIARY

ယေဘုယျပြောရရင် မီးလောင်စေသောလို့ အဓိပ္ပာယ်ရှိတယ်။ ဒါပေမယ့် လူထုကို သွေးဆွလှုံ့ဆော်ပေးတာမျိုးကိုကျတော့လည်း INCENDIARY လို့ သုံးတယ်။ ဥပမာ သွေးထိုးပေးတဲ့ ဆောင်းပါးဆိုရင် INCENDIARY ARTICAL လို့ ဆိုတယ်။

## INDOCTRINATE

အင်ဒေါ့ကတြီနေ့တ်ကတော့ ယူဆချက် ယုံကြည်ချက်တစ်ခုကို အကြွင်းမဲ့ လက်ခံအောင် 'ရိုက်'သွင်းတာပဲ။ တရုတ်ပြည်ကို ကွန်မြူနစ်တွေက အာဏာရလာတော့ ကွန်မြူနစ်ဝါဒလက်မခံသူတွေကို ချုပ်နှောင်ပြီး အတင်းကာရောဝါဒ ရိုက်သွင်းတာမျိုးကို ဆိုလိုတာဖြစ်တယ်။

## INFIDEL

အင်ဖီဒလ်ဆိုတဲ့ စကားကိုတော့ မကြာမကြာကြားမိမယ် ထင်ပါတယ်။ မွတ်စလင်ဘာသာဝင် အကြမ်းဖက်သမားတွေက အမေရိကန်တွေ အမေရိကန်နိုင်ငံကို အမေရိကန်သမ္မတကို INFIDEL လို့ လွယ်လွယ်ဆဲလေ့ရှိတယ်။ အဓိပ္ပာယ်ကတော့ တရားပျက်အောင် ဒိဋ္ဌိကောင်ပဲ။

## INFILTRATE

ဒါကတော့ နယ်မြေတစ်ခု ဒါမှမဟုတ် ဌာနတစ်ခု။ နိုင်ငံရေးပါတီထဲ မထင်မရှား တဖြည်းဖြည်း ဝင်သွားပြီး နေရာယူတာကို ဆိုလိုတာဖြစ်တယ်။

## INFLATION

အင်ဖလက်ရှင်းကတော့ ဖောင်းပွမှုပဲ။ ငွေကြေးနဲ့ဆိုရင် ငွေကြေးဖောင်းပွမှုပဲ။ တစ်ဒေါ်လာကို တစ်ထောင်ကနေ တစ်ထောင့်နှစ်ရာ ဖြစ်သွားရင် ငွေကြေးဖောင်းပွတာပဲ။

## INFLUENTIAL

အင်မတန်ဩဇာညောင်းတာကို INFLUENTIAL လို့ ခေါ်တယ်။ အာဏာရှိ ငွေရှိတဲ့သူတွေရဲ့ အစွမ်းတစ်ရပ်ပဲ ဆိုရမယ်။ ဒါပေမယ့် စာပေလောကတို့ဘာတို့မှာလည်း သုံးနိုင်တယ်။

## INFORMER

အင်ဖွန်မာကတော့ ဟိုဘက်ကလည်းမကြည်၊ ဒီဘက်ကလည်း သံသယဖြစ်တာ ခံရတဲ့ လူစား သတင်းပေးပါပဲ။

## INFRINGE

INFRINGE က ချိုးဖောက်တာဖြစ်တယ်။ တခြားသူရဲ့ အခွင့်ရေး ဒါမှမဟုတ် တရားဥပဒေကို ချိုးဖောက်တာကို ရည်ညွှန်းတယ်။

## INTELLIGENCE

အင်တလ်လီဂျင့်စ်ကိုတော့ အောက်စဖို့အဘိဓာန်က စစ်ရေး ဒါမှမဟုတ် နိုင်ငံရေးကိစ္စအတွက် သတင်းအချက်အလက်များကို အထူးသဖြင့် လျှို့ဝှက်စွာစုဆောင်းနေတဲ့ အဖွဲ့အစည်းလို့ဆိုတယ်။ မြန်မာလို လွယ်လွယ်ပြောရရင်တော့ ထောက်လှမ်းရေးပေါ့။

## INTELLIGENTSIA

INTELLIGENTSIA ကတော့ နိုင်ငံရေးသမားတွေ ကြောက်တဲ့ လူတန်းစားတစ်ရပ်ပါပဲ။သူက ပညာတတ်ပေမယ့် ပညာတတ်အဆင့်မကဘူး၊ ယဉ်ကျေးမှုအဆင့်မြင့်မြင့် နိုင်ငံရေး အသိရှိတဲ့ လူတန်းစားတွေလို့ သတ်မှတ်တယ်။ နိုင်ငံရေးသမား တွေ မဟုတ်တာလုပ်ရင် ဝေဖန်နိုင်ပြီး ပြဿနာလုပ်နိုင်တဲ့ လူစားလို့ သတ်မှတ်ကြတယ်။

## IRON CURTAIN

ကမ္ဘာမှာ ကွန်မြူနစ်တွေ အင်အားကြီးနေတဲ့ ကာလ ပေါ့။ ဆိုဗီယက်ဘက်တော်သားဖြစ်တဲ့ ကွန်မြူနစ်နိုင်ငံတွေကို IRON CURTAIN (သံစည်းရိုး)နောက်က နိုင်ငံတွေလို့ခေါ်ခဲ့ တယ်။ နောက် တရုတ်တွင်ကျယ်လာတော့ တရုတ်ဘက်တော် သား ကွန်မြူနစ်နိုင်ငံတွေကို BAMBOO CURTAIN (ဝါးစည်းရိုး) နောက်က နိုင်ငံတွေလို့ ဆိုညွှန်းလေ့ရှိခဲ့တယ်။

## ISOLATIONISM

တခြားနိုင်ငံတွေ အရေးမှာ မပါဝင်တဲ့ မူဝါဒဖြစ်တယ်။ သီးခြား ကိုယ့်ဘာသာကိုယ်နေတဲ့ ပုံပေါ့။ ဒါပေမယ့် ဂျပန်ပြည် က အဲဒီလို လောကနဲ့ ကင်းကွာနေတုန်းမှာ ကွန်မင်ဒါဝယ်ရီက အမြောက်နဲ့လာထုလို့ တံခါးပိတ်ဝါဒကနေ တံခါးဖွင့်ဝါဒ ကျင့်ပြီး အမေရိကန်ကို လက်ခံခဲ့ရတယ်။ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်ကပါ။

**ILLICIT**

အစ်လီဆစ်ဆိုတာ တရားမဝင်သော ပိတ်ပင်ထားသော ဖြစ်တယ်။ ဥပမာ ဆန္ဒပြပွဲတစ်ခု ပြုခွင့်မရှိဘဲ ပြုတာက ILLICIT ပဲ။ ILLEGAL နှင့် ခပ်တိမ်းတိမ်းပဲကွာတယ်။ ILLICIT ရဲ့ ချိုးဖောက်မှုလုပ်ရပ်က ILLEGAL ချိုးဖောက်မှုလောက် မပြင်းထန်ဘူး။

**ILL-TIMED**

အီလ်တိုင်းမ်ကို သေချာအနက်ဖွင့်ရရင် အချိန်အခါမသင့်ခြင်းလို့ ဆိုရမယ်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးသုံးစကားလုံးပဲ။ ကိုယ့်ပါတီက သမ္မတလောင်း တင်မြှောက်ခါနီးမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်စဉ်က အရှုတ်ဇာတ်တစ်ခုပေါ်လာတဲ့ကိစ္စမျိုးက ချိန်ခါမသင့်ဖြစ်ခြင်း ILL-TIMED ပါပဲ။

**IMAM**

အိုင်မန့်က မွတ်စလင်ဘာသာဝင်တွေရဲ့ ဘာသာရေးစကားလုံးပါ။ မွတ်စလင်ဗလီမှာ ဝတ်ပြုတဲ့ ခေါင်းဆောင်ရဲ့ ဘွဲ့အမည်ဖြစ်တယ်။ အရှေ့အလယ်ပိုင်းဒေသ ဘာသာရေးသမားတွေ နိုင်ငံရေးနှင့် မတရား ဆက်စပ်ပါဝင် ပေါ်လွင်နေတဲ့အနေမှာ ဒီစကားလုံးက သိထားသင့်တဲ့ စကားလုံးလို့ပဲ ဆိုရမယ်။

**IMMIGRANT**

အင်မီဂရန့်က ကိုယ့်ပြည်ကိုယ့်ရပ်ကို စွန့်ပစ်ပြီး

တစ်ရပ်တစ်ပါးကို ပြောင်းရွှေ့တဲ့သူပဲ။ တစ်နည်းပြောရရင် ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့အခြေချတဲ့သူတွေပဲ။ တရုတ်လူမျိုးတွေလိုပေါ့။ တရုတ်လူမျိုးနှင့် အိန္ဒိယလူမျိုးလောက် ကိုယ့်ရပ်ကိုယ့်ဒေသကိုစွန့်ပြီး ရေကြည်ရာ မြက်နုရာရှာတဲ့လူမျိုး မရှိဘူး။ ဒါ့ကြောင့် နိုင်ငံတိုင်းလိုလိုမှာ တရုတ်တန်းဆိုတာရှိတယ်။ နောက် ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ကိုယ့်တိုင်းပြည်ဘယ်လောက်ကောင်းမကောင်း သိချင်ရင် ကိုယ့်တိုင်းပြည်မှာလာအခြေချချင်တဲ့လူ အရေအတွက်နဲ့ ကိုယ့်တိုင်းပြည်ကနေထွက်ခွာသွားချင်တဲ့ သူအရေအတွက်ကို နှိုင်းထိုးသုံးသပ်ကြည့်တဲ့။ IMMIGRANT က အဲဒီတစ်ပါးပြည်မှာ အခြေချသူပဲ။

## IMPROMPTU

အင်ပရွန့်တူကတော့ လက်တန်းပါပဲ။ မိန့်ခွန်းဖြစ်စေ၊ တေးကဗျာတစ်ပုဒ်ဖြစ်စေ၊ တေးသီချင်းတစ်ပုဒ်ဖြစ်စေ လက်တန်းပြောဆိုခြင်းဟာ IMPROMPTU ဖြစ်တယ်။ ဒါမျိုးကိစ္စ နိုင်ငံရေးသမားတွေ ကျွမ်းကျင်ရတယ်။ သတင်းစာဆရာက ရုတ်တရက်မေးလိုက်တဲ့ စကားကို ကောက်ခါငင်ခါပဲ ကိုယ့်အတွက် အကျိုးရှိပုံ့ပိုးရာရောက်မယ့် စကားပြောချက်ဖြစ်အောင် လက်တန်းတုံ့ပြန်ရတယ်။ ဒါမျိုး လျှပ်တစ်ပြက် တုံ့ပြန်ရာမှာ အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချီ အရမ်းကျွမ်းကျင်ခဲ့တယ်လို့ ဆိုတယ်။

## INFLATION

အင်ဖလက်ရှင်းဆိုတာ ဈေးနှုန်းတက်ခြင်း ဒါမှမဟုတ်

ငွေရဲ့ ဝယ်အားကျဆင်းခြင်းပဲ။ ဒုတိယကမ္ဘာစစ် မတိုင်ခင်ကာလ ကတော့ INFLATION ကို too much money chasing too few goods အလွန်နည်းပါးသော ကုန်ပစ္စည်းများကို အလွန်များပြားသော ငွေကြေးကလိုက်နေခြင်းလို့ အနက်ဖွင့်ဆိုခဲ့တယ်။ ငွေကြေးဖောင်းပွရတဲ့ အဓိကအကြောင်းတရားကတော့ ကုန်ထုတ်လုပ်ငန်းရှင်ရဲ့ ကုန်ကျစရိတ်နှင့် ကုန်ပစ္စည်းတန်ဖိုးပေါ်မှာ တည်မီတယ်။ ထုတ်လုပ်မှု တစ်စိုက်မတ်မတ် တက်နေတာကို လစာတိုးမြှင့်မှုက လွန်ကျူးရင် ဖြစ်လေ့ရှိတာလို့ မြင်တယ်။ ကုန်စည်ပမာဏထွက်နှုန်းထက် လစာတက်နှုန်းက ပိုကြီးမြင့်နေခဲ့ရင် ငွေကြေးဖောင်းပွမှုဆိုတဲ့ INFLATION မလွဲမသွေဖြစ်မှာပဲ။

## INSURGENTS

အင်ဆာဂျင့်ဆိုတာ ပုန်ကန်ထကြွနေသူ၊ သူပုန်တွေပါပဲ။ ကမ္ဘာပေါ်မှာ သူပုန်ကင်းတဲ့အရပ် နိုင်ငံကရှားပါတယ်။ ဥရောပနိုင်ငံတွေကိုတော့ သူပုန်ကင်းတဲ့ အရပ်ဒေသလို့ ဆိုနိုင်တယ်။ နိုင်ငံရေးအရ သဘောတူညီမှု မရှိနိုင်သမျှ ကာလပတ်လုံး သူပုန်ဆိုတာရှိမှာပါပဲ။

## IMPLEMENT

အင်ပလီမင့်ဆိုတာ သက်ရောက်မှုရှိစေခြင်း၊ အကောင်အထည်ဖော်ခြင်းပဲ၊ ဥပဒေပြုလွှတ်တော်က ဥပဒေ တစ်ခု ပြဋ္ဌာန်းယုံနှင့် ဘာမှဖြစ်မလာဘူး။ အဲဒီဥပဒေကို အကောင်အထည်ဖော်ဖို့ ဆက်လက်ဆောင်ရွက်မှု ပြုရတယ်။ အကောင်

အထည်ဖော်တာ သက်ရောက်မှုရှိစေတာ အဲဒါ IMPLEMENT ပါပဲ။

**JIHAD**

ဂျီဟာဒ်ကတော့ မွတ်စလင်တွေက သူတို့ဘာသာကို မယုံကြည်တဲ့သူတွေကို ဆင်နွှဲတဲ့ ဘာသာရေးစစ်ပွဲပါပဲ။ အကြမ်းဖက်သမားတွေက JIHAD ဆင်နွှဲနေပါတယ်လို့ မကြာမကြာ ဟစ်ကြွေးမှု တိုက်ခိုက်မှုပြုတတ်လို့ နိုင်ငံရေးသမားတွေ သိနေကြတဲ့ စကားလုံးပါပဲ။

**JERRY-BUILDING**

ဂျယ်ရီဘီလ်ဒင်းဆိုတာ ပစ္စည်းညံ့ညံ့နဲ့ ဆောက်ထားတဲ့ အိမ်ကို ဆိုလိုတာပဲဖြစ်တယ်။ လက်ရှိ မြန်မာနိုင်ငံမှာ တွေ့ရတဲ့ တချို့သောတိုက်ခန်းတွေလို့ပဲ ဆိုရမယ်ထင်တယ်။ ဒီ စကားလုံးမှာ နိုင်ငံရေးအမြင် စောင်းရိပ်ပါတယ်။ JERRY ဆိုတာ ဂျာမန်လူမျိုးတွေကို ခေါ်တဲ့စကားပဲ။ ဂျာမန်တွေ လုပ်တာ မကောင်းလို့ ခံယူတဲ့ခေတ်ကာလက ပေါ်ပေါက်ခဲ့တဲ့ စကားဖြစ်တယ်။ ဒီလိုစကားတွေမှာ နိုင်ငံရေးခံယူချက် အရိပ်အယောင်ပါတာ မဆန်းပါဘူး။ ဥပမာ ပေါက်ပေါက်ရှားရှား ဘာတွေမှန်း မသိပါဘူးလို့ဆိုရင် It's all Greek to me အားလုံးငါ့အတွက် ဂရိ(စ)ပဲ'လို့ ဂရိမဟုတ်တဲ့သူတွေကဆိုပြီး It's all Dutch to me အားလုံး ငါ့အတွက် ဒတ်ချ်(စ)ပဲလို့ ဒတ်ချ်လူမျိုးမဟုတ်တဲ့ သူတွေက ဆိုတတ်ကြတာမျိုးပါပဲ။

**JETSET**

ဂျက်ဆက်လူတန်းစားကတော့ မျက်မှောက်တစ်လွှား လူဂုဏ်တန်းတွေလို့ပဲ ဆိုရလိမ့်မယ်။ ကမ္ဘာအနှံ့ အပျော်ခရီး လျှောက်သွားနိုင်အောင် မတရားချမ်းသာနေတဲ့ သူတွေကို ဆိုလို တာဖြစ်တယ်။ အခုခေတ် ခရီးသွားတာ ဂျက်လေယာဉ်ပျံနဲ့ဖြစ်လို့ JETSET လို့ ဆိုတာလည်းဖြစ်တယ်။

**LAISSEZ-FAIRE**

ဒါလည်း ပြင်သစ်စကားပါပဲ။ သံတမန်သုံးစကား တွေ ထုံးစံပေါ့။ အဓိပ္ပာယ်ကတော့ ကြားဝင်စွက်ဖက်ခြင်း မပြုသော မူဝါဒဖြစ်တယ်။

**LANDSLIDE**

လန်းစလိုက်ဒ်က ရိုးရိုးဆိုရင် မြေပြိုတာဖြစ်တယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ မဲဆန္ဒတွေ မတရားရပြီး နိုင်တယ် ဆိုရင် LANDSLIDE VICTORY လို့ ဆိုတယ်။

**LEADING QUESTION**

ယေဘုယျပြောရရင် လမ်းကြောင်းမေးခွန်း လို့ ပြောရမယ်ထင်တယ်။ လိုချင်တဲ့ အဖြေထွက်လာအောင် အစ်တဲ့မေးခွန်းဖြစ်တယ်။ နိုင်ငံရေးသမားနှင့် သတင်းစာသမား တွေ့ဆုံရင်ကြုံတတ်တဲ့ မေးခွန်းပါပဲ။

**LEFT**

လက်ဝဲသမား-တစ်နည်း ကွန်မြူနစ်ကို LEFT လို့ သတ်မှတ်တာ အားလုံးသိကြမှာပါ။ ကိုယ့်ပါတီကဖြစ်ပေမယ့်

တစ်ဘက်စွန်းအတွေးအခေါ် ရှိနေတဲ့ အုပ်စုကိုကျတော့ LEFT WING လို့ခေါ်တယ်။

## LEGISLATURE

LEGISLATURE ကတော့ နိုင်ငံတစ်နိုင်ငံရဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်တယ်။ လွှတ်တော်နဲ့ပတ်သက်ပေမယ့် အဲဒီမှာ သီးခြားအဖွဲ့တစ်ခုပေါ့။

## LEBERAL

အလယ်အလတ် ပြုပြင်ရေး သဘောထားရှိတဲ့သူကို လစ်ဘရယ်လို့ ခေါ်တယ်။ အင်္ဂလန်မှာတော့ လစ်ဘရယ်ပါတီရယ်လို့ သတ်သတ်ရှိတယ်။

## LIBERTY

ကိုယ်ပိုင်လွတ်လပ်ခွင့်က လီဘာတီဖြစ်တယ်။ INDEPENDENCE က နိုင်ငံ လွတ်လပ်ရေး။ အတော်များများက လွတ်လပ်ခွင့်နှင့် လွတ်လပ်ရေးကို မှားပြီး LIBETY နှင့် INDEPENDENCE ရောရောထွေးထွေး ဖြစ်ကြတယ်။ ဒီကြားထဲ FREEDOM လွတ်လပ်မှုတစ်ခု ပါဝင်ရှုပ်တတ်သေးတယ်။ FREE ဆိုတဲ့ လွတ်လပ်ခြင်းပါ ရောလာရင်တော့ ပြောစရာမရှိ ရှုပ်ကုန်ရော။

## LOCAL GOVERNMENT

LOCAL GOVERNMENT ကို ဒေသန္တရ အစိုးရလို့ ဆိုရမယ်လို့ထင်တယ်။ အဲဒီ အရပ်ဒေသက ရွေးကောက်တင်မြှောက်ထားတဲ့သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေးအဖွဲ့ ဖြစ်တယ်။

**LEGEND**

လီဂျန်ကို ယေဘုယျဘာသာပြန်ဆိုရရင် ဂန္ထဝင်လို့ ဆိုရလိမ့်မယ်။ ထူးခြားကျော်ကြားတဲ့သူကို ဆိုညွှန်းတာဖြစ်တယ်။ အမေရိကန်နိုင်ငံမှာဆိုရင် ကောင်းဘွိုင်မင်းသား ဂျွန်ဝိန်းလို လူမျိုးတစ်ခေတ်တစ်ယောက် ထွန်းပေါက်သူမျိုးကို LEGEND လို့ ဆိုညွှန်းကြတယ်။

**LIAISON**

လေဆွန်ကတော့ ဆက်သွယ်မှုပါပဲ။ ကြားလူပေါ့ LIAISON OFFICER ဆိုရင် အဖွဲ့အစည်းနှစ်ခုကြား ဆက်သွယ်ရေးအရာရှိဖြစ်တယ်။ ဥပမာ ပုဂ္ဂိုလ်တစ်ယောက်က တရားဟောပွဲတစ်ခု ကျင်းပမယ်။ အဲဒီ ဟောပွဲပြောပွဲ ပြုလုပ်ဖို့အတွက် ပတ်သက်ရာပတ်သက်ကြောင်း အဖွဲ့အစည်းတွေကြား ဆက်သွယ်လှုပ်ရှားမှု ပြုရသူဟာ LIAISON OFFICER ပဲ။ ဒါပေမယ့် LIAISON မှာ တခြားအရိပ်တစ်ခုရှိတယ်။ အဲဒါကတော့ လင်ငယ်မယားငယ် ဖောက်ပြန်ဆက်ဆံမှုပဲ။ အဲဒီတော့ အသုံးသတိထားဖို့လိုတာပေါ့။

**MAJORITY**

မဲရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ မဲအများစုပမာဏကို ရည်ညွှန်းတာဖြစ်တယ်။ တစ်ခါတရံ မဲအများစုက သုံးလေးငါးမဲလောက်နဲ့ပဲ အများစုဖြစ်နေတာမျိုးရှိတယ်။ အမေရိကန်နိုင်ငံမှာ အိုက်ဆင်ဟောင်းပါ သမ္မတဖြစ်တော့ အဲဒါမျိုး ကြုံရဖူးတယ်။

## MALADMINSTRATION

အုပ်ချုပ်မှု မှားယွင်းတာ ဒါမှမဟုတ် ဆိုးဝါးတာကို MALADMINSTRATION ဖြစ်တယ်။ ဒါမျိုးက နိုင်ငံတော်တော်များများ တက်နေကျပြဿနာတစ်ရပ်ပါပဲ။

## MANDATE

ယေဘုယျပြောရရင် လုပ်ပိုင်ခွင့်ပဲ။ လူတွေက သမ္မတရွေးကောက်တင်မြှောက်တယ်။ အဲဒီလို ရွေးကောက်တင်မြှောက်မှုနဲ့ တစ်ပါးတည်းပေးလိုက်ကြတာကတော့ သူတို့ကိုယ်စားပြောဆိုလုပ်ပိုင်ခွင့် MANDATE ပဲ။

## MARTIAL LAW

မာရှယ်လောဆိုတာ စစ်ဥပဒေပဲ။ ဒါထက်ပိုပြီးဂဃနဏ ပြောရရင် ပုံမှန်ဥပဒေကို ဖျက်သိမ်းပြီး စစ်အစိုးရကအုပ်ချုပ်မှုပြုရာမှာ အသုံးပြုတဲ့ ဥပဒေဖြစ်တယ်။

## MARXISM

မက်ခ်ဝါဒ။ ကားလ်မက်ခ်ရဲ့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ဘုံပိုင်ဆိုင်မှု ရှိရမည်လို့ဆိုတဲ့ သဘောတရားဖြစ်တယ်။ ၂၀ ရာစုခေတ်တစ်ခေတ်လုံး ကသောင်းကနင်းဖြစ်စေခဲ့တဲ့ သဘောတရားတစ်ခုပါပဲ။

## MASS

လူစု လူထု လူစုဝေးမှုကို ဆိုတာဖြစ်တယ်။ ဒီကဆင့်ပွားပြီးဖြစ်တာက MASS MEDIA လူအများစုထံ သတင်းပြန်ကြားရေးစနစ်ဖြစ်တယ်။ ခုခေတ်မှာ လောကကို ကြိုက်သလိုကြိုးကစေဆွဲနိုင်တဲ့ အဆင့်ရှိတာ မီဒီယာလို့ ဆိုရလိမ့်မယ်။

**MATERIALISM**

ဒီနေ့လောကကြီး ပဓာနပြုနေတဲ့ ရုပ်ဝါဒက MATERIALISM ပါပဲ။ ရုပ်ပစ္စည်းပဓာန စည်းစိမ်ပြည့်ဝနေနိုင်ရေးကို ဖောင်းပေးတဲ့ ဝါဒဖြစ်တယ်။

**MEDIATE**

မီဒီအေ့ကတော့ ပြဿနာတွေဖြစ်နေတဲ့ အုပ်စုကြား နိုင်ငံကြား စေ့စပ်ဖြေရှင်းပေးတာကို ပြောတာပါပဲ။ ခုခေတ်မှာ စစ်မီးထတောက်မတတ် ကိစ္စတွေမှာ ဒီလိုကြားလူက MEDIATE တိုးတိုးတိတ်တိတ် သွားလုပ်ရတာများတယ်။ ပြေလည်မှု ယူမယ့် နှစ်ဘက်စလုံး သိက္ခာမကျအောင်ပေ့ါ။

**MELTING POT**

အားလုံးထည့်ကျိုထားတဲ့အိုးဆိုရင် MELTING POT ပဲ။ အမေရိကန်နိုင်ငံဟာ လူမျိုးစုံ နိုင်ငံဖြစ်နေလို့ သူ့ကို လူမျိုးပေါင်းစုံ ရောမွေကျိုထားရာအိုးလို့ ဆိုညွှန်းတယ်။

**MERCENARY**

မာဆင်နယ်ရီကတော့ ကြေးစားစစ်သည်ပါပဲ။ ဟိုဘကြီးတော်ဘုရားတို့ခေတ်က မင်းရဲကောင်းပုံတို့လို မြန်မာဘုရင်ကောင်းဖြစ်သွားတဲ့ ပေါ်တူဂီသားမျိုးက ကြေးစားစစ်သည်ပဲပေ့ါ။

**MERITO CRACY**

အရည်အချင်းကြောင့် ရွေးချယ်ထားသူများနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရကို MERITO CRACY လို့ခေါ်တယ်။ အရည်

အချင်းရှိတယ်ဆိုပြီး ရွေးကောက်တင်မြှောက်ထားတာပဲ။ နောက်မှ ကိုယ့်တောင်ပို့ဘုရားက ဖွတ်ထွက်လာတော့ ဘယ်တတ်နိုင်မလဲ။ တောင်ပို့ကို ဘုရားမှတ်တာ ကိုယ့်အမှားပေါ့။

**MILITARISM**

MILITARISM ကတော့ စစ်ဝါဒပဲ။ အကြမ်းဖက်တိုက်ခိုက်လိုတဲ့ သဘောရှိတာက MILITARISM ဖြစ်တယ်။ ဗီယက်နမ်စစ်ပွဲကာလမှာ အမေရိကန်မှာ ဒီစစ်ဝါဒ-စစ်ဝါဒီတွေနဲ့ PACIFIST စစ်ဆန့်ကျင်ရေး-ငြိမ်းချမ်းရေး လိုလားသူတွေ ခဏခဏ အဓိကရုဏ်းဖြစ်ခဲ့ကြတယ်။ MILITARIST ဆိုတဲ့ စစ်ဝါဒီကို HAWK သိမ်းငှက်၊ တိုက်ခိုက်သတ်ဖြတ်ဖို့ လိုလားသူနဲ့ PACIFIST ကို DOVE ဂျိုးငှက်-ငြိမ်းချမ်းရေးပုဂ္ဂိုလ်ရယ်လို့ ဘန်းစကားအခေါ်အဝေါ်တွေ ပေါ်ခဲ့တယ်။

**MILITIA**

MILITIA ကတော့ ပြည်သူ့စစ်ပဲ။ အရေးပေါ် အခြေအနေ တပ်မတော်အင်အားနဲ့ မလုံမလောက်ဖြစ်နေတဲ့ကာလမှာ အရပ်သားတွေထဲက ဖွဲ့စည်းတာ ပြည်သူ့စစ်ပဲ။ ဒါမှမဟုတ် တစ်ကြောင်းကြောင်းကြောင့် ပြည်သူထဲက ဖွဲ့စည်းတာ ပြည်သူကို ကာကွယ်ဖို့မျိုးကိုလည်း MILITIA လို့ပဲသုံးတယ်။

**MINORITY**

နိုင်ငံရေး လူမျိုးရေးတွေမှာ လူနည်းစုက MINORITY ပဲ။ MAJORITY ဆိုတဲ့ လူများစုနဲ့ ဆန့်ကျင်ဘက်ပဲ။ လွှတ်တော်မှာ မဲအင်အား အနည်းစုကလည်း MINORITY ပါပဲ။

**MONARCHY**

ကမ္ဘာပေါ်မှာ သိပ်မရှိတော့ ဒါမှမဟုတ် ရုပ်ပြ သဘောပဲရှိတဲ့ ဘုရင်စနစ်ဟာ MONARCHY ပဲ။ ထိုင်း၊ ဂျပန်၊ အင်္ဂလန်လို တချို့နိုင်ငံလေးတွေမှာပဲ ဘုရင်စနစ်ရှိတော့တယ်။ အထိုက်အလျောက်တော့ ဩဇာရှိတယ်။ ဒါပေမယ့် ရှေးဘုရင်တွေလို ကိုယ်ထင်ရာ ကိုယ်လုပ်လို့မရတဲ့ ဘုရင်တွေပဲ။

**MOTHER LAND**

မားသားလန်းကတော့ ရှေ့မှာ ဖော်ပြခဲ့တဲ့ ဖားသားလန်းလိုပဲပေါ့။ တချို့နိုင်ငံရေး သဘောထားပျော့ပြောင်းတဲ့ နိုင်ငံတွေကသုံးတဲ့ 'အမိမြေ'ဆိုတဲ့ စကားလုံးပဲ။

**MOTORCADE**

မော်တော်ကေ့ဒက်ကတော့ ယာဉ်တန်းပဲ။ ဒါပေမယ့် CONVEY လို့ စစ်ယာဉ်တန်း ဒါမှမဟုတ် ခရီးသွားယာဉ်တန်း မဟုတ်ဘူး။ ဒီယာဉ်တန်းက အဆင့်မြင့်တယ်။ သမ္မတတို့ နိုင်ငံတော်ဧည့်သည်တော်ကြီးတွေ တစ်နည်းပြောရရင် V.I.P အရေးပါ ပုဂ္ဂိုလ်ကြီးတွေ ရှေ့နောက်လမ်းရှင်းယာဉ် သက်တော်စောင့်ယာဉ်၊ အမှုထမ်းအရာထမ်းတွေယာဉ်နဲ့ တန်းစီးသွားကြတဲ့ ယာဉ်တန်းပါပဲ။

**MOVEMENT**

မူ့ဗ်မင့်ကတော့ ရိုးရိုးရှင်းရှင်း လှုပ်ရှားမှုပါပဲ။ အခွင့်အရေးတစ်ရပ် တောင်းဆိုလှုပ်ရှားတာ MOVEMENT၊ လက်နက်ကိုင်တော်လှန်လှုပ်ရှားတာ MOVEMENT၊ နောက်

ဆုံး တစ်နေရာကတစ်နေရာ ဒါမှမဟုတ် ဖင်ကြွရုံရွှေ့တာလည်း MOVEMENT ပဲ။

**MUTINY**

ဒါကတော့ အရပ်သားတွေနဲ့ သိပ်မပတ်သက်တဲ့ စကားလုံးပဲ။ စစ်သည်တွေ ဒါမှမဟုတ် တပ်သားတွေ အထက်အရာရှိကို ပုန်ကန်ခြားနားတာ MUTINY ပဲ။ နာမည်အကြီးဆုံး MUTINY တစ်ခုကတော့ MUTINY ON THE BOUNTRY ဘောင်ထရီးသင်္ဘောထက်မှ ပုန်ကန်ခြားနားမှုပဲ။ ရုပ်ရှင်မင်းသားကြီး မာလွန်ဘရန်ဒိုနဲ့ ရိုက်ကူးခဲ့တဲ့ နာမည်ကြီးရုပ်ရှင်တစ်ကားပဲ။

**MACHIAVELLIAN**

မက်ချီဝဲလီယမ်ဆိုတာ အကောက်အကြံများသော ကလိမ်ကကျစ်ကျသောဆိုတဲ့ အနက်အဓိပ္ပာယ်တွေရှိတယ်။ ဒီစကားလုံးဟာ ၁၇-ရာစုနှစ် ဖလော်ရင့် တိုင်းနိုင်ငံရေးသမား MACHIAVELLI ကို အစွဲပြုပြီးဖြစ်လာတဲ့ စကားလုံးဖြစ်တယ်။ မက်ချီဝဲလီက The PRINCE ဆိုတဲ့ စာတမ်းတစ်ခုကို အဲဒီအချိန် ဖလော်ရင့်တိုင်း မြို့ပြနိုင်ငံရဲ့ မင်းတစ်ပါးဖြစ်တဲ့ မီဒီစီအတွက် ရေးသားခဲ့တယ်။ အဲဒါ 'မင်းသား'စာတမ်းမှာ ခေတ်အဆက်ဆက် နိုင်ငံရေးကလိမ်ကကျစ်ကျမှုတွေ အာဏာခုတုံးလုပ်ပြီး ဘယ်လိုမင်းဖြစ်အောင် လုပ်လာတာတွေ သုံးသပ်တင်ပြထားလို့ အဲဒါကို အာဏာရှင်လက်စွဲကျမ်းလို့တောင် ဆိုညွှန်းခဲ့တယ်။ ဘစ်ဘလာကအစ ခေတ်သစ်အာဏာရှင်တိုင်းလိုလို အဲဒီ

မက်ချီဝဲလီစာတမ်းကို အနုစိတ်လေ့လာ လက်စွဲကျမ်းအဖြစ်ထားတယ်လို့ဆိုကြတယ်။ ဟုတ်မဟုတ်တော့ မသိဘူး။ ဟုတ်နိုင်ချေတော့ရှိပါတယ်။

**MINISTER WITHOUT PORTFOLIO**

ဌာနလက်ကိုင်မရှိ ဝန်ကြီးပါပဲ။ ရွေးကောက်ပွဲတုန်းက ကိုယ့်ကို တစ်တပ်တစ်အား ကူညီခဲ့တဲ့အတွက် သမ္မတဖြစ်တဲ့ အခါကျတော့ အတုံ့အပြန် ကျေးဇူးဆပ်တဲ့အနေနဲ့ ရာထူးတွေ ပြန်ချပေးလေ့ရှိတယ်။ အများစုက သံအမတ်ကြီးတွေဖြစ်ကုန်လေ့ရှိတယ်။ ဒါပေမယ့် အဲဒါပါချပေးပြီး ပေးစရာမရှိတော့ရင် ဒီလို ဌာနလက်ကိုင်မရှိ ဝန်ကြီးခန့်လိုက်လေ့ရှိတယ်လို့ဆိုကြတာပဲလေ။

**NATIONALIZE**

နယ်ရှင်နယ်လိုက်ဇ်ကတော့ ဆိုရှယ်လစ်ခေတ်မှာ မြန်မာပြည်ကြုံခဲ့တဲ့ ကိစ္စပဲ။ လုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းတဲ့ကိစ္စပဲ။ ဒီစကားလုံးက လုပ်ငန်းတွေကို ပြည်သူပိုင်အစိုးရပိုင်သိမ်းထားရာကနေ ပုဂ္ဂလိကလက်ထဲ ပြန်ပေးတဲ့ DENATION-ALIZE နဲ့ ဆန့်ကျင်ဘက်ပဲ။

**(THE) NEAR EAST**

ဒါကတော့ အရှေ့အနီးဒေသ မြေထဲပင်လယ်တစ်ဝိုက်က နိုင်ငံတွေကို ရည်ညွှန်းတဲ့စကားလုံးပဲ။ ဒါပေမယ့် MIDDLE EAST အရှေ့အလယ်ပိုင်းဒေသဆိုတဲ့ စကားလုံးလိုပဲ။ အနောက်ဥရောပရဲ့ အမေရိကန်ဘက်ကနေကြည့်ရင် အရှေ့ဖြစ်နေပေ

မယ့် မြန်မာပြည်ကကြည့်ရင် အနောက်ရောက်နေတော့ 'နာမ' အနေနဲ့ပဲ သုံးလို့ရတယ် မမှန်တဲ့စကားလုံးလို့ ဆိုရမယ်။

**NEGOTIATE**

နီကိုရှီအေ့တို့ NEGOTIATOR တို့ဆိုတဲ့ ဆွေးနွေးညှိနှိုင်းပွဲတို့၊ ဆွေးနွေးညှိနှိုင်းသူတို့က တချက်၊ အမေရိကန်အဆင်ပြေရေးအတွက် နစ်ဆင်ခေတ်ကာလမှာ နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်ဂျာက ဟိုပြေးဒီပြေး ဆွေးနွေးညှိနှိုင်းမှုတွေလုပ်နေတုန်းမှာ ခေတ်စားလူအာရုံထဲ အရောက်များခဲ့တဲ့စကားလုံးပဲ။

**NEPOTISM**

နီပိုတပ်ဆင်းကတော့ ရာထူးရာခံရှိတဲ့ သူက ကိုယ့်ဆွေမျိုးသားချင်းသွေးချင်းကို နေရာကောင်း၊ လုပ်ငန်းကောင်း၊ အခွင့်ကောင်း ချီးမြှင့်တဲ့ လုပ်ထုံးပါပဲ။ အင်ဒိုနီးရှားသမ္မတဆူဟာတို၊ ဖိလစ်ပိုင်သမ္မတ မာကို့စ်တို့ အဲဒီလိုကိစ္စကြောင့်ဝေဖန်ခံရတယ်။ ဒါပေမယ့် အဲဒါမျိုးက အမေရိကန်နိုင်ငံဂျင်မီကာတာခေတ်မှာ တောင်ကာတာကနေ သူ့ညီကို အထူးအခွင့်အရေးတွေနဲ့ ချီးမြှင့်တယ်ဆိုတဲ့ ပြဿနာရှိခဲ့တယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ဆွေမျိုးသားချင်း ကောင်းစားရေးကိုကြည့်ရတာပဲ။ ဒါပေမယ့် စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူပြောသလို နိုင်ငံတော်အိတ်ကပ်ထဲက ပံ့ပိုးတာတော့ မဖြစ်သင့်ဘူးပေါ့။

## NEUTRAL

ကမ္ဘာပေါ်မှာ ဘက်လိုက်မှု မပြုခဲ့ဆုံးနိုင်ငံကတော့ ဆွိစ်ဇလန်နိုင်ငံပဲ။ ဘယ်လိုစစ်ကြီးဖြစ်ဖြစ် တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်နေစေ သူက ကြားနေအနေနဲ့ ရပ်တည်ပြီး လွတ်ကင်းခဲ့တယ်။ ကြားနေရတဲ့ တခြားအကြောင်းတရားကလည်း သူ့နိုင်ငံကသေးသေး စစ်အင်အားလည်း လုံးဝမှမရှိခဲ့ဘဲ။

## NOBLESSE OBLIGE

ရာထူးကြီး အခွင့်အရေးပိုစားသလို တာဝန်ရှိတယ်ဆိုတာကို ရည်ညွှန်းတဲ့စကားလုံးပဲ ဖြစ်တယ်။

## NOMINATE

နောမစ်နေ့ဒ်ကတော့ ရွေးကောက်ပွဲအတွက် ဒါမှမဟုတ် ရာထူးအဆင့်တစ်ခုအတွက် နာမည်တင်သွင်းမှုဖြစ်တယ်။ အဲ ရုပ်ရှင်အော်စကာဆုပေးဖို့ နာမည်တင်သွင်းတာတွေဘာတွေလည်း NOMINATE ဖြစ်တယ်။

## NON-BELLIGERENT

ဒါကတော့ ရန်မလိုတဲ့နိုင်ငံ ရန်မလိုသူလို့ အနက်ဆောင်တယ်။ BELLIGERENT ရန်လိုတဲ့နိုင်ငံနဲ့ ဆန့်ကျင်ဘက်ပေါ့။ လက်ရှိပြောရရင် အမေရိကန်နဲ့ ဂျပန်လို နိုင်ငံမျိုးပေါ့။ အမေရိကန်နဲ့ အီရန်ကျတော့ BELLIGERENT ဖြစ်သွားတယ်။

## NON COMMITTAL

နိုင်ငံရေးသမား တစ်ယောက်ကို နိုင်ငံအရေးတစ်ခုခု

အကြောင်းမေးရင် သူက ဖြူတယ်လည်းမပြော၊ မည်းတယ်လည်းမပြောရင် အဲဒါ NON COMMITTAL လို့ ဆိုရမယ်။ တစ်နည်းပြောရရင် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရေငုံနှုတ်ပိတ်နေတယ်ပေါ့။

## NON-INTERUENTION

နန်အင်တာဗင့်ရှုံရှင်းကတော့ သူများကိစ္စမှာ ဝင်မစွက်ဖက်မှုဝါဒပဲ။ ကောင်းပါတယ်။ ဖာသိဖာသာပေါ့။ ဒါပေမယ့် ဆိုပါစို့။ ကိုယ့်အိမ်ဘေးက မီးလောင်ရင် ဝင်မစွက်ဖက်လို့ ရမလားလို့။ တချို့နိုင်ငံရေးသမားတွေက ဆိုတယ်။ ကြားဝင်သင့်ဝင်ရမယ်ပေါ့။ အရှေ့အလယ်ပိုင်းတို့၊ ဥရောပအလယ်ပိုင်းတို့မှာ အမေရိကန် ဝင်ပါနေတဲ့ပုံမျိုးပေါ့။

## NON-PARTY

NON-PARTY ကတော့ နိုင်ငံရေးပါတီတွေနဲ့ လွတ်ကင်းစွာလို့ဆိုတယ်။ မောင်ဖြူ၊ မောင်မဲ၊ မောင်ညို၊ မောင်ပြာ တစ်ယောက်မှနဲ့မှ မပတ်သက်ဆိုတဲ့ မူမျိုးပေါ့။ တကယ်ကျင့်ဖို့ကျတော့ ခက်တဲ့မူပါ။

## NAZISM

နာဇီအစ်ဇင်းရဲ့ စကားလုံးအပြည့်အဝကတော့ NATIONAL SOCIALISM အမျိုးသား ဆိုရှယ်လစ်ဝါဒပဲ။ ဟစ်တလာရဲ့ စိတ်ကူးအတွေးအခေါ် သဘောတရားနဲ့ ဟစ်တလာဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းရဲ့ ဝါဒဖြစ်တယ်။ ဟစ်တလာရဲ့ Meinkempt စာအုပ်မှာ ဖွဲဆော်ဦးချပြထားတဲ့

သဘောတရားကို ဆင့်ပွားထားတဲ့ အကြမ်းဖက်အမျိုးသားရေး ဝါဒဖြစ်တယ်။ အာရိယန်လူမျိုးဖြစ်တဲ့ ဂျာမန်တွေ ကမ္ဘာကို လွှမ်းမိုးရမယ်ဆိုတဲ့ ခံယူချက်ရှိတဲ့ NAZI နာဇီဝါဒပဲ။

**OBJECT**

OBJECT ကတော့ ကန့်ကွက်တယ်ပဲ။ ယတိပြတ် ကန့်ကွက်တယ်လို့ ပြောရမယ်။ ဒါကို NO OBJECT သွားလုပ်ရင် မကန့်ကွက် ဘူးတော့ မဖြစ်ဘူး၊ အရေးမပါတဲ့ အချက်လို့ အဓိပ္ပာယ်ရှိသွားတယ်။

**OBSERVER**

အော့ပ်ဆာဗာကတော့ ကြည့်ရှုလေ့လာသူဖြစ်တယ်။ ခုခေတ်မှာ အပြင်းအထန် တိုက်ခိုက်နေတဲ့ စစ်ပွဲမှာတော့ မပါဝင်မပတ်သက်ပဲ လေ့လာကြည့်ရှုပြီး ဘယ်နိုင်ငံတပ်က ဘယ်လောက်ညံ့ခဲ့တယ်။ သူပုန်က ဘယ်လောက်တော်တယ်လို့ သက်ဆိုင်ရာနိုင်ငံ အကြီးအကဲထံ သတင်းပြန်ပို့ရတာမျိုးရှိတော့ ဒီကြည့်ရှုလေ့လာသူရဲ့ကဏ္ဍက ခုခေတ်မှာ အတော်ကျယ်ပြန့်တယ်လို့ ပြောရမှာပဲ။

**OPINION**

အိုပီနယွန်က သဘောထားပဲ။ ကိစ္စတစ်ရပ်နဲ့ ပတ်သက်ပြီး ဘယ်လိုမြင်တယ်၊ ဘာတွေပေါ့။ OPINION POLL ကျတော့ အဲဒီကိစ္စနှင့်ပတ်သက်ပြီး အများရဲ့သဘောထား ကောက်ယူမှုစစ်တမ်းပဲ။

**OPPRESS**

အော့ဖရက်စ်ကတော့ ဖိနှိပ်ထားခြင်း ဒါမှမဟုတ် နှိပ်ကွပ်ထားခြင်းဖြစ်တယ်။ အာဏာရှင်အစိုးရလက်အောက်မှာ ပြည်သူတွေ ကြုံရလေ့ရှိတဲ့ အနေအထားဖြစ်တယ်။

**OSTRACIZE**

ဒါကတော့ ကိုယ့်လုပ်ရပ်မမှန်ရင် မဟုတ်ရင် အများက ဝိုင်းပယ်သင်းကွဲထားတဲ့ အနေအထားပဲ။ ခုခေတ်တော့ နိုင်ငံတွေကိုတောင် ဝိုင်းပယ်ဖို့ ကြိုးစားကြပါတယ်။ ဒါပေမယ့် အများဝိုင်းပယ်ထားတော့ နောက်ပေါက်ကဝင်ပြီး စီးပွားရေး လမ်းကြောင်းဖောက်တတ်လို့ OSTRACIZE လုပ်ရခက်တယ်။

**OVERTHROW**

အိုဗာသရိုးကတော့ အာဏာကဖြုတ်ချလိုက်တယ်။ အာဏာရှင် တော်တော်များများနဲ့ပတ်သက်ပြီး OVERTHROW ပဲ လုပ်ရတာများပါတယ်။ RESIGN လို့ခေါ်တဲ့ သူတို့ဘာသာ သူတို့ နှုတ်ထွက်တာမရှိဘူး။ သမ္မတနစ်ဆင်တောင် နိုင်ငံတော် သစ္စာဖောက်မှုနဲ့ အရေးယူမယ့်အနေပေါက်လာမှ RESIGN လုပ်ခဲ့တယ်။ အစကတည်းက သူကအာဏာမက်နေလို့ WATERGATE ကိစ္စ ဖြစ်ပေါ်ခဲ့တာကိုး။

**OFF THE RECORD**

တရားဝင်မဟုတ် တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြား အသိပေးချက်မျှသာလို့ အဓိပ္ပာယ်သက်ရောက်တဲ့ စကားဖြစ်တယ်။ ON THE RECORD ဆိုတာကျတော့ တရားဝင် လူသိ

ရှင်ကြားလို့ အမိပွာယ်သက်ရောက်တယ်။ ဒါတွေကို နိုင်ငံရေးသမားတွေ အင်တာဗျူးလုပ်ရမှာ တွေ့ရလေ့ရှိတယ်။ အခုကျုပ်ပြောပြမယ့်စကားက OFF THE RECORD ဆိုရင် အင်တာဗျူးလုပ်တဲ့လူက ထည့်မရေးနဲ့၊ ကိုယ့်ဘာသာကိုယ်ပဲ သိထားဆိုတဲ့ သဘောရောက်တယ်။

**PAMPHLET**

ပမ်ပလက်ကတော့ လက်ကမ်းကြော်ညာလေးပါပဲ။ နိုင်ငံရေးကိစ္စနဲ့ပတ်သက်တော့ လူကြော်ညာ၊ မူကြော်ညာလေးလို့ပဲ ဆိုရပါမယ်။

**PATRIOT**

ပက်ထရိုက်ကတော့ မျိုးချစ်ပဲ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အသက်ပေးရဲတဲ့သူပေါ့။ ကဗျာဆရာကြီးဘေရွန်ကတော့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးလို့ ခေါ်စရာမရှိတဲ့သူဟာ အသက်ရှင်လျက် သေနေသူပဲဆိုတဲ့ သဘောသက်ရောက်တဲ့ ကဗျာဖွဲ့ပြီး PATRIOT ကို ထောပနာပြုခဲ့တယ်။

**PERESTROIKA**

ပယ်ရီစထရိုက်ကာကတော့ အရင် ဆိုဗီယက်ပြည်ထောင်စုရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုတစ်ရပ်ပါပဲ။ GLASNOST လိုပဲ ဆိုဗီယက်ပြည်ထောင်စုကို ရုရှားနိုင်ငံဖြစ်စေတဲ့ သဘောတရားတွေနဲ့ပတ်သက်တဲ့ စကားတစ်လုံးလို့ ဆိုရမယ်။

## PERSONAE NON GRATA

ဒီစကားလုံးကတော့ ဒီလူဟာ နိုင်ငံအတွင်းမှာ ကျင့်ထုံးနဲ့မညီတာတစ်ခုခုလုပ်ထားလို့ လက်မခံနိုင်လို့ နိုင်ငံချင်း အကြောင်းကြားရာမှာ အသုံးပြုတဲ့စကားပဲ။ အထူးသဖြင့် သံတမန်စည်းမျဉ်း ချိုးဖောက်သူတွေကို ပြည်တော်ပြန်စေရာမှာ သုံးတယ်။ သူနဲ့ဆန့်ကျင်ဘက် PERSONA GARATA ဆိုတာ ရှိတယ်။ လက်ခံတဲ့အခါမှာ သုံးတဲ့စကား။ ဒါပေမယ့် အဲဒီစကားက ဟိုးလေးတကျော်ကျော်ကိစ္စနဲ့ မနွယ်တတ်တော့၊ ကြားရလေ့သိပ်မရှိပါဘူး။

## PETITION

တစ်စုံတရာနဲ့ပတ်သက်ပြီး အစိုးရ ဒါမှမဟုတ် အာဏာပိုင်တွေဆီကို လူအများအပြား လက်မှတ်ရေးထိုးတင်တဲ့အခါ အဆိုပြုချက်ကို PETITION လို့ခေါ်တယ်။ အဲဒီ PETITION မှာ ရပ်ကွက်လမ်းပြင်ဖို့ကနေ တိုင်းပြည်အရေး ဒီလိုလုပ်ပေးအထိ အကြောင်းရပ်အမျိုးမျိုး ဖြစ်နိုင်တယ်။

## PICKET

PICKET ကတော့ သပိတ်ထားတာပဲ။ PICKET LINE ကတော့ သပိတ်တားတဲ့စည်းပဲ။ ဥပမာ အလုပ်ဌာန သပိတ်မှောက်တယ်ဆိုရင် အဲဒီရှေ့ကနေ အတားအဆီးတွေ လုပ်ထားတယ်။ ဒီစည်းကိုကျော်ပြီး မဝင်နဲ့၊ အလုပ်မလုပ်ကြနဲ့ပေါ့။

## PLACARD

ပလေကပ်ဒ်ကတော့ ဆန္ဒပြတဲ့အခါမှာ ကိုင်တွယ်တဲ့ ဆိုင်းဘုတ်ကြီးတွေပဲ။ ကဒ်ထူပြားနဲ့ ဖြစ်ရင်ဖြစ်မယ်။ ဖျင်စကြီးတွေဖြစ်ရင်ဖြစ်မယ်၊ အဲဒီပေါ်မှာ ကိုယ့်သဘောထား၊ ဆန္ဒတွေ ရေးထားတယ်။ 'ဘာညာအရေး၊ အောင်ရမည်'တို့ ဘာတို့ပေါ့။

## PLATFORM

ပလက်ဖောင်းက စင်ပေါ့။ ဒါပေမယ့် နိုင်ငံရေး အဓိကထားပြောရရင် နိုင်ငံရေးပါတီတစ်ခုရဲ့ မူဝါဒပဲ။ အဲဒါ နိုင်ငံရေးပါတီရဲ့ ရပ်တည်ချက် ခံယူချက်ပေါ့။

## PLEBEIAN

ပလီဘီဘာန်က ယေဘုယျပြောရရင် အများပြည်သူ ဖြစ်တယ်။ PLEBISCITE လို့ ပေါင်းစပ်ဆိုတော့ မဲဆန္ဒရှင်တွေ လို့ အဓိပ္ပာယ်ရှိသွားတယ်။

## POLITICAL

ပိုလစ်တစ်ကဲလ်ဆိုတာ နိုင်ငံတော် ဒါမှမဟုတ် အစိုးရနဲ့ သက်ဆိုင်သောဖြစ်တယ်။ ပိုပြီးကောင်းတဲ့ အနက်ဖွင့် ဆိုချက်ကတော့ "အာဏာဂုဏ်အဆင့် စသည်တို့ရရှိရန် ကြိုးကုပ်ဆောင်ရွက်ခြင်း၊ နိုင်ငံရေးတွင် ဘက်တစ်ဘက်လိုက် ခြင်း" ပါဝင်ခြင်းလို့ အနက်ဖွင့်ဆိုထားချက်ဖြစ်တယ်။

## POLITICAL ASYLUM

ဒါကတော့ နိုင်ငံရေးခိုလှုံခွင့်ပါပဲ။ ကိုယ့်နိုင်ငံနဲ့ အဆင်မပြေဖြစ်ရင် နိုင်ငံခြားတိုင်းပြည်ထဲ ခိုဝင်သွားပြီး ခိုလှုံခွင့် တောင်းခြင်းပါပဲ။

## POLITICAL CORRECTNESS

ဒါကိုတော့ နိုင်ငံရေးဆိုင်ရာ အသုံးအနှုန်းမှန်ကန်မှုလို့ ဆိုရင်မှန်မယ်။ ဥပမာ လူမည်းနီဂရိုးကို နှိပ်ကွပ်ခေါ် ဆိုရာရောက်လို့ အသားရောင်ရှိသူလို့ ဆိုတယ်။ လူနီရိုင်းတွေလို့ ခေါ်ခဲ့တဲ့ RED INDIAN တွေက စိတ်ကွက်ပြီး မဲမထည့်မှာစိုးလို့ ဒေသခံလူမျိုးစုလို့ နာမည်ပြောင်းခေါ်တာမျိုးတွေပေါ့။ အရက်သမားကို အရက်သမားလို့ခေါ်မိလို့ ဒေါပွသွားလို့ ယမကာလုလင်လို့ ခေါ်ရတာမျိုးပေါ့။ မဲဆွယ်ရာမှာ သိပ်အရေးပါတဲ့ ကိစ္စဖြစ်နေတယ်။

## POLITICAL ECONOMY

နိုင်ငံရေး ဘောဂဗေဒလို့ ထင်ရှားခဲ့တဲ့ ကိစ္စ။ အခုလည်းအရေးပါတယ်။ ဘာလို့ဆိုတော့ စီးပွားရေး အခြေအနေအရ အစိုးရရဲ့ ရပ်တည်မှုတွေနဲ့ ပတ်သက်နေတာကိုး။

## POLITICAL GEOGRAPHY

ဒီစကားလုံးကို GEO POLITICS အဖြစ် ပိုပြီးအသုံးများနေတယ်။ ပထဝီဝင်အနေအထားအရ နိုင်ငံရေး အရာပါမှုတွေနဲ့ပတ်သက်တယ်။ ဥပမာ ကျူးဘားနိုင်ငံက အမေရိကန်နိုင်ငံ ခဲတစ်ပစ်တပ်အကွာမှာ ကွန်မြူနစ်နိုင်ငံဖြစ်နေလို့ ရုရှားက တစ်နေ့ တစ်ဘီလီယံပေးပြီး တပည့်မွေးခဲ့တာမျိုး အကျိုးရှိနိုင်တဲ့ အနေအထားမျိုးပေါ့။

## POLITICAL PRISONER

နိုင်ငံရေး အကျဉ်းသားတွေကတော့ ဆိုဗီယက် နိုင်ငံတော်ကြီးကာလက ဆိုက်ဘေးရီးယားလို အရပ်ဒေသမှာ

အကျဉ်းချခံခဲ့ရတဲ့ လူမျိုးပေါ့။ တစ်ခါက ဟစ်တလာလို့ နောက် နလ်ဆင် မင်ဒလ်လာလို့ လူမျိုးတွေပေါ့။

**POLITICIAN**

သူကတော့ အထူးပြောစရာမလိုတဲ့ နိုင်ငံရေးသမားပေါ့။ ဒါပေမယ့် အထူးပြောတဲ့သူတွေက ပြောပါတယ်။ အင်ဂျင်နီယာဖြစ်ဖို့ ခြောက်နှစ်၊ ဆရာဝန်ဖြစ်ဖို့ ခြောက်နှစ် တက္ကသိုလ်တက်ရတယ်။ ပညာပြည့်ဝမှန်းသေချာမှ တံတားဆောက်ခွင့်၊ လူကုသခွင့် ရတယ်။ ဒါပေမယ့် နိုင်ငံရေးအကြောင်း တောက်တိုမယ်ရသိပြီး စကားအပြောကောင်းတာနဲ့ပဲ အဲဒီလူကို တိုင်းပြည်ပြုပြင်ဖို့ ခေါင်းဆောင်တင်တတ်ကြတာ အဲဒါက ဒီလူ တော်တာလား လူတွေရှော်တာလားလို့ သုံးသပ်တဲ့သူတွေ ရှိတယ်။

**POLL**

ပိုးလ်ကတော့ မဲပေးတာပဲ။ POLLING BOOTH ကတော့ မဲရုံ POLLING STATIION ကတော့ မဲထည့်ရာနေရာ အဖြစ် အသုံးပြုတဲ့နေရာ အဆောက်အဦဖြစ်တယ်။

**PRESSURE GROOP**

ပရက်ရှားဂရုဖ်ကို တိုက်ရိုက်ဘာသာပြန်ဆိုရရင် ဖိအားပေးအုပ်စုလို့ ဆိုရလိမ့်မယ်။ အစိုးရရဲ့ မူဝါဒတစ်ခုခုကို

သူတို့အလိုကျဖြစ်အောင် ဩဇာသုံး ဖိအားပေးတဲ့ အုပ်စုကို ဆိုတာဖြစ်တယ်။ အထူးသဖြင့် လွှတ်တော်အတွင်းက အုပ်စု ဖြစ်တယ်။

**PRIMARY ELECTION**

အကြိုရွေးကောက်ပွဲလို့ ဆိုရမယ်။ အဓိကရွေးကောက်ပွဲအတွက် အမတ်လောင်း သမ္မတလောင်းကို ရွေးချယ်တဲ့ပွဲဖြစ်တယ်။ အမေရိကန်နိုင်ငံရေးလောက ကိစ္စတစ်ရပ်ပါ။

**PRIVATE MEMBER**

ပရိုက်ဗစ်မန်ဘားကတော့ လွှတ်တော်ကိုယ်စားလှယ်ပဲ။ ဒါပေမယ့် အစိုးရအလုပ် လုပ်ကိုင်မနေတဲ့ ကိုယ်စားလှယ်မျိုးကို ဆိုလိုတာဖြစ်တယ်။

**PROLETARIAT**

ပိုလက်ထရိုက်ဆိုတာ အလုပ်သမား လူတန်းစားဖြစ်တယ်။ ဒါပေမယ့် အောက်တန်းစားလို့ နှိမ်ခေါ်တဲ့ အရိပ်လည်း ဒီစကားလုံးမှာရှိတယ်။

**PROPAGANDA**

ပရိုပိုဂန်ဒါကတော့ အများရင်းနှီးတဲ့ စကားလုံးပါပဲ။ ဝါဒဖြန့်ချိရေးပါပဲ။ ဘာတွေက ဝါဒဖြန့်ချိရေး၊ ဘာတွေက မဟုတ်ဘူးဆိုတာ လူတိုင်းလိုသိလို့ အထူးရှင်းပြမနေတော့ပါဘူး။

**PROTÉGÉ**

ပရိုတက်ဂ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဩဇာကြီးတဲ့သူ

တစ်ယောက်ယောက် အထူးမွေးထားတဲ့ တပည့်လို့ဆိုရမယ်။ ဒါမှမဟုတ် မြောက်ကိုရီးယားမှာလို ကင်ဟီဆွန်းက သူ့သားကို သူ့အရိုက်အရာဆက်ခံဖို့ မွေးတဲ့ဟာမျိုးကိုလည်း PROTÉGE ပဲ ခေါ်တယ်။

## PUBLIC-SPIRITED

ဒါကတော့ ပရဟိတစိတ်ရှိသူလို့ ဆိုရမှာဖြစ်တယ်။ ကိုယ်ကျိုးမပါ အများကောင်းစားရေးအတွက် လှုပ်ရှားဆောင်ရွက်မှုဖြစ်တယ်။ ဒါပေမယ့် ဘာသာရေးကုသိုလ်ကောင်းမှု လုပ်ပုံမျိုးမဟုတ်ဘူး။ လူမှုရေး ဒါမှမဟုတ် တိုင်းရာကြီးပေါ်ရေးနွှားကျောင်းပြီးလုပ်တဲ့ သူမျိုးကိုဆိုလိုတာဖြစ်တယ်။

## PUPPET STATE

PUPPET က ရုပ်သေးရုပ် PUPPET STATE ကတော့ ရုပ်သေးနိုင်ငံပါပဲ။ ဆိုဗီယက်ဩဇာကြီးတဲ့ ကာလက ချက်တို့ ယူဂိုစလပ်တို့ ဟန်ဂေရီတို့လို ကရင်မလင်က ကြိုးဆွဲတိုင်းလိုက်ကရတဲ့ နိုင်ငံမျိုးတွေကို ဆိုလိုတာဖြစ်တယ်။

## PUBLIC RELATION

ပတ်ဘလစ်ရီလေ့ရှင်းဆိုတာ ပြည်သူ့ဆက်ဆံရေးပဲ။ နိုင်ငံရေးဖြစ်စေ၊ စီးပွားရေးလူမှုရေး အဖွဲ့အစည်းဖြစ်စေ အဖွဲ့အစည်းတိုင်း မရှိမဖြစ် ရှိရတဲ့ဌာနတစ်ခုပဲ။ ပြည်သူ့ဆက်ဆံရေးအဖွဲ့က ပြည်သူနဲ့အဖွဲ့အစည်းကြား ဆက်ဆံရေးမှန်သမျှအဆင်ပြေချောမွတ်အောင် ဆောင်ရွက်ရတယ်။ အဲဒီ PUBLIC RELATION အဖွဲ့ညံ့ခဲ့လို့ ကိုယ့်လူရွေးကောက်ပွဲ မနိုင်ရတဲ့ အဖြစ်တွေရှိတယ်။

## POVERTY TRAP

ပရိုဗာတီထရက်ပ်ကတော့ လူမှုဖူလုံရေး အစီအစဉ်ရှိတဲ့ အမေရိကန်တို့ အင်္ဂလန်တို့ကို WELFARE STATE လူမှုဖူလုံရေးနိုင်ငံတွေနဲ့ ပတ်သက်တယ်။ အဲဒီမှာ အလုပ်လက်မဲ့ ဝင်ငွေမရှိသူကို အစိုးရထောက်ပံ့စရိတ် ပေးတယ်။ နောက် လစာနည်းဝန်ထမ်းကို ပံ့ပိုးပေးတာလည်းရှိတယ်။ ဒါပေမယ့် အဲဒီလူက ဝင်ငွေတိုးလာတာနဲ့အမျှ အဲဒီအခမဲ့ခံစားခွင့်တွေ လျော့လျော့သွားတယ်။ အဲဒါက POVERTY TRAP လို့ဆိုတယ်။

## POWWOW

ပိုးဝါးဆိုတာ အမေရိကန်ဒေသခံ တိုင်းရင်းသား လူနီတွေ လူမျိုးစုချင်း ဆွေးနွေးညှိနှိုင်းပွဲ ဒါမှမဟုတ် အစည်းအဝေးကို ခေါ်ဆိုတာဖြစ်တယ်။ အဲဒီစကားလုံးကိုပဲ တချို့စာနယ်ဇင်းသမားတွေက ခေတ်ပေါ်သတင်းရေးသားရာမှာ အသုံးပြုကြတယ်။ ဆိုလိုရင်းကတော့ အစည်းအဝေးထိုင်တယ်ပေါ့။ ဒါပေမယ့် ပိုးဝါးမှာ ဆွေးနွေးညှိနှိုင်းလို့မရရင် ထချမယ့် နောက်ဆက်တွဲအရိပ်ရှိတယ်။ ဒါ့ကြောင့် ဘယ်နိုင်ငံချင်း ဘယ်အဖွဲ့အစည်းချင်း POWWOW လုပ်တယ်ဆိုတာ သတိထားဖို့လိုတယ်။

## PUTSCH

ပတ်ချ်က တော်လှန်ပုန်ကန်ရန် ကြိုးစားခြင်း ဒါမှမဟုတ် တော်လှန်ရန်ကြိုးစားခြင်းလို့ အနက်အဓိပ္ပာယ်ရှိတယ်။ သမိုင်းမှာ အထင်ရှားဆုံး PUTSCH ကတော့ ၁၉၂၃-ခုနှစ် မြူးနစ်မြို့မှာ ဟစ်တလာတော်လှန်ပုန်ကန်ဖို့ ကြိုးစားမှုပဲ။ အဲဒါ

အတွက် သူထောင်ကျသွားပြီး ထောင်ကလွတ်တော့မှာ နာဇီပါတီကို ထူထောင်ခဲ့တယ်။

**PYPRHIC**

ပရိခ်က မတန်မတရာ ပေးဆပ်ပြီး ရယူရတဲ့ အောင်ပွဲကိုဆိုလိုတာဖြစ်တယ်။ ဥပမာ လူမည်းခေါင်းဆောင် မာတင်လူသာကင်း လုပ်ကြံသတ်ဖြတ်ခံရပြီးမှ လူမည်းတန်းတူအခွင့်အရေး တောင်းဆိုမှုပေါ် မျက်နှာဖြူတွေ ပျော့ပြောင်းလာတာမျိုးပေါ့။ ဒါမျိုးအဖြစ်ကို ဗီယက်နမ်နှင့် ကိုရီးယားနိုင်ငံတွေနဲ့ နိုင်ငံရေး၊ စစ်ရေးကိစ္စမှာလည်း အများကြီးတွေ့ရတယ်။

**PURGE**

ပက်ခ်ကပါတီတွင်း အာဏာပိုင်အဖွဲ့အစည်းအတွင်း ရှင်းလင်းမှုပဲ။ ကွန်မြူနစ်တွေရဲ့ လက်ထဲမှာကျတော့ ဒီ PURGE ဟာ ပြင်းထန်တယ်။

**PEOPLES' POWER**

ပီပါလ်ပါဝါကို ယေဘုယျဘာသာပြန်ရင်တော့ လူထုအင်အားလို့ ဆိုရမယ်။ ၂၀-ရာစုနှစ်နှောင်းပိုင်းကာလ တစ်

လျှောက်လုံးမှ လက်နက်ကိုင်အစိုးရတွေ လက်ထဲကနေ ပြည်သူတွေက လူထုအင်အားနှင့် အာဏာလုမှုကို ဆိုညွှန်းတဲ့စကားဖြစ်တယ်။ PEOPLE'S POWER ဆိုတဲ့ စကားလုံးဟာ ဖိလစ်ပိုင်မှာ စတင်ပေါ်ပေါက်ခဲ့တယ်။ သမ္မတ မာကို့စ်ဟာ သူ့ရဲ့ရဲတပ်ဖွဲ့ကို မကျေမနပ်ဖြစ်ပြီး စစ်တပ်နဲ့ပြန်ဖြိုခွင်းဖို့ ကြံတဲ့အချိန်မှာ ရဲချုပ်ဖြစ်တဲ့ ဖီဒယ်ရာမို့စ်က ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ကာဒီနယ်ဆင်းကနေ တစ်ဆင့် ပြည်သူတွေကို တပ်လှန့်လိုက်တော့ ပြည်သူလူထု ထောင်သိန်းကျော်က ရဲဌာနချုပ်ကို လူအင်အားနှင့် ဝိုင်းထားပြီးလာတဲ့ တင့်ကားတွေ စစ်သည်တွေကို ရင်ဆိုင်တော့ တပ်လည်းပြိုပြီး လူထုနဲ့ပေါင်းသွားတဲ့ ကိစ္စပဲ။

## QUAGMIRE

ကွက်မောရဲ့ အဓိပ္ပာယ်က အန္တရာယ်ကြီးမား မလှုပ်သာ မယှက်သာ အခြေအနေကို ရည်ညွှန်းတဲ့စကားဖြစ်တယ်။ ဒါ့ကြောင့် ဗီယက်နမ်စစ်ပွဲကာလမှာ အခု အီရတ်စစ်ပွဲကာလမှာ အမေရိကန်တပ်တွေ အမေရိကန်အစိုးရ ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် ဖြစ်နေတဲ့အနေမှာ ဒီ QUAGMIRE စကားကို အရမ်းကြားရတယ်။

## QUANGO

ကွမ်ဂိုဆိုတာကတော့ အစိုးရဖွဲ့စည်းထားတဲ့ ပြည်သူအုပ်ချုပ်ရေးမှ တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အစိုးရဖွဲ့စည်းထားတဲ့ NGO အဖွဲ့အစည်းလို့ ဆိုရမယ့် ဌာနမျိုးဖြစ်တယ်။

**RADICAL**

ရက်ဒီကဲလ်ကို ပြုပြင်ပြောင်းလဲရေးသမားလို့ ဘာသာပြန်ရမယ်ထင်တယ်။ အစဉ်အလာဟောင်းကို ပြုပြင်ပြောင်းလဲလိုတဲ့သူဖြစ်တယ်။ ဒါပေမယ့် တော်လှန်ရေးသမားလောက် မပြင်းထန်လှပါဘူး။

**RALLY**

ယေဘုယျပြောရရင်တော့ လူထုအစည်းအဝေးဖြစ်တယ်။ နိုင်ငံရေးကြောင့်ဖြစ်စေ၊ လူမှုရေးကြောင့်ဖြစ်စေ လူထုအုပ်စုကြီးဆုံစည်းပြီး လှုပ်ရှားဟောပြောမှုပြုတာကို ရည်ညွှန်းတယ်။

**REBELLION**

ရက်ဘီလီယွန်းကတော့ အာဏာပိုင် ဒါမှမဟုတ် အစိုးရကို လက်နက်ကိုင်တော်လှန်တိုက်ခိုက်ခြင်းကို ဆိုလိုတာဖြစ်တယ်။ သာမာန်ဖီဆန်တိုက်ခိုက်မှု၊ ပုန်ကန်ခြားနားမှုတွေထက် အများကြီးပြင်းထန်တယ်။

**RED**

ရက်ဒ်ကတော့ အနီရောင် ကွန်မြူနစ်တွေကို အရပ်စကားနဲ့ ရည်ညွှန်းလေ့ရှိတဲ့ စကားလုံးပဲ။ ဟိုရှေးဇာဘုရင်ခေတ်ကတည်းက ဇာဘုရင်ဘက်တော်သားတွေကို WHITE အဖြူတွေခေါ်ပြီး လီနင်တို့အုပ်စုကို RED အနီတွေလို့ ခေါ်လေ့ရှိခဲ့တယ်။ ဆိုရှယ်လစ်တွေကိုကျတော့ PINK လို့ခေါ်တာရှိတယ်။

**REFERENDUM**

ဒါကတော့ နိုင်ငံရေးကိစ္စတစ်ခုကို မဲဆန္ဒပေးခွင့်ရှိသူအားလုံး မဲပေးတဲ့ကိစ္စ၊ အရင် ဖွဲ့စည်းအုပ်ချုပ်တုန်းကလိုပေါ့။ ဆန္ဒမဲပေးပွဲ ဒါမှမဟုတ် ဆန္ဒခံယူပွဲဖြစ်တယ်။

**REFUGEE**

ရီဖြူဂျီကတော့ စစ်ကြောင့်ဖြစ်စေ၊ နှိပ်ကွပ်မှုကြောင့်ဖြစ်စေ၊ ပြည်ပကို ပြေးဝင်ခိုလှုံနေတဲ့ ဘေးဒုက္ခသည်တွေကို ဆိုလိုတာဖြစ်တယ်။ ဒီခေတ်ကာလမှာလောက် ကမ္ဘာတစ်ဝန်း ဘေးဒုက္ခသည်တွေ များပြားတာရှိမယ်မထင်ဘူး။

**REVOLUTION**

ရီဗောလူရှင်းကတော့ တိုင်းပြည်အစိုးရ ဒါမှမဟုတ် လူမှုရေး ထုံးတန်းစဉ်လာတစ်ခုလို အကြမ်းဖက် တွန်းလှန်ဖြိုဖျက်ပစ်တာကို REVOLUTION တော်လှန်ရေးလို့ခေါ်တယ်။ နှစ်ဆယ်ရာစုရဲ့ ဒုတိယပိုင်းမှာ ကမ္ဘာအနှံ့ကြုံခဲ့ရတဲ့ ကိစ္စတစ်ခုဖြစ်တယ်။

**RIOT**

RIOT ကတော့ အဓိကရုဏ်းပါပဲ။ လူအုပ်စု၊ လူစုလူဝေး ဥပဒေချိုးဖောက် ဆူပူသောင်းကျန်းမှုက အဓိကရုဏ်းပါပဲ။ အချို့နိုင်ငံတွေမှာ DEMOSTRATION ဆန္ဒပြမှုကို အရေးမယူနိုင်ပေမယ့် RIOT ဖြစ်သွားရင် အရေးယူနှိပ်ကွပ်နိုင်လို့ RIOT ဖြစ်အောင် လုပ်ပစ်တာရှိတယ်။

**ROUND TABLE**

စားပွဲဝိုင်းကတော့ တချို့နိုင်ငံရေးမှာ အမြင်ဘယ်လောက် နုပ်ကျတယ်ဆိုတဲ့ ပြယုဂ်တစ်ခုပါပဲ။ ရိုးရိုးစားပွဲရှည်နဲ့ စည်းဝေးရင် သူကစားပွဲထိပ်က ကိုယ်ကစားပွဲအောက်က ဖြစ်မှာစိုးလို့ အားလုံး ထိပ်ကချည်းပဲရောက်အောင် ROUND TABLE ဆွေးနွေးပွဲတွေ လုပ်ကြတာဖြစ်တယ်။

**REBEL**

ရက်ဖ်ဘဲလ်ကို ယေဘုယျအားဖြင့် သူပုန်လို့ပဲ ဘာသာပြန်တယ်။ ဒါပေမယ့် INSURGENT က လက်နက်ကိုင်တော်လှန်ပုန်ကန်သူ ဖြစ်ပေမယ့် REBEL ဟာ လက်နက်ကိုင်တော်လှန်ပုန်ကန်သူ ဖြစ်နိုင်သလို မိဘစကားနားမထောင် လူကြီးသူမစကား နားမထောင် ထော်လော်ကန့်လန့် လုပ်နေတဲ့ သူလည်းဖြစ်နိုင်တယ်။ ဒီသရုပ်ကို နာမည်ကြီးရုပ်ရှင်မင်းသား ဂျိမ်းစ်ဒင်းရဲ့ REBEL WITHOUT CAUSE ကြောင်းကျိုးမဲ့သူပုန် ဇာတ်ကားမှာတွေ့ရတယ်။ အဲဒီဇာတ်ကားမှာ ဂျိမ်းစ်ဒင်းက ဆိုးသွမ်းလူငယ်အဖြစ် သရုပ်ဆောင်ထားခဲ့တယ်။

**RUMOUR**

ရှူမားကတော့ လူတိုင်းရင်းနှီးတဲ့ ကောလဟာလပါပဲ။ ကောလဟာလကို မဟုတ်တမ်းတရား ယုန်ထင်ကြောင်ထင် ပြောကြားချက်လို့ ဆိုကြပေမယ့် တချို့အခါမှာ တချို့ကောလဟာလမှန်တဲ့ အဖြစ်တွေရှိတတ်တာကိုလည်း သဘောပေါက်ကြပါလိမ့်မယ်။ အထူးသဖြင့် ကောလဟာလဖြစ်အောင် သတင်း LEAKOUT ယိုစိမ့်မှုဖြစ်စေတဲ့ ခုခေတ်ကာလ မီဒီယာကို

ကစားတဲ့နေရာမှာ ကောလဟာလရဲ့ သဘာဝကို ပေါ့သေးသေး ထားတွက်လို့မရဘူးလို့ ဆိုရမယ်။

## SABOTAGE

SABOTAGE က စစ်တပ်သုံးစကား သီးသန့်ပေမယ့် တကယ်တမ်းကျတော့ နိုင်ငံရေးအရ တမင်တကာ နှောင့်ယှက်ဖျက်ဆီးခြင်း ဒါမှမဟုတ် ပျက်အောင်လုပ်ခြင်းကို ရည်ရွယ်တာဖြစ်တယ်။ နိုင်ငံရေးအရ နိုင်ငံရေးအကျိုး မျှော်ကိုးဖျက်ခြင်းဖြစ်တော့ တွေ့ဆုံဆွေးနွေးပွဲ တက်မယ်လုပ်ပြီးမှ မတက်တော့တာ ဆွေးနွေးပွဲပျက်အောင်လုပ်တာလည်း ပါဝင်တယ်။

## SAFE CONDUCT

ဖမ်းဆီးခြင်း၊ ဘေးအန္တရာယ်ပြုခြင်းမရှိ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းဖြစ်တယ်။ အန္တရာယ်နယ်မြေထဲကနေ ဘေးကင်းစွာ ဖြတ်သန်းသွားလာနိုင်အောင် ပို့ဆောင်ပေးတာလည်း SAFE CONDUCT မှာ ပါဝင်တယ်။

## SANCTUARY

ရှေ့မှာ ဖော်ပြခဲ့တဲ့ ဘေးဒုက္ခသည်တွေ ခိုလှုံရာစခန်းပါပဲ။ အဲဒါတင်မကဘူး။ သားငါးဘေးမဲ့တောကလည်း SANCTUARY ပါပဲ။

## SECEDE

နိုင်ငံရေး ဒါမှမဟုတ် ဘာသာရေး အဖွဲ့အစည်းများကနေ တရားဝင်နှုတ်ထွက်တာကို SECEDE လို့ခေါ်တယ်။ အမေရိကန်ပြည်တွင်း စစ်ကာလမှာ ပြည်မကနေ ပြည်နယ် ၁၃-ခု ခွဲထွက်သွားတာမျိုးကို SECEDE လို့ခေါ်တယ်။

**SEGREGATE**

လူမျိုးစုလေးတစ်စုကို အခြားလူစု အသိုက်အမြုံကနေ တစ်သီးတစ်သန့် ခွဲထုတ်ထားတာမျိုးကို SEGRE GATE လို့ခေါ်တယ်။ အသားမည်းတွေ၊ အသားဖြူတွေနဲ့ ရောနှောမနေရလို့ အရင်ကပြဿနာနိုးမှုတွေလိုပေါ့။

**SENATE**

ဆီနိတ်ကတော့ အမေရိကန်တို့ရဲ့ အထက်လွှတ်တော်ပြည်နယ်တစ်ခုကို အမတ်နှစ်ယောက်ကျ ကိုယ်စားပြုအမတ် ၁၀၀ ရှိတဲ့ အထက်လွှတ်တော်ဖြစ်တယ်။ SENATOR ကတော့ အဲဒီလွှတ်တော်အမတ်ပေါ့။

**SLOGAN**

ဆလိုဂန်ကတော့ နိုင်ငံရေးပါတီရဲ့ ဆောင်ပုဒ်ဟစ်ကြွေးစကားတဲ့။ တစ်နည်းပြောရရင် ပါတီရဲ့ မူဝါဒနဲ့ ရည်မှန်းချက်နှစ်ခုပေါင်းစပ်ပြီး လူ့အာရုံထဲ စွဲဝင်မယ့် စကားစုပါပဲ။

**SOCIALISM**

ဆိုရှယ်လစ်စနစ်ကတော့ မြန်မာပြည်သူတွေ နှစ်ပေါင်းအစိပ်ကျော် နဖူးတွေ့ ဒူးတွေ့ သိကြုံခံစားခဲ့ရတဲ့ ဝါဒဖြစ်တဲ့အတွက် အထူးပြောစရာလိုမယ်လို့ မထင်ပါဘူး။

**STALEMATE**

စတေးလ်မတ်ကတော့ လိပ်ခဲတည်းလည်းအနေနဲ့၊ တစ်ဘက်ကလည်း အလျှော့မပေး၊ ကိုယ်ကလည်း အလျှော့မပေးဆိုတော့ ရှေ့မတိုးနိုင် ဖြစ်နေတဲ့ကိစ္စပါပဲ။

**LIE IN STATE**

တိုင်းပြည်ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးတွေ ရှာပနအတွက် ပြည်သူတွေ ဂါရဝပြုဖို့ အလောင်းကို စီစဉ်ချပေး ထားတာကို LIE IN STATE လို့ခေါ်တယ်။ ဒီလိုကိစ္စမျိုးကတော့ နိုင်ငံရေး တိုင်းမှာ ကြုံခဲ့ရှိခဲ့တာပါပဲ။ မြန်မာပြည်ဆိုရင် ဗိုလ်ချုပ် အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေ ကိစ္စပေါ့။ အဲဒါ LIE IN STATE ပဲ။

**STATESMAN**

STATESMAN ကတော့ နိုင်ငံရေးသမားပါပဲ။ ဒါပေမယ့် နိုင်ငံရေးသမားတောင် ကြည့်မရတဲ့ နိုင်ငံရေးသမားနဲ့ ကွာခြား ချက်ကတော့ ဂုဏ်သရေရှိ စွမ်းရည်ထက်မြက်တဲ့ နိုင်ငံရေး သမား ဒါမှမဟုတ် သံတမန်ကို STATESMAN လို့ သတ်မှတ် တယ်။ ယေဘုယျပြောရရင် နိုင်ငံရေးသုခမိန်ပဲ။

**STRATEGY**

စထရက်တာဂျီကတော့ ဗျူဟာပဲ။ စစ်အသုံးအနှုန်း ဖြစ်ပေမယ့် လုပ်ငန်းတိုင်း ဗျူဟာရှိရသလို နိုင်ငံရေးမှာလည်း ရေရှည်အစီအစဉ် ဒါမှမဟုတ် မူဝါဒချမှတ်မှုရှိရမယ်။

**SUMMIT**

ဆမ်မစ်ကို ထိပ်သီးဆွေးနွေးပွဲလို့ ဘာသာပြန်လေ့ ရှိကြတယ်။ အပြည့်အစုံက SUMMIT CONFERENCE ဒါမှမဟုတ် SUMMIT MEETING ဖြစ်တယ်။ နိုင်ငံရဲ့အကြီးဆုံး ပုဂ္ဂိုလ်ချင်း တွေ့ဆုံဆွေးနွေးပွဲဖြစ်တယ်။

**SUPERPOWER**

စူပါးပါဝါကတော့ အင်အားကြီးနိုင်ငံပေါ့။ လတ်တလော အမေရိကန်နိုင်ငံ တစ်နိုင်ငံပဲ အင်အားကြီးနိုင်ငံ ဖြစ်နေတော့ အင်အားကြီးတဲ့သူကို လက်စမ်းချင်တဲ့သူတွေလိုပဲ သူ့ကိုစိန်ခေါ်တဲ့သူတွေ များပါတယ်။

**SMART POWER**

စမတ်ပါဝါကို အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန် ဟာ သူ့အင်အား Solf power မဖြစ်အောင် ခပ်ပျော့ပျော့ မဖြစ်စေသင့်တဲ့အကြောင်းနဲ့ အခြေအနေထားကိုကြည့်ပြီး လုပ်ရကြောင်းကို ရည်ညွှန်းတာလို့ဆိုတယ်။ တကယ်တမ်း ပြောရရင် ကြောင်ကို ရေချိုးအတတ်ဆန်းထွင် စကားဆန်း ထွင်ချက် သက်သက်ပါ၊ ဟိုအတိတ်ကာလကတည်းက ဒီစကားရဲ့ အနက်အဓိပ္ပာယ်ရှိပြီးသား ပရိယာယ်ကြွယ်ဝစွာ လိမ္မာပါးနပ်စွာ လုပ်ကိုင်ဆောင်ရွက်ရေးပါပဲ။

**SPOKESPERSON**

စပိုခ်ပါဆွန်ဆိုတာ ပြောရေးဆိုခွင့် ရှိသူဖြစ်တယ်။ အရင်ကတော့ SPOKESMAN လို့သုံးတယ်။ SPOKESWOMAN လို့သုံးတယ်။ နောက်တော့ အမျိုးသား အမျိုးသမီးတွေ ရှုပ်မနေ ရအောင် SPOKESPERSON လို့ပဲ သုံးလာတယ်။ အဖွဲ့အစည်း တွေ နိုင်ငံခေါင်းဆောင်တွေရဲ့ကိုယ်စား ပြောရဆိုရတာက SPOKESPERSON ပါပဲ။

## TERRORIST

တယ်ရိုရစ်ကတော့ နိုင်ငံရေးအကျိုးအမြတ် မျှော်ရည်ပြီး အကြမ်းဖက်မှု ကျူးလွန်တဲ့သူပဲ။ ဒီပုဂ္ဂိုလ်တွေကလည်း သတင်းစာတီဗွီတွေ ရုပ်ရှင်တွေမှာ ထင်ရှားနေတဲ့ လူစားတွေဖြစ်နေလို့ အထူးပြောစရာလိုမယ် မထင်ပါဘူး။

## TRIUMVIRATE

TRIUMVIRATE ကတော့ သုံးဦးအုပ်ချုပ်ရေးအဖွဲ့ပဲ။ စစ်တပ်ရယ်၊ နိုင်ငံရေးသမားရယ်၊ စီးပွားရေးသမားရယ် ဖွဲ့စည်းထားတဲ့ အစိုးရပဲ။ အေသင်နိုင်ငံကို ပရီကလီ ဦးဆောင်တဲ့ ဒီလို သုံးဦးအဖွဲ့က အုပ်ချုပ်ခဲ့သလို ရောမကိုလည်း ဆီဇာဘုရင်ဦးဆောင်တဲ့ သုံးဦးအဖွဲ့ အုပ်စိုးခဲ့တာပဲ။ ယေဘုယျပြောရရင် နိုင်ငံတိုင်း ဒီလိုသုံးဖလှယ်အုပ်ချုပ်မှု ရှိရတာပဲ။

## VOTE

ဗိုဆိုတာကတော့ မဲပေးခြင်းဖြစ်တယ်။ ဆန္ဒမဲပြားနဲ့ဖြစ်စေ၊ လက်မြှောက်ပြလို့ဖြစ်စေ၊ ကိုယ့်သဘောတူတယ်လို့ ပြဆိုတာကတော့ VOTE လုပ်တာပဲ။

## VIP

V.I.P က VERY IMPORTANT PERSON အလွန်အရေးပါတဲ့သူဖြစ်တယ်။ တကယ့် အဓိပတိပုဂ္ဂိုလ်ကြီးတွေကို ရည်ညွှန်းတဲ့စကားလုံးဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေးလှုပြောင်တွေက V.I.P VERY IGNORENT PERSON အသိဉာဏ် လွန်စွာကင်းမဲ့သူလို့ အစားထိုးပြက်ရယ် ပြုခဲ့ကြတော့ VIP ဆိုတဲ့ စကားသုံးမယ်ဆိုရင် သတိထားပေါ့။

**XENOPHOBIA**

လောကကြီးမှာ PHOBIA အကြောက်ရောဂါ နှစ်ရာကျော်ရှိတယ်လို့ ပညာရှင်တွေကဆိုတယ်။ XENOPHOBIA ကတော့ နိုင်ငံခြားသားကြောက်တဲ့ ရောဂါပဲ။ နိုင်ငံတိုင်း နိုင်ငံတိုင်း တစ်ချိန်မဟုတ်တစ်ချိန် တစ်ကြိမ်မဟုတ်တစ်ကြိမ် ဒီလို နိုင်ငံခြားကြောက်ရောဂါရှိခဲ့ကြတယ်လို့ပဲ ဆိုကြတယ်။

*

# နံရံမှာ ငါရေးထွင်း

ဘချမ်းပြာယက်လှ

---

*I carve on wall*

translated by

**AUNG HTAPE**

Di 2010

သခင်ဘသောင်း

# လောကနိဗ္ဗာန်

ဒေါက်စတိုယိတ်စကီနှင့်
တော်စတွိုင်းတို့သည်ဇာဘုရင်တို့၏ရုရှပြည်ကိုပတ်ဝန်းကျင်ပြု၍
သူတို့၏ကမ္ဘာကျော်ဝတ္ထုကြီးများကိုရေးကြသည့်နည်းတူ
အိဂေါ်ဂူဇိန်ကိုသည်လည်း

သူ့ခေတ် ကွန်မြူနစ်ရုရှပြည်ကိုပတ်ဝန်းကျင်ပြု၍

## ပညာရှိကြီးတစ်ဦး ကျဆုံးရပုံ

အမည်ရှိသော ကမ္ဘာကျော်ဝတ္ထုရှည်ကြီးကိုရေးသည်။

## ဤဝတ္ထုကြီးသည် ရုရှပြည်၌ လောကနိဗ္ဗာန်

တည်ဆောက်ခြင်း၏အကြောင်းရင်းကို
ကိုယ်တွေ့မျက်မြင် စာမင်ခြယ်၍ပြအပ်သော ကိုယ်တွေ့
စာပန်းချီကားကြီးပင်ဖြစ်သည်။

**ကျော်မွေးစာအုပ် ၅၉**

ယေဘုယျအားဖြင့် ဒီမိုကရေစီကို
လူထုအုပ်ချုပ်သော အစိုးရ
တစ်နည်း ကိုယ်စားလှယ်တွေ ရွေးကောက်တင်မြှောက်ပြီး
အုပ်ချုပ်တဲ့အစိုးရနိုင်ငံဖြစ်တယ်လို့ ဆိုရမယ်။
ဒီမိုကရေစီဆိုတဲ့ စကားလုံးဟာ
ဓါမစကားက ဆင်းသက်လာတာဖြစ်ပြီး
လူထုအတွက် လူထုအစိုးရလို့ဆိုတယ်။
ဓါမမြို့ပြနိုင်ငံတွေမှာတော့ ဒီမိုကရေစီစနစ်နှင့်
အုပ်ချုပ်ရတာ အထိုက်အလျောက် လွယ်ကူခဲ့တယ်။
ဒီမိုကရေစီနှင့် ဆက်စပ် နေတဲ့အရာကတော့
လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊
နိုင်ငံရေးအဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်ခွင့်နှင့်
တရားဥပဒေ စိုးမိုးရေးပါပဲ။

E4E1
ENGLISH FOR EVERYONE

GRAPHIC DESIGN
PU PU (NICE COMPUTER)
2010